ရှေ့ခေတ်မှ
လွမ်းစရာလေးများ

စီစစ်တည်းဖြတ်မှု

ဟဇရသ် မော်လာနာ ကာရီ မုဖ်သီ မုဟမ္မဒ် အိလ်ယားစ် (အဇီဇီ၊ မဟ်မူဒီ)

ဂျာမေ့အဟ် အတ်စ်မားအ် အလ် အစ္စလာမီယာ ကျောင်းအုပ်ဆရာကြီး



စီစဉ်တင်ပြမှု

ချမ်းမြေ့ကြည်သာ (သာစည်)

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

ရွှေခေတ်မှ
လွမ်းစရာလေးများ

စီစဉ်တည်းဖြတ်မှု

မော်လဝီ ဟာဖိဇ် မိုဟာမ္မဒ် အိလ်ယားစ်

(အရှ်ရဖီ၊ အဇီဇီ)

စီစဉ်တင်ပြမှု

ချမ်းမြေ့ကြည်သာ (သာစည်)

ဆက်တွဲ၍ ဖတ်ပါရန်

ချစ်နဗီ၏ အမည်ကို ဖတ်လေတိုင်း

ﷺ **(စွလောလ္လာဟို့ အလိုင်းဟေ့ ဝစလ္လာမ်)**

စွဟာဗာဟ်၏ အမည်ကို ဖတ်လေတိုင်း

رَضِيَ اللَّهُ عَنْهُ **(ရသွေယောလ္လာဟို့ အန်းန်ဟို့)**

စွဟာဗီယာဟ်၏ အမည်ကို ဖတ်လေတိုင်း

رَضِيَ اللَّهُ عَنْهَا **(ရသွေယောလ္လာဟို့အန်းန်ဟာ)**

ဟု ဆက်တွဲ၍ ဖတ်ပါရန် ပန်ကြားအပ်ပါသည်။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

နှလုံးသားရှိသော သူတိုင်းတွင်
ခံစားချက်တို့သည် ရှိလေ၏။ ထိုခံစားချက်တို့မှပင်
'အလွမ်း'ဟူသည် ပေါက်ဖွားလာခဲ့ရလေသည်။
လွမ်းတတ်သော လူသားတိုင်းအတွက်
ဤ **လွမ်းစရာလေးများ** စာစဉ်ကို ရေးသား ပြုစုတင်ဆက်
လိုက်ရပေသည်။

အို-စာရှူသူ ...
သင်လွမ်းတတ်လျှင် ဤစာစဉ်အား
လမ်းမှန်ရွေး၍ တတ်သိစေရာ

အလွမ်းပြေလေးဖတ်ကြည့်ပါ။

စေတနာမွန်ဖြင့်
ချမ်းမြေ့မြကြည်သာ(သာစည်)

စာရေးသူအကြောင်း တစ္ဆေတစောင်း

"သက်ရှိတိုင်းသည် သေခြင်းတရား၏ အရသာကို မြည်းစမ်းကြရမည်"ဟူသည့် ကုရ်အာန်ဥပဒေအရ လူသားတိုင်းသည် သေခြင်းတရားအား စောင့်မျှော်နေသူများသာဖြစ်သည်။ သေနေ့စေ့သွားလျှင်လည်း မည်သည့် ဆေးဝါးမှ ကာကွယ်နိုင်မည် မဟုတ်ပေ။

ကွယ်လွန်သူများအနက် အချို့သည် ရှင်သန်လျက် ကျန်ရစ်သူများအဖို့ နမူနာကောင်းများ ထားရစ်ခဲ့ကြသည်။ ယင်းတို့အနက် အမျိုးသမီးများအဖို့ စံနမူနာကောင်း တစ်ယောက်အဖြစ် ရပ်တည်သွားခဲ့သော ကြယ်တစ်ပွင့်သည် မကြာခင်ကပင် ကြွေလွင့်သွားခဲ့ပေသည်။ ၎င်းကြယ်ပွင့်၏ အမည်မှာ ဒေါ်အတ်စ်မာဘီ (ခ) ဒေါ်မာမာဝင်း ဖြစ်သည်။ ကလောင်အမည်မှာ **ချမ်းမြေ့ကြည်သာ(သာစည်)** ဖြစ်သည်။

ဖခင်၏ အမည်မှာ ဂါတ်ဗိုလ်ကြီး ဦးရှရီဖွလွာဟ် (ခ) ဦးသန်းမြင့် ဖြစ်ပြီး၊ မိခင်၏အမည်မှာ ဒေါ်ခတီဂျာ(ခ)ဒေါ်တင်ရွှေ ဖြစ်သည်။

(၁၉၅၁)ခုနှစ်တွင် ကန့်ဘလူမြို့၌ မီးရှူးသန့်စင် ဖွားမြင်ခဲ့သည်။ ယင်း ကန့်ဘလူမြို့၌ပင် အခြေခံပညာ မူလတန်းအဆင့်အား တက်ရောက် အောင်မြင်ခဲ့သည်။

ထို့နောက် သာစည်မြို့နယ် ဇီးပင်ပေါက်ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သာစည်မြို့နယ်တွင် အလယ်တန်းနှင့် အထက်တန်း (၉)တန်းထိ အောင်မြင်ခဲ့သည်။

အသက်(၂၀) အရွယ်တွင် ဦးဟဘီဘွလ္လာဟ် (ခ) ဦးကြည်ရွှင်နှင့် လက်ဆက်ခဲ့သည်။

စာပေဝါသနာ အလွန်ကြီးသူမဖြစ်သည်။ ကိုယ်တိုင်လည်း ဆောင်းပါးများ၊ ဝတ္ထုများ၊ ကဗျာများ ရေးသားခဲ့သည်။ အခြားသူများ၏ စာပေများကို လည်းအထူးတလည် လေ့လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်တွင် သဗ်လီးဂ်ပေါင်းချုပ်ကျမ်းအား စတင် လေ့လာပြီး ဟဇရသ်ကြီး မော်လာနာ အေ့လ်ယားစ် رَحِمَهُ اللَّهُ သခင် နှင့် ၎င်း၏ကြိုးပမ်းမှုအား အလွန်ပင်နှစ်သက်သွားခဲ့သည်။ မိမိ၏ သားကြီးကိုလည်း အေ့လ်ယားစ်ဟု အမည်ပေးခဲ့သည်။ ထိုအချိန်မှစ၍ မိမိကိုယ်တိုင်လည်း နမားဇ်(၅)ကြိမ်ကို ဂရုတစိုက် ဝတ်ပြုခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်း သဂျီဝီးဒ်နှင့်အညီ ဖတ်ရွတ်နိုင်ရန် ဦးလေးဖြစ်သူ အလ်ဟားဂျ် ကာရီ မိုဟမ္မဒ်ဟစ် ထံတွင် ဆည်းပူးသင်ယူခဲ့သည်။ အခြားသော အစွလာမ့်တရား တော်မြတ်ဆိုင်ရာ စာပေများ၊ ဖေကဟ်ကျမ်းများကိုလည်း မိမိမြို့နယ်ရှိ အာလင်မ် များ၏ ညွှန်ကြားချက်ဖြင့် လေ့လာခဲ့သည်။ အထူးသဖြင့် ဘဟေးရှ်သီဇေဝရ်ကျမ်း၊ (၃၅)ခန်းကျမ်းတို့အား နှိုက်နှိုက်ချွတ်ချွတ် လေ့လာခဲ့သည်။ အိမ်တွင်းသအ်လီးမ်အဖြစ် “သဗ်လီးဂ်ပေါင်းချုပ်ကျမ်း”ကိုလည်း ဂရုတစိုက် ဖတ်ကြားခဲ့သည်။

အသက်(၂၅၊၂၆)နှစ်ဝန်းကျင်မှစ၍ အမျိုးသမီးတို့အား သာသနာရေး ဆိုင်ရာသင်ကြားခြင်းကို မိမိ၏ယောကျ်ဖထီးဖြစ်သူ အလ်ဟားဂျ်

ဖခ်ရွဒ္ဒိုးန်နှင့် အချို့သော အာလင်မ်သာသနာ့ပညာရှင်များ၏ ညွှန်ကြားချက်ဖြင့် စတင်ခဲ့သည်။ နေရာတိုင်းအတွက် ရက်များသတ်မှတ်ကာ နေပူမိုးရွာမရှောင် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။ စနေနေ့နှင့် ဗုဒ္ဓဟူးနေ့အား (သာစည်မြို့ အတွက်)၊ တနင်္ဂနွေနေ့အား (ရွာမွန်သာကျေးရွာအတွက်)၊ တနင်္လာနေ့နှင့် ကြာသပတေးနေ့အား (ဇီးပင်ပေါက်ကျေးရွာအတွက်)၊ သောကြာနေ့နှင့် အင်္ဂါနေ့အား (မိတ္ထီလာမြို့အတွက်) အသီးသီး သတ်မှတ်ခဲ့သည်။ အခြားသောမြို့ရွာများမှ တောင်းဆိုမှုများ ရှိလျှင်လည်း အလျဉ်းသင့်သည့်အတိုင်း ရှရီအသ်နှင့်အညီ လက်ခံသွားရောက်ခဲ့သည်။ ဥပမာ (ပျော်ဘွယ်၊ ရမည်းသင်း၊ ရန်ကုန်၊ သဲတော) အစရှိသည်ဖြင့်၊ နောက်ပိုင်းတွင် တောင်းဆိုမှုများ များပြားလာသောကြောင့် မိမိ၏ မိတ်ဆွေရင်း ဆရာမဒေါ်ချိုမနှင့် မိမိ၏သမီးဖြစ်သူ မဟ်မူဒါဘီ (ခ)ခင်မူမူအေး (**B.S.c, Phys**)တို့နှင့် လက်တွဲခဲ့သည်။

ဖော်ပြပါ အမျိုးသမီးသအ်လီးမ် အစီအစဉ်များတွင် ပြုလုပ်သည့် လုပ်ငန်းစဉ်များမှာ ...

(၁) ဖဇာအ့ေလ့- အအ်မားလ် ဖတ်ခြင်း။

(၂) အရည်အချင်း (၆)ရပ်မိုဇာကရဟ်။

(၃)နမားဇ်ဖတ်နည်းလက်တွေ့နှင့် စူရဟ်(၁၀)ပုဒ်အား သေချာကျနစွာနားထောင်ခြင်း။

(၄) အချို့သော သာသနာဆိုင်ရာ သုတများဖလှယ်ခြင်း၊ သေသူအား ရေချိုးနည်းများ၊ မသန့်ဖြစ်ပြီးချိန် ရေချိုးနည်းများကို လက်တွေ့သင်ကြားပေးခြင်း၊ စွန့်သည်တော်များကို သင်ကြားပေးခြင်း။

(၅) ဒိုအာဖြင့် နိဂုံးချုပ်ခြင်းတို့ဖြစ်သည်။

ကြိုးပမ်းမှုနှင့်အတူ အရှင်မြတ်ချီးမြှင့်ထားသည့် ကလောင်စွမ်းဖြင့် အမျိုးသမီးများ အကျိုးရှိစေရန် အစွမ်းသတ္တိဆိုင်ရာ နံရံကပ်စာစောင်များ၊ လက်ကမ်းစာစောင်များ၊ စာအုပ်များလည်း ပြုစုခဲ့ပေသည်။ ကွယ်လွန်ချိန်အထိ ရိုက်နှိပ်ထုတ်ဝေပြီးသော စာအုပ်အရည်အတွက်မှာ (၂၀) ခန့်ရှိပြီး စာမူကြမ်း အဖြစ် အုပ်(၂၀) ခန့် ကျန်ရစ်ခဲ့သည်။

ရိုက်နှိပ်ထုတ်ဝေပြီးသည့် အချို့သော စာအုပ်များမှာ....

(၁) ရွှေခေတ်မှ လွမ်းစရာလေးများ

(၂) အမြတ်ဆုံး ရစူလ်နှင့် အမြတ်ဆုံး အွမ္မသ်

(၃) သင်၏ ဇနီးကို ပြောပြပါ

(၄) သင်၏ ဇနီးကို ကြင်နာပါ

(၅) သောကတော်များ

(၆) လမြတ်ငါးခု နှင့် သာသနာ့မှတ်စုများ

(၇) ဒုက္ခ၏ ကောင်းခြင်းများ

(၈) အလှစွမ်းရည်

(၉) နှစ်လွှာပေါင်းသော တစ်ရွက်

(၁၀) အချစ်ဆုံး ချစ်သူ (**The Dearest Lover**)

(၁၁) ချစ်စံနမူ

(၁၂)ဒရူးဒ်ရှရီးဖ် ၏ အကျိုးကျေးဇူးများ

(၁၃) ဂုဏ်တော် စွမ်းရည်

(၁၄) ဇိကရ် တော်များ

(၁၅) မိခင်မွန် ဖခင်မွန်တို့နှင့် စပ်လျဉ်းသည့် ဩဝါဒတော်များ

ထိုနည်းတူစွာပင် (**M.P.F(Muslim Pen Friends**) အဖွဲ့တွင်လည်း အဖွဲ့ဝင်တစ်ဦးအနေဖြင့် ဆောင်းပါးများ၊ ကဗျာများ ရေးသားခဲ့သည်။

မကွယ်လွန်မီ တနှစ်အလျင် မိမိ၏အိမ်တွင်လည်း အစ္စလာမ့် ရင်သွေးငယ်များအတွက် မိမိကိုယ်တိုင် သင်ရိုးများရေးဆွဲကာ မူကြို တစ်ခု ဦးစီးဖွင့်လှစ်ခဲ့သည်။

အချို့သောမွတ်စ်လင်မ် အမျိုးသမီးများနှင့်လည်း စာအဆက်သွယ်ဖြင့် နှလုံးသားပြုပြင်ရေးကဏ္ဍကို ကျိုးပမ်းခဲ့သည်။ အခြားသော အယူကွဲပြား ညီအစ်မများအတွက်လည်း လူသားအကျိုးပြုခြင်းနှင့် သက်ဆိုင်သည့် ဆောင်းပါးများကို (ချမ်းမြေ့မေ)အမည်ဖြင့် ရေးသားခဲ့သည်။

စွန့်သတ်တော်များကိုလည်း အထူးတလည် ဂရုစိုက်ခဲ့သည်။ အေရှာနမားဇ်ကိုလည်း ညဉ့်ဦးယံမှ ထ၍ ဖတ်လေ့ရှိခဲ့သည်။ သဟ်ဂျဒ် နမားဇ်၊ သီးန် သတ်စ်ဗီးဟ်နှင့် အခြားသော နဖိလ်နမားဇ်များအား စွဲစွဲမြဲမြဲ ပြုမူဆောင်ရွက်ခဲ့သည်။ အရာရာတိုင်းအား နည်းလင့်ကစား

စွဲစွဲမြဲမြဲလုပ်ခြင်းဟူသော ဟဒီးဆ်တော်မြတ်အား ဦးထိပ်ပန်ဆင်ခဲ့သည်။

မိမိအား အရှင်သခင် ချီးမြှင့်ထားသည့် စွမ်းရည်စွမ်းပကား အလှတရားများဖြင့် တတ်စွမ်းနိုင်သရွေ့ ပတ်ဝန်းကျင်အား အလှဆင်အလင်းပေးခဲ့သည့် ကြယ်ပွင့်သည် (၂-၂-၂၀၁၃)၊ စနေနေ့၊ (၁၁း၅)မိနစ်၊ သက်တော်(၆၃) နှစ်အရွယ်တွင် ကြွေလွင့်ပြီး အရှင့်ထံ ပြန်သွားခဲ့သည်။

သာစည်မြို့နယ် ဇီးပင်ပေါက်ကျေးရွာရှိ ကဗရ်စတန်တွင် (၃-၂-၂၀၁၃)တနင်္ဂနွေနေ့ ရဗီအွလ်အောက်ဝံဝက်လ် (၂၁)ရက်နေ့ အစွရ် နမားဇ်အပြီးတွင် သင်္ဂြိုလ်ခံခဲ့ရသည်။

ချစ်နဗီ၏ စွန့်သင်တော်များအား လွန်စွာ အလေးထားခဲ့သော သူမကို အရှင်မြတ်သည်လည်း သူမ၏ကွယ်လွန်သည့်လနှင့် အသက်အား ချစ်နဗီနှင့် တစ်ထပ်တည်း ဖြစ်ခွင့်ပေးခဲ့သည်။

အရှင်မြတ်သည် ကွယ်လွန်သွားသော ကြယ်ပွင့်နှင့် မွတ်စ်လင်မ် အရ်ဝါဟ်အပေါင်းအား စခန်းတိုင်းတွင် အောင်မြင်စွာဖြတ်သန်းနိုင်ပြီး ဂျန္နသွလ်ဖစ်ရ်ဒေါင်ဝစ်တွင် စံမြန်းခွင့် ပေးသနားတော်မူပါစေ။ **အာမီးန်**

ချမ်းမြေ့ကြည်သာ - သာစည် ﷺ ၏ သားငယ်

မိုဟမ္မဒ် အာစွင်းမ် နဒ်ဝီ၊ အဗွလ်ဟစနီ၊ မဇ္ဇာဟေ့ရီ

بسم الله الرحمن الرحيم

ဟဇရသ် မော်လာနာ ကာရီ မုဖ်သီ မုဟမ္မဒ် အိလ်ယားစ် (အဇီဇီ၊ မဟ်မူဒီ)

ဂျာမေ့အဟ် အတ်စ်မားအ် အလ် အစ္စလာမီယာ ကျောင်းအုပ်ဆရာကြီး

၏ ရင်တွင်းစကား

စာရှူသူလက်ဝယ်ရှိ “**ရွှေခေတ်မှလွမ်းစရာလေးများ**” စာအုပ်ငယ်သည် ဆယ်စုနှစ်(၂)ခုအလျင်က ကျေးဇူးရှင်မိခင်မွန် **(ချမ်းမြေ့ကြည့်သာ - သာစည်)**ﷺရေးသားပြုစုခဲ့သော စာအုပ်ဖြစ်ပါသည်။ ဆွဟာဗာ သာဝကကြီးတို့၏ ရွှေခေတ်မှ လွမ်းဆွတ်တမ်းတဖွယ်ရာများ၊ အမှတ်တရများကို စိတ်ဝင်စားဖွယ်အသွင်ဖြင့် ထုဆစ်ပုံဖော်ထားပါသည်။

ထိုစဉ်အခါကတည်းက ကျွန်ုပ်သည် ဤစာအုပ်ငယ်ကို မိခင်ကြီး၏ ဆန္ဒအလျောက် ကြည့်ရှုပေးခဲ့ပါသည်။ စာအုပ်ပါ အကြောင်းအရာတိုင်း၏နောက်တွင် ကျမ်းကိုး၊ ကျမ်းကားများ ဖော်ပြမထားသော်လည်း မူရင်းကျမ်းတစ်ခု ခုမှ ကောက်နှုတ်တင်ပြထားသည်ကို တွေ့ရပါသည်။ အချို့သောအကြောင်းအရာများနှင့်ပတ်သက်၍ ဆက်လက် သုတေသနပြုလိုစိတ်ရှိနေသောကြောင့် စာအုပ်ကို တတိယအကြိမ် ထုတ်ဝေပြီးသည့်အချိန်မှစ၍ ဆက်လက် ရိုက်နှိပ်ခြင်းမပြုဘဲ ထားခဲ့ပါသည်။

သို့သော် မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်မြို့ရှိ معهد إحسان الإسلامي ၏တာဝန်ခံ၊ ဟဇရသ် မော်လာနာ မုဟမ္မဒ် ဗင်န် အိဗ်ရာဟီးမ် အလ်ကောင်ဆရီနှင့် ဆရာများမှ ဤစာအုပ်ကို မိမိတို့စင်တာတွင်

ပညာသင်ယူနေသော သမီးငယ်လေးများအတွက် လေ့လာစာအုပ် အဖြစ် ပြဋ္ဌာန်းလိုပါသောကြောင့် ရိုက်နှိပ်ပေးပါရန် ကျွန်ုပ်၏ညီငယ် မုဖ်သီ မုဟမ္မဒ် အာစွင်းမ် (နဒ်ဝီ၊ အဗွလ်ဟစနီ၊ မဒွာဟ့ရီ)မှတဆင့် တောင်းဆိုလာခဲ့ပါသည်။

ညီငယ်အနေဖြင့် မိမိ၏မိတ်ဆွေတစ်ဦးဖြစ်သူ مكتبة الحرمين တာဝန်ခံ ဟဇရသ် မော်လာနာ မုဖ်သီ အဗ်ဒုလ်ဂနီ (နဒ်ဝီ၊ မဒွာဟ့ရီ) အား ဤစာအုပ်ကို အရေအတွက် အနည်းငယ် ရိုက်နှိပ်ပေးရန် တောင်းဆိုခဲ့ပါသည်။

မျော်လင့်မထားသော အရှင့်မြတ်ဘက်တော်မှ အကူအညီ တစ်ခုအနေဖြင့် အထက်ပါ မုဖ်သီ အဗ်ဒုလ်ဂနီဆပ် မှ “ဤစာအုပ်ကို လက်ရှိအနေအထားဖြင့် ရိုက်နှိပ်ခြင်းထက် ယူနီကုတ်ဖြင့် ပြန်လည် ရိုက်နှိပ်ပြီး မြန်မာမွတ်စ်လင်မ် အမျိုးသမီးထုအတွက် လက်ဆောင် ပေးအပ်ထိုက်သည့် စာအုပ်ဖြစ်ပါသည်။” ဟု ဆိုကာ အစမှအဆုံးထိကို တစ်ရက်တည်းဖြင့် ကိုယ်တိုင် စာစီပေးခဲ့ပါသည်။ အရှင်မြတ် မုဖ်သီဆပ် အား ကောင်းသောအစားများ နှစ်ဘဝနှစ်ဌာလုံးတွင် ချီးမြှင့်ပေးသနား တော်မူပါစေ။

ဤသို့ဖြင့် အသွင်သစ်၊ အမြင်သစ်ဖြင့် ဤအကြိမ်တွင် ရိုက်နှိပ် ဖြစ်သွားခဲ့ပါသည်။ အင်နှ်ရှာအောလ္လာဟ် စာအုပ်တစ်အုပ်လုံးပါ အကြောင်းအရာများကိုလည်း ခိုင်လုံတိကျသော ကျမ်းကြီးများ၏

အညွှန်းများနှင့်တကွ လာမည့် အကြိမ်ရိုက်နှိပ်ချိန်တွင် ထည့်သွင်းနိုင်ရန် ကြိုးစားလျက်ရှိပါသည်။

မြင့်မြတ်တော်မူသော အရှင်မြတ်သည် ဤစာအုပ်အား ရေးသား ပြုစုခဲ့သည့် မိခင်မွန်ကြီးကို စခန်းတိုင်းတွင် အောင်မြင်မှု ချီးမြှင့် တော်မူပါစေ။ မိခင်ကြီးပြုစုခဲ့သည့် စာပေများ၊ ပျိုးခဲ့သည့် သာသနာ့ ပန်းခင်းများကိုလည်း ထာဝရ သာယာ ဝေဆာ စေတော်မူပါ။ ဤစာအုပ်မှ အကျိုးခံစားနေကြသည့် စာဖတ်ပရိသတ်များ စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းကြသူများကိုလည်း နှစ်ဌာန အောင်မြင်မှုများ ချီးမြှင့်ပေးသနားတော်မူပါစေဟု ဆုမွန်ဒိုအာပြုအပ်ပါသည်။

ချမ်းမြေ့ကြည်သာ - သာစည် ﵀ ၏ သားကြီး

မုဟမ္မဒ်အိလ်ယားစ်

အဇီဇီ၊ မဟ်မူဒီ

ဟစ်ဂျ်ရီ(၁၄၄၃)ခု၊ ဆွဖရ်လ(၄)ရက်

၁၁၊ ၉၊ ၂၀၂၁ခုနှစ် (စနေနေ့ည)

လွမ်းစရာလေးများ သို့ တမ်းခြင်း

ယေဘုယျအားဖြင့် သိတတ်ခါစအချိန် ချော့သိပ်ပေးနေသော အမေ့လက်တစ်စုံကို မှတ်မိနေခြင်းနှင့်အတူ အမေပြောခဲ့သော နဗီတမန်တော်မြတ်ကြီးတို့အကြောင်း၊ အမေမိတ်ဆက်ပေးခဲ့သော ချစ်နဗီ ﷺ နှင့် ဆွဟာဗာ သာဝကကြီးများအကြောင်းကို အမှတ်တမဲ့ဖြင့် အမှတ်တရဖြစ်နေပါသည်။ သတိဖြင့်တစ်ဝက် အိပ်စက်ခြင်းတို့တွင် တစ်ဝက်ဖြင့် ဆွဟာဗာကြီးများ၊ သူတော်စင်များအကြောင်းတို့ကို စာမဖတ်တတ်ခင် ကြိုတင်ကြားဖူးနေပါသည်။ ရင်သွေးများ အိပ်စက်သွားသော်လည်း မမောပမ်းရှာဘဲ မပြီးပြတ်သေးသည့် မင်္ဂလာရှိ ပုဂ္ဂိုလ်ကြီးများအကြောင်းကို အမေရပ်မပစ်ခဲ့။ အရသာခံပြီး ပြောပြောနေတတ်ပါသည်။

ကျောင်းနေအရွယ် စာဖတ်တတ်ခါစအချိန် ညစဉ် မိသားစုသအိလီးမ်ဝိုင်းတစ်ခုကို အမေက ဦးဆောင်ကာ ကျင်းပပေးခဲ့ပါသည်။ ထိုသအိလီးမ်ဝိုင်းတွင်လည်း သဗ်လီးဂ်ပေါင်းချုပ်၊ ဟေ့ကာယားသေ့ ဆွဟာဗာကျမ်း စသည်တို့ကို စာဖတ်နိုင်စွမ်းရှိသည့် မောင်နှမတို့ အားလုံး အလှည့်ကျစီ ဖတ်ရွတ်ရပါသည်။ ထိုစဉ်အခါမှစတင်၍ ဆွဟာဗာ ﷺ ကြီးများ၊ ဆွဟာဗီယာ ﷺ တို့သည် အလွန်ပင် ကြီးကျယ်လှပါလားဟူသည်ကို ကလေးအတွေးဖြင့် နှလုံးသား ရင်ပြင်တွင် ကမ္ဘည်းထိုးထားမိခဲ့ပါသည်။

ထိုသို့ဖြင့် စာပေအနုပညာကို အနည်းငယ်ခံစားလာတတ်ချိန် အမေရေးသားပြီးစီးခဲ့သည့် “ရှေ့ခေတ်မှလွမ်းစရာလေးများ” စာမူကြမ်းကို အကြိမ်ကြိမ်ဖတ်မိခဲ့သည်။ မိခင်ကြီး၏ ဆွဟာဗာကြီးတို့နှင့် အစ္စလာမ့်သမိုင်းဝင် အဓိပတိကြီးတို့အတွက် ထိမိသော ရေးသားချက်၊ ပြောင်မြောက်လှစွာသော ပုံဖော်ချက်တို့မှာ နှလုံးသားတွင် ယင်းပုဂ္ဂိုလ်တို့၏ အချစ်သန္ဓေကို တည်သွားစေခဲ့ပါသည်။

ဤသို့ဖြင့် စာအုပ်အဖြစ် ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေဖြစ်ခဲ့ချိန် စာဖတ်ပရိသတ်ဘက်မှ တခဲနက် အားပေးမှုကြောင့် အိမ်တွင်မှတ်တမ်းအဖြစ်ချန်ထားသည့် စာအုပ်များပင် ကုန်သွားခဲ့ပါသည်။ ဤစာအုပ်တွင် .....

- **ကိုယ်တော်မြတ် ﷺ နှင့်ဆွဟာဗာ رضي الله عنها တို့အပေါ် ထားရှိရမည့် အချစ်သင်ခန်းစာများ။**
- **ယင်းအချစ်ကို စာဖတ်ပရိသတ်ရင်ထဲထိကူးညှိပေးခြင်းများ။**
- **ဆွဟာဗာကြီးတို့ ကိုယ်တော့်ကို ချစ်သလို ဘာကြောင့် ကျွန်တော် ကျွန်မတို့ မချစ်နိုင်ရတာလဲ လို့ မေးမြန်းနေသော စာလုံးများနှင့် ယင်းစာလုံးများတွင် တိမ်မြုပ်နေသော အချစ်စွမ်းအားများ။**
- **သာသနာတော်မြတ်ကို ကျွန်ုပ်တို့ထံသို့ မူရင်းမပျက် ပကတိအတိုင်း ပို့ဆောင်ပေးခဲ့သည့် ဆွဟာဗာကြီးတို့အား အမြဲထာဝရ မမေ့ရဘဲ ရင်ဝယ်သိမ်းထားကြပါ။ ထိုကြယ်တာယာများ ဆောင်ကြဉ်းခဲ့သော အလင်းတရားများဖြင့် မိမိတို့ဘဝကို အလင်း**

ခွင်းပေးကြပါဟူသော နှိုးဆော်ချက်များကို ခံစားမိလာပါလို့မ်မည် ...

နဗီအချစ်၊ ဆွဟာဗာကြီးတို့၏ အချစ်ဖြင့် ဤစာအုပ်ကို ဖတ်ပြီးမိမိတို့ ရရှိပိုင်ဆိုင်ထားသည့် လက်ရှိဘဝကိုလည်း သာသနာဖြန့်ချိရေးနှင့် လူသားအကျိုးပြုလုပ်ငန်းများအတွက် အသုံးချနိုင်ကြပါစေ ဟု ဆန္ဒပြု ဆုမွန်ခြွေရင်းဖြင့် .....

ချမ်းမြေ့ကြည်သာ - သာစည် ﷺ ၏ သမီးငယ်

အာလေ့မဟ် မဟ်မူဒါ

(B.S.c, Phys)

ဟစ်ဂျရီ(၁၄၄၃)ခု၊ ဆွဖရ်လ(၄)ရက်

၁၁၊ ၉၊ ၂၀၂၁ခုနှစ် (စနေနေ့ည)

بسم الله الرحمن الرحيم

လွမ်းလည်းလွမ်းရပါသည်။

တမ်းလည်းတမ်းတပါသည်။

အင်္ဂလိပ်စကားပုံတစ်ခုအား ဖတ်မှတ်ခဲ့ရဖူးလေ၏။

Youth lives on hope .....

Old age on remembrance.

(လူငယ်သည် မျှော်လင့်ခြင်းနှင့် အသက်ရှင်၍ သက်ကြီးရွယ်အို သည် ပြန်လည်တမ်းတ၊ သတိရခြင်းများနှင့် အသက်ရှင်သည်။) ဟူ၍ ဖြစ်လေသည်။

လူငယ်တို့၏ သဘာဝအရ မိဘ၊ ချစ်သူ၊ သားသမီးနှင့် ဥစ္စာ ပစ္စည်းတို့အတွက် မျှော်လင့်ခြင်းဖြင့် ဘဝရှင်သန်မှုကို ဖြစ်တည် စေသကဲ့သို့ သက်ကြီးရွယ်အိုဘဝတွင် ထိုမိဘ၊ ချစ်သူ၊ သားသမီးနှင့် ဥစ္စာပစ္စည်းတို့အား ပြန်လည်တမ်းတ သတိရခြင်းဖြင့် ဘဝရှင်သန်မှုကို ဖြစ်တည် စေပြန်ပါသည် ဟုဆိုလိုရင်းဖြစ်လေသည်။

လူငယ်ဘဝကို လွန်မြောက်၍ သက်ကြီးရွယ်အို ဘဝသို့ တဖြည်းဖြည်း ချဉ်းကပ်နေပြီဖြစ်သော စာရေးသူကိုယ်တိုင်ပင် ယခု အချိန်အခါသမယတွင် ထိုစကားပုံအတိုင်း ပြန်လည်တမ်းတ သတိရ ခြင်းများ ရင်မှာပေါက်ဖွား ခံစားလာခဲ့ရပါသည်။ သို့ရာတွင် မိမိ၏

ငယ်ဘဝအား ပြန်လည်တမ်းတ၍ လွမ်းဆွတ်ရသည်ကား မဟုတ်ပါလေ...။ တကယ်တော့ ဘဝမှာ လွမ်းရ၊ တမ်းတရလောက်အောင် စာဖွဲ့စရာလည်း မရှိခဲ့ပါချေ။ လွမ်းလောက်စရာ သိပ်မရှိပါ ဟုဆိုသကဲ့သို့ပင်။

အို-စာရှူသူ... အမှန်တကယ် လွမ်းထိုက် အမှန်တကယ် တမ်းတထိုက်သည်ကတော့ 'တန်ဘိုးရှိလှသည့် ရွှေခေတ်' ဟုခေါ်ဆိုထိုက်သော ချစ်နဗီ မိုဟမ္မဒ် (ﷺ)နှင့် တပည့်စွဘာဘာ၊ စွဘာဘီယာမကြီးများ၏ ခေတ်အခါသမယ သာလျှင်ဖြစ်ပါလေ၏။ လောကၻ လူသားတို့သည် တန်ဘိုးအရှိဆုံးအား ရွေနှင့်ခိုင်းနှိုင်းတတ်ကြပါ၏။

ကျမ်းမြတ်ကုရ်အာန်၌ ...

❖ **မုချအမှန် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်၌ အသင်တို့အတွက် အကောင်းဆုံး စံနမူနာများရှိလေသည်။ (၃၃း၂၁)**

❖ **ငါရစူလ်၏စွဘာဘာများသည် ကြယ်တာယာများပမာ ဖြစ်ကြ၏။ မည်သူ၏ အနောက်အထာခံသူဖြစ်စေ၊ လမ်းမှန်ရမည်ဖြစ်၏။**

(ဟဒီးဆ်)

ထို့အတွက်ကြောင့် ချစ်နဗီနှင့် စွဘာဘာသာဝကကြီးများ၏ ခေတ်အခါသမယအား ရွှေခေတ် ဟုတင်စားချင်ပါသည်။ ထိုရွှေခေတ်သည်ကား အမှန်ပင် ကျွန်ုပ်တို့နှင့် ဝေးလံလွန်းလှစွာ လွန်ခဲ့သော နှစ်ပေါင်း(၁၄၇၀)ကျော်ကာလပင် ဖြစ်ပါလေ၏။ သို့သော်ငြားလည်း ထိုရွှေခေတ်မှ အဖြစ်သနစ်တို့သည်ကား စာရေးသူ၏ နှလုံးအိမ်တွင်း၌

အလွန်ပင် နီးကပ်တွယ်မှီ သန္ဓေတည်မြဲ စွဲစွဲနစ်နစ်ခံစားနေရပြီး ယခုတိုင် လွမ်းလည်း လွမ်းရပါသည်။ တမ်းလည်း တမ်းတရပါသည်။

နှလုံးသားရှိသော လူသားတိုင်းမှာ ခံစားချက်ဆိုသည် ရှိတတ်ပါ၏။ ထိုခံစားချက်များမှပင် အလွမ်းဆိုသည်မှာလည်း ပေါက်ပွား လာခဲ့ရလေသည်။ လွမ်းတတ်ကြသော လူသားတိုင်းအတွက် ဤ (လွမ်းစရာလေးများ)စာစဉ်အား ရေးသားပြုစုတင်ဆက်လိုက်ရပါသည်။

အို-စာရှုသူ ရွှေခေတ်မှ လွမ်းဆွတ်ဖွယ်ရာများ တမ်းတဖွယ်ရာများအား အတူတကွမျှဝေခံစားကြည့်ကြပါစို့ ...။

လွမ်းဆွတ်ဖွယ်ရာ ဒါအိဝ်သ်သေ့အစ်လောလ္လာဟ်

ကျွန်ုပ်တို့၏ ချစ်နဗီကြီး နဗူဝသ်ရခါစ ပထမဦးစွာ (လာအေ လာဟ အစ်လောလ္လာဟို့ မုဟမ္မဒ္ဒရ် ရစူလွလ္လာဟ်)ဟူသည့် ကလေမာဟ် တော် အသန်ရှင်းဆုံး၊ အချိုမြဆုံး၊ အမွှေးကြိုင်ဆုံး၊ အမှန်ကန်ဆုံး သစ္စာစကားတော်အား ချစ်နဗီ၏ရွှေနှုတ်တော်မှ ဖွင့်ဟမိန့်ကြားတော်မူရုံမျှဖြင့် ပထမဦးစွာ အမျိုးသမီးတို့တွင် 'ကြင်ယာတော် ဟဇရသ် ခဒီဂျာဟ်' လူကြီးလူကောင်းတို့တွင် 'မိတ်ဆွေမွန် ဟဇရသ် အဘူဘကရ်'၊ လူငယ်တို့တွင် 'ညီဝမ်းကွဲတော်သူ ဟဇရသ်အလီ' တို့ဟာ ချက်ချင်းလက်ငင်း ဆိုသလို အီမာန်ကို သက်ဝင်ယုံကြည် လက်ခံလိုက်ကြခြင်းသည် အမှန်ပင် လွမ်းဖွယ်ရာ၊ တမ်းတဖွယ်ရာပင် ဖြစ်ပါလေတော့၏။

အဘယ်ကြောင့်ဟူမူ ယခုအချိန်ခါသမယ၌ လက်ခံထားသော အီမာန်များ အားနည်း ကျဆင်းနေစဉ်တွင် အီမာန်ရှင်များ၏ ကြားအလယ်၌ ဤဒအ်ဝသ်စကားအား ဖြန့်ချိပို့ချ ဟောကြား သွန်သင်နေကြသော်ငြားလည်း ရင်ကော့၍စိတ်အေး၊ အီမာန်နှင့် ပတ်သက်ပြီး သောက မမွေးကြတော့သည်ကို အများအားဖြင့် တွေ့မြင် သိရှိနေရပါသော ကြောင့် ထိုရှေးခေတ်ကို မှန်းဆ၍ လွမ်းဆွတ် တမ်းတရပါသည်။

လွမ်းဆွတ်ဖွယ်ရာ ဟဇရသ်ခဒီဂျာဟ်

မက္ကာဟ်မြို့တော်မှ ဂုဏ်သရေရှိမြို့မျက်နှာဖုံး သူဌေးမကြီး ဖြစ်လေသည်။ အိမ်ထောင်(၂)ဆက် ပြောင်းခဲ့ပြီး မုဆိုးမဖြစ်ခဲ့ရ၏။ မိမိနဖူးစာကြောင့် ဤသို့ အိမ်ထောင်(၂)ဆက် ပြောင်းခဲ့ ရသော်လည်း သခင်မသည် တည်ကြည်သော၊ ကျွန်ုပ်သိကွာနှင့် ပြည့်စုံသော၊ တင့်တယ်လှပသော (သွာဟေရာဟ် သန့်ရှင်းစင်ကြယ် သူမ)ဟု ဘွဲ့အမည်ရခဲ့သော အသက်(၄၀)အရွယ် မုဆိုးမတစ်ဦး ဖြစ်လေ သည်။ မက္ကာဟ်မြို့ပေါ်ရှိ သူဌေးသူကြွယ် ကုန်သည်ကြီးများမှအစ အထက်တန်းလွှာ မင်းစိုးရာဇာကြီးများအထိ ဤသခင်မနှင့် လက်ဆက် ရန်အရေးကို အလေးအနက်ထား မြတ်နိုးလိုလားခဲ့ကြလေသည်။ သို့ရာတွင် ထိုသခင်မသည် အထက်တန်းလွှာ ရေပေါ်ဆီများကြားမှ မိမိ၏ဘဝကို အပ်နှံလျက် လက်ထပ်ရန် အရေးကိုဖြင့် ဤကဲ့သို့ ရွေးချယ်ခဲ့လေသည်။

သခင်မ၏ စိတ်နှလုံးသားအာရုံတွင် လိုချင်ရမက်ဖြင့် ဝိုင်းဝိုင်းလည်နေသော မက္ကာဟ်မြို့ပေါ်မှ လူဂုဏ်ထန်များထက် 'အမီးန်-သစ္စာရှင်၊ သမာဓိရှင်'ဟု လူအများ၏ ပါးစပ်ဖျားခ္ဒ ခေါ်ဆို ကျော်ကြား လျက်ရှိနေသော လူငယ်တစ်ယောက်အပေါ်တွင် အာရုံ ဝင်စားလျက် ရှိနေဘိ၏။ ထိုလူငယ်မှာ ရွှေမရှိ၊ ငွေမရှိ၊ မိဘကလည်း မရှိတော့ဘဲ ဦးရီးတော်ထံတွင် မှီခိုနေရသူသာလျှင် ဖြစ်၏။ သို့ရာတွင် ထိုလူငယ်၌ ဘာမှ မရှိသော်ငြားလည်း လူငယ်၏ ဂုဏ်ရည်သတင်း အချင်းလက္ခဏာ မွန်မြတ်မှုတို့မှာကား လူတို့ထံပါးခ္ဒ မွေးကြိုင်ရန်၊ သင်းပျံ့လျက် ရှိနေပေ၏။

လူငယ်၏ စံနမူနာယူဖွယ် ကိုယ်ကျင့်တရားများ၊ အပျိုစင်ထက် ရှက်တတ်သော ကြန္ဒြေသိက္ခာများ၊ ကိုယ်ချင်းစာနာတရားဖြင့် မျှတသော သမာဓိများနှင့် မှန်ကန်မှုတွင် စံပြုထိုက်သော သစ္စာရှင်တစ်ပါး ဖြစ်နေခြင်းများကို အာရုံဝင်လျက် သခင်မမှ စိတ်ဝင်စားလျက်ရှိပေသည်။ 'မိုဟမ္မဒ်'ဟူသည့် အမည်နာမထက် 'အမီန်း-သစ္စာရှင်' ဟူသည့် ဂုဏ်နာမထွက်ကာ အဘယ်ကြောင့် လူအများ၏ ပါးစပ်ဖျားခ္ဒ ရေပန်းစား လျက်ရှိနေရပါသနည်း ဟုလည်း တွေးတောဆင်ခြင်မိလျက် ကိုယ်တိုင် ဤသို့စမ်းသပ်ခဲ့လေသည်။

ပထမဦးစွာ လူငယ်၏ ဦးရီးတော်ထံ ဤသို့ ဆက်သွယ်ခဲ့လေသည်။ မိမိ၏ ကုန်ပစ္စည်းများကို ယူ၍ တိုင်းတပါးတွင် ကုန်သွယ်

ပေးရန်အတွက် ကုန်ပစ္စည်းနှင့် အလုပ်သမားများကို ဦးစီးသူအဖြစ် တူတော်မောင်အား ခန့်အပ်လိုပါကြောင်း တောင်းဆိုကမ်းလှမ်း ခဲ့လေသည်။ ထိုသို့မြို့မျက်နှာဖုံး ကုန်သည် သူဌေးမကြီး၏ ကမ်းလှမ်းချက်အား ဦးရီးတော်အဗူတွာလိဗ်က ဝမ်းမြောက်စွာ လက်ခံလျှက် တူတော်မောင်နှင့် ဆက်သွယ်ပေးခဲ့လေသည်။ လုပ်အား၏ တန်ဘိုး ချစ်မြတ်နိုးလေသော တူတော်မောင် လူငယ်ကလည်း လိုက်လျော ကြည်ဖြူစွာ လက်ခံလျှက် ခဒီဂျာသခင်မ၏ ကုန်ပစ္စည်းများကို ယူဆောင်ပြီး ရောင်းချရန် ခရီးဆက်ခဲ့လေသည်။ သခင်မသည် မိမိ၏ ကျွန်ယုံတော် မိုင်စရာအား ခရီးတွင် အတူလိုက်ပါစေပြီး အနီးကပ် လူငယ်၏ အရည်အချင်းတို့အား ထွက်ပေါ်နေသည့် သတင်းများနှင့် ညီ၊ မညီ စုံစမ်းခဲ့ပါရန် မှာတမ်းခဲ့လေသည်။

အပြန်ခရီး၌ သစ္စာရှင်လူငယ်မှာ သခင်မ၏ ကုန်ပစ္စည်းတို့အား အမြတ်အစွန်း များစွာနှင့် ရောင်းချပေးနိုင်ခဲ့သည့်အပြင် မက္ကာဟ် မြို့တော်၌ ပြန်လည် ရောင်းချရန်အတွက် ထိုနိုင်ငံမှ အမြတ်အစွန်း ရမည့် ကုန်ပစ္စည်းများကိုလည်း ပြန်လည် သယ်ဆောင်လာခဲ့လေရာ သခင်မအတွက် အမြတ်အစွန်းမှာ နှစ်ထပ်ကွန်း ဖြစ်ခဲ့ရလေတော့၏။ ၎င်းပြင် ကျွန်ယုံတော် မိုင်စရာ၏ထံမှလည်း သခင်မကြားလိုသော လူငယ်၏ ကောင်းခြင်း လက္ခဏာသတင်း အဖြာဖြာတို့ကိုလည်း လေးစား မြတ်နိုးဖွယ်ရာ မြောက်များစွာ ကြားနာခဲ့ရလေသည်။

ပြန်လည်တင်ပြ ပြောဆိုနေသော ကျွန်ယုံတော် မိုင်စရာသည်သာလျှင် မောပန်း၍ လာခဲ့လေသည်။ သို့သော်လူငယ်သစ္စာရှင်၏ ကောင်းခြင်း မင်္ဂလာတို့မှာကား ပြောရှိပင် မကုန်အောင် ဖြစ်ခဲ့လေ၏။

သစ္စာရှင်လူငယ်၏ အံ့ဖွယ် အရည်အသွေးများအနက်မှ အံ့ဖွယ် တစ်ခုကို မိုင်စရာက မိမိ၏သခင်မအား ဤသို့တင်ပြ အစီရင်ခံခဲ့လေသည်။ လမ်းခရီးတစ်နေရာ၌ နားနေစဉ် ဖြစ်၏။ လူငယ်သစ္စာရှင် မှာလည်း အနားယူရင်း သစ်ပင်တစ်ပင်၏ အောက်တွင် အရိပ်ခိုလျှက် အိပ်စက်ခဲ့လေသည်။ ညနေစောင်းသော် သဘာဝအတိုင်း သစ်ပင်တို့၏ အရိပ်မှာလည်း ပြောင်းရွှေ့သွားခဲ့လေသည်။ သို့ရာတွင် လူငယ်အိပ်စက်နားခိုရာ သစ်ပင်မှာကား သဘာဝနှင့် ဆန့်ကျင်လျှက် လူငယ်၏ခန္ဓာကိုယ်ပေါ်၌သာ (အုပ်မိုးထားလျှက်ရှိသော) မိမိ၏ အရိပ်သန်မ်းကိုမူ အနည်းငယ်မျှ မတိမ်းစောင်း၊ မဖယ်ရှားဘဲ အုပ်မိုးပေးထားလျှက် ရှိနေပါကြောင်း'အား အံ့ဩလေးစားစွာဖြင့် မိမိ၏ သခင်မအား လျှောက်ထားခဲ့လေသည်။ မိုင်စရာအတွက်မှာကား ကိုယ်တွေ့ကြုံ၍ သစ္စာရှင်လူငယ်၏ ကောင်းခြင်း အသရေတို့အား ယုံကြည်မြတ်နိုး လေးစားခဲ့ရလေပြီ။

မိုင်စရာ၏ လျှောက်တင်ချက်တို့အား ကြားနာပြီးသည့် နောက်တွင် သခင်မသည် အလုပ်ရှင်နှင့် အလုပ်သမား တွေ့ဆုံသည့်ပုံသဏ္ဌာန် အလား ကိုယ်တိုင်ပင် မျက်မြင်ကိုယ်တွေ့ အကဲခတ်လေ့လာနိုင်ရန်

အတွက် လူငယ်အား ခေါ်ယူတွေ့ဆုံခဲ့လေသည်။ သခင်မသည် မိမိ၏ ရှေ့မှောက်တွင် ရောက်လာ တွေ့ဆုံခဲ့သော လူငယ်သစ္စာရှင်အား မျက်ဝါးထင်ထင် ရှုမြင်လိုက်ရလေသောအခါ သတင်းကြားဖြင့် ရှိရင်းစွဲ လေးစားခဲ့ရမှုများအပေါ်တွင် မြတ်နိုးမှုများပါ ထပ်ဆင့်ပေါက်ဖွားလာ လျှက် ချစ်ခင်နှစ်သက်သွားရပါလေတော့၏။ လူငယ်၏ ဥပဓိရုပ်သွင်မှာ တွေးထင်ထားသည်ထက် ပိုမိုစွာနူရ်ကျက်သရေ အဖြာဖြာနှင့် ခန့်ညား တင့်တယ် ကြည်ညိုဖွယ်ရာ တွေ့မြင်ရလေသည်။ ဆုံစဉ်ခဏ သခင်မထံ တစ်ချက်မျှသာ မျက်ဝန်းအကြည့် ရောက်ရှိလာခဲ့ပြီးနောက် အပျိုစင်ထက် ရှက်သွေးဖြာကာ မျက်လွှာကို ချလိုက်လေသော ယောကျ်ားပီသ တည်ကြည်လှသည့် ထိုလူငယ်မှာ စည်းစိမ်ရွှေငွေ အသပြာ မကြွယ်ဝ သော်ငြားလည်း 'စံ'ထားဖွယ် ကိုယ်ကျင့်တရားများ နှင့် ခမ်းနား ထည်ဝါလျက် ရှိနေသော ထိုလူ့အဘိုးတန်တစ်ယောက်အား သခင်မနှလုံးသားမှ လက်လွှတ်ဆုံးရှုံးမခံနိုင်တော့ပေ။ ရှာမှရှားသည့် ထိုလူသားထံ မိမိ၏ဘဝကို အပ်နှံလိုသည်။ ထိုသို့ဖြင့် သခင်မသည် လူငယ်နှင့် လက်ဆက် ထိမ်းမြားပေးပါရန် လူငယ်၏ ဦးရီးတော်ထံ စတင် ကမ်းလှမ်းခဲ့လေတော့၏။

အို-စာရှူသူ သခင်မသည် မိမိ၏ ဘဝအတွက် လက်တွဲရန် အဖော်မွန်အား မည်သည့်အရာကို "စံ"ထားလျက် ရွေးချယ်သွားခဲ့ပါသနည်း။ သင်ရော မည်ကဲ့သို့ ရွေးချယ်မည်နည်း။

သခင်မသည်ကား အဖော်မွန်ရွေးချယ်ခြင်း မှန်ကန်ခဲ့သဖြင့် ဤဘဝတွင် ပျော်ရွှင်ချမ်းမြေ့ခဲ့ရ၍ နောင်တမလွန်ဘဝ၌လည်း အောင်မြင်မှု ရရှိမည်ဖြစ်ကြောင်း သတင်းကောင်းများကို ကြိုတင် ကြားသိခဲ့ရလေသည်။

ယခုအချိန်ခါသမယ၌ ရွှေ၊ ငွေ အသပြာရှေ့ထားပြီး စာရိတ္တ ခြစားသူများအား အရွေးမှားခဲ့ကြလေသော အိမ်ထောင်ရေး ဒုက္ခသည်တို့မှာ ဒုနှင့်ဒေး ဖြစ်နေသည်။ ပတ်သက်ရာ ဆွေမျိုးမိတ်သင်္ဂဟများပင် စိတ်ဆင်းရဲမှုများနှင့် တွေ့ကြုံနေကြရလေသည်။ မိမိကိုယ်တိုင်မှာ ဤဘဝတွင်လည်း ဒုက္ခတွေပင်လယ်ဝေလျှက် နောင်ဘဝအတွက်မှာလည်း မလုပ်ဆောင်၊ မကျိုးပန်းနိုင်ကြသဖြင့် ဂျဟန္နမ်ငရဲဘုံ၌ ဒုက္ခရောက်ကြရပေဦးမည်ကိုလည်း တွေးတော စိုးရိမ်ကြောက်ရွံ့ နေရပေသေး၏။ အရွေးတစ်ချက် မှားမိသည်နှင့် မိမိတို့ဘဝမှာ တစ်သက်တာလုံး ခါးသီးစွာ ခံစားကြရပေတော့မည်။ လောကငရဲ၊ တမလွန်ငရဲဖြစ်ကြမည်။ ထို့အတွက်ကြောင့် ဤသခင်မကဲ့သို့ ရွေးချယ်ကြရမည်။ ကိုယ်ကျင့်တရား ကောင်းသော် အားလုံးကောင်းမည် ကိုယ်ကျင့်တရား မကောင်းသော် ဘာတစ်ခုမျှ ကောင်းရန် မရှိတော့ပေ 'လင်ရလျှင် ပြီးရော'ဟု သဘောထား၍ ယူကြပါလျှင်ဖြင့် လင်ရတာပဲ အဖတ်တင်ပေတော့မည်။

ယနေ့ အမျိုးသမီးငယ်အချို့က အိမ်ထောင်ရေးအတွက် “သွားမပါလျှင်နေပါစေ၊ ကားပါလျှင်တော်ပြီ”ဟူ၍ ပေါ့ပေါ့လေး ပြောဆို နေကြသည် လက်တွဲရမည့်သူထက် ပါလာမည့် ပစ္စည်းအား ဦးစားပေး ရွေးချယ်ရန် လေသံပစ်နေကြသည်။ ထိုပစ္စည်းပစ္စယမှာ မိမိနှင့်အတူ ရက်မည်မျှ စွဲမြဲစွာ ရှိနေပါမည်နည်း။ ကားသည် (အက်စိဒဲင့်န်) တစုံတရာဖြစ်၍ ချောက်ထဲကျ ပျက်စီးသွားသော် ထိုသွားမပါသော အဖိုးအိုနှင့် မိမိက ဦးဆောင်ပြုစုလျက် ဘဝကိုရှေ့ဆက် ရပေတော့မည် အိမ်ထောင်ရေးအား ပေါ့ပေါ့တန်တန်ထား၍ မတွေးပါ၊ မရွေးပါနှင့်။ (အစ်သေခါရာ)နမားဇ် ဖတ်၍ပင် ရွေးချယ်ရပေဦးမည် ဖြစ်၏။ ကိုယ်ကျင့်တရား မကောင်းသောသူအား ရွေးမိမှားလျှင် “လင်ဆိုးမယားတဖားဖား” ဘဝမျိုးကိုလည်း တွေ့ကြုံရတတ်ပေ၏။ ထိုဘဝမျိုးကိုဖြင့် မရလျှင်နေပါစေ၊ အမလ်အေဘာဒတ်တွင်သာ မွေ့လျော်လျက် နေပါလေတော့။ ချစ်နဗီက ...

“အကြင် အမျိုးသမီးသည် အပျိုစင်အဖြစ်၌ သေဆုံးခြင်း၊ ကလေးမွေးဖွားသော အချိန်တွင် သေဆုံးခြင်း၊ ကျစ်လျာဟ်တရား အားထုတ်နေစဉ် သေဆုံးခြင်းတို့ဖြင့် ရှဟီဒီ(သာသနာ့အာဇာနည်)၏ အကျိုးကို ရရှိပေသည်။” ဟုမိန့်မြွက်ထားတော်မူပါ၏။

နောင်အာခေရတ် ဂျန္နသ်သုခဘုံတွင် လူတို့၏အမလ်များ အနက်မှ အေဘာဒတ်အားလုံးမှာ ဆောင်ရွက်စရာမလိုတော့ပေ။

သို့ရာတွင် အမလ်တစ်ခုကိုမူ ဆက်လက်လုပ်ဆောင်ခွင့် ပေးတော်မူမည်။ ဤသည်မှာ “နေကာဟ်ပြုခြင်း”ဖြစ်၏။ အလွှာဟ်အသျှင်မြတ်က ချစ်နဗီအား (၃)ပါးသော သခင်မများနှင့် နေကာဟ်ပြုပေးတော်မူမည် ဖြစ်၏။ အီစာ(အလိုင်ဟစ္စလာမ်)၏မိခင် မယ်ရိယမ်သခင်မ၊ ဖွရ်အောင်ဘုရင်ဆိုး၏ဇနီး အာစီယာသခင်မ၊ မူစာ(အလိုင်ဟစ္စလာမ်)၏ အစ်မတော် သခင်မ တို့ဖြစ်ကြလေသည်။ ထိုနည်းတူစွာ ဒွန္နယာတွင် အပျိုစင်အဖြစ်နှင့် သေဆုံးကွယ်လွန်ခဲ့ကြသူများကိုလည်း အလွှာဟ်လမ်းတော်တွင် ရှဟီးဒ်ဖြစ်ကျဆုံးခဲ့ကြလေသော ရှဟီဒီများနှင့် နေကာဟ်ပြုပေးတော်မူမည် ဖြစ်၏။ ဂျန္နတ်သုခဘုံတွင် မည်သူ့ကိုမျှ အဖော်ကင်းမဲ့စွာ အသျှင်မြတ်က ထားတော်မူမည်မဟုတ်ပေ။

သစ္စာရှင်လူငယ်၏ အသက်ရွယ်(၂၅)နှစ် သခင်မ၏ အသက်အရွယ်(၄၀)နှစ်တွင် ထိမ်းမြား လက်ထပ်ခဲ့ကြလေသည်။ သာယာချမ်းမြေ့သော အိမ်ထောင်ရေး သက်တမ်း (၁၅)နှစ်ပြည့်ပြီးသည့်နောက် ချစ်နဗီလောင်းလျာ သခင်မ၏ ကြင်ယာတော်မှာ ‘ဟရာ’ မည်သော လှိုင်ဂူ၌ သွားရောက်ခိုလှုံကာ တရားစစ်မှန် ရှာဖွေကျင့်ကြံလေတော့၏။ ဟရာလှိုင်ဂူမှ လှမ်းမျှော်ကြည့်ရှုလေသော် ကအ်ဘာကျောင်းတော်ကြီးအား ထင်ရှားစွာ မြင်နေရပေသည်။ ချစ်နဗီလောင်းလျာသည် ဟရာတွင် အချိန်များစွာ နေထိုင်လျက် စားသောက်ရေးအတွက် တခါတရံ ကိုယ်တိုင်ယူဆောင်လျက် တခါတရံ ပါရမီဖြည့်ဘက်

ကြင်ယာတော် သခင်မက လာရောက် ပို့ဆောင်ပေးခဲ့လေသည်။ သခင်မသည် ခင်ပွန်းလင်၏ သာသနာရေးကို အားပေးခဲ့ ရှာလေသည်။ တစ်နေ့သောအခါဝယ် သခင်မ၏ ကြင်ဘက်တော် ခင်ပွန်း၏ သက်တော်(၄၀)ပြည့်နှစ် တစ်ရက်စွန်းသော် တရားကျင့်ကြံရာ ဟေရာလှိုင်ဂူမှ ခန္ဓာကိုယ်တစ်ခုလုံးမှာ တုံတုံရီရီဖြင့် ပြန်လည် ရောက်ရှိလာခဲ့ပြီး (စောင်ခြုံပေးပါ၊ စောင်ခြုံပေးပါ)ဟု သခင်မအား ပြောကြားခဲ့လေ၏။ သခင်မမှာ ကြောက်ရွံ့တုန်လှုပ်လျှက်ရှိသော ခင်ပွန်းသည်ကို စောင်ခြုံပေးလျှက် အားပေးနှစ်သိမ့်စကားများ ပြောကြားပြီး ကြောက်ရွံ့စိုးရိမ်မှုတို့အား ပြေပျောက်စေခဲ့လေသည်။ ချစ်နဗီက အသက်ကိုပင် စိုးရိမ်မိပါကြောင်း ပြောဆိုလေရာ သခင်မက *(ဤသို့စိုးရိမ်ရန်အလျဉ်း မရှိပါ၊ အလွှာဟ်အသျှင်မြတ်အား တိုင်တည်၍ ပြောကြားပါအုံ။ အလွှာဟ်အသျှင်မြတ်သည် မောင်တော့်အား ဘယ်သောအခါမှ ဂုဏ်သရေနိမ့်ကျအောင် ပြုတော်မူမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် မောင်တော်သည် ဆွေမျိုးသားချင်းတို့ကို စောင့်ရှောက် ကြည့်ရှုသူဖြစ်ပါသည်။ သူတစ်ပါးတို့၏ ဝန်ကိုလည်း သယ်ပိုး ထမ်းဆောင်ပါသည်။ မရှိဆင်းရဲသားများကိုလည်း ဧည့်ဝတ်ကျေပွန်စွာ ပြုစုသူဖြစ်ပါသည်။ ပြဿနာများတွင်လည်း အမှန်ကို အားပေးသူ ဖြစ်ပါသည်။)*ဟု နှစ်သိမ့်အားပေးခဲ့လေသည်။

ဖြစ်ကြောင်းကုန်စင်အား မေးမြန်းခဲ့လေရာ အလွှာဟ်အသျှင်မြတ်၏ ကောင်းကင်တမန်တော် ဂျစ်ဗရာအီလ်(အလိုင်ဟစ္စလာမ်) ကို တွေ့ဆုံခဲ့ရကြောင်း အလွှာဟ်၏ ကလာမွလွှာတော် အစ်ကရ့အ်စူရာကို ဦးစွာ စတင်ကြားနာတော်မူခဲ့ရကြောင်းနှင့် နဗူဝသ်ကိုချီးမြှင့်ခြင်း ခံရကြောင်း ပြန်ပြောင်း၍ ပြောပြလေသည်။ သခင်မသည် ချစ်နဗီ၏ နဗီဖြစ်ခြင်းကို ချက်ခြင်း လက်ခံတော်မူ၍ ကလေမာဟ်တော် (လာအေလာဟအစ်လောလွှာဟ့် မုဟမ္မဒ်ရ် ရစူလွလွှာဟ်)ကို ပထမ ဦးစွာ စတင် ရွှတ်ဖတ်တော်မူလေသည်။ သခင်မမှာ ဒွိဟကင်းကင်းနှင့် ဤကဲ့သို့ ရွှတ်ဖတ်နိုင်ခဲ့ခြင်းသည် လက်ညှိုးထိုး ညွှန်ပြစရာမရှိအောင် စာရိတ္တကောင်းမွန်ခဲ့သော ချစ်နဗီ၏ အရည်အချင်းတို့အား နှစ်ရှည်လများ အနီးကပ် ပေါင်းသင်းဆက်ဆံလာခဲ့သောကြောင့် သခင်မသည် သာ အသိဆုံး၊ အလေးစားဆုံး၊ အမြတ်နိုးဆုံး၊ အယုံကြည်ဆုံးပင် ဖြစ်ခဲ့ရကား ကလေမာဟ်တော်အား ဤသို့ဤနှယ် ဦးစွာပထမ ယုံကြည်စွာနှင့် မြွက်ဟရွှတ်ဆိုနိုင်ခဲ့ခြင်းဖြစ်လေသည်။

သခင်မက (ယနေ့မှစ၍ ကျွန်မသည် ကိုယ်တော်၏ အစေခံ ဖြစ်ပါကြောင်း ကျွန်မ၏ မိဘ၊ သားသမီး၊ ဥစ္စာပစ္စည်းတို့အား ကိုယ်တော့်အပေါ်တွင် ကုရ်ဘာနီပြု စွန့်လှူပါကြောင်း) လျှောက်တင်ခဲ့လေသည်။ လျှောက်တင်ချက် အတိုင်းပင် ချစ်နဗီ၏ သာသနာရေးတွင် သခင်မမှာ မိမိပိုင်ပစ္စည်းများကို သုံးစွဲတော်မူခဲ့လေသည်။ ချစ်နဗီ

သာသနာပြုရာ၌ သခင်မ၏ ပစ္စည်းများသည် များစွာပင် အထောက်အကူဖြစ်ခဲ့၏။ များစွာပင် အောင်မြင်မှု ရရှိခဲ့လေသည်။ သခင်မသည် သာသနာတော်အတွက် မိမိပစ္စည်းတို့အား ဤသို့လက်မတွန့်ဘဲ ကြည်ဖြူစွာ သုံးစွဲစေသကဲ့သို့ ကိုယ်တိုင်မှာလည်း သာသနာတော်အတွက် ချစ်နဗီနှင့်အတူ ဒုက္ခများကို ခံယူတော်မူခဲ့ရှာလေသည်။ (ရှစ်ဗေ့အဗီတွာလိဗ်)တောင်ကြား၌ (၃)နှစ်တိုင်တိုင် အကျဉ်းချခံရလေရာ သခင်မလည်း ပါဝင်လျှက် ဒုက္ခများကို ခံယူခဲ့ရှာလေသည်။ မိမိပိုင်ဥစ္စာပစ္စည်းတို့အား သာသနာတော်အတွက် သုံးစွဲရင်း၊ ကူညီရင်း၊ စတေးရင်းဖြင့်ပင် သခင်မကွယ်လွန်သေဆုံးခါနီးသောအခါတွင် ကိုယ်၌ဝတ်ဆင်ထားသော အဝတ်အထည်တို့မှာ အဖာအထေးများစွာနှင့် ဖြစ်နေလေသည်။

ကြင်ယာတော်သခင်မ ခဒီဂျာဟ်သည် ဤကဲ့သို့ ဆင်းရဲသွားလေသည့်တိုင်အောင်ပင် ရက်ရက်ရောရော သာသနာတော်အတွက် သုံးစွဲခဲ့ရှာလေသည်။ တစ်ချိန်က မက္ကာဟ်မြို့၏ မျက်နှာဖုံး လျှမ်းလျှမ်းတောက် သူဌေးမကြီးဖြစ်လျှက်နှင့် ယခုတော့ဆင်းရဲသား အသွင်ဖြင့် ကွယ်လွန်ပေတော့မည်။ ချစ်နဗီမှာ ကြင်ယာတော်အား သနားကြင်နာစွာ ကြည့်ရှုနေမိ၏။ ထိုအချိန်တွင် ကောင်းကင်တမန် ဂျစ်ဗရာအီလ် ဆင်းသက်လာပြီး အလ္လာဟ်အသျှင်မြတ်ထံတော်မှ သခင်မအား စလာမ်ပို့သပါကြောင်းနှင့် ယခုကဲ့သို့ ဘဝနိဂုံး ချုပ်ငြိမ်းလေမည့် အခြေအနေ

ပေါ်တွင် ကျေနပ်နှစ်မြို့ပါ၏လော ဟု ချစ်နဇီက အမေးတော်ရှိပါရန် လျှောက်ထားတော်မူခဲ့လေသည်။ ချစ်နဇီက မေးတော်မူခဲ့လေရာ သခင်မကြီးက ဤဆင်းရဲမှု အခြေအနေတို့အား လုံးဝ အမှုမထားပါ ကြောင်း၊ သာသနာတော်အတွက်ဆိုလျှင် ဥစ္စာပစ္စည်းသာမက လိုအပ် ပါလျှင် သူမကွယ်လွန်ပြီးနောက် သူမ၏ ကျောရိုးအား အမွှမ်းအတွက် တံတားသဖွယ် ခင်းပေးကာ သာသနာတော်ကို ကူညီလိုပါကြောင်း သူမသည် ဒွန္နယာ၊ အာခေရုတ် (၂)ရပ်စလုံးတွင် (အွမ်မွလ်မို့အမေနီးန်) ဖြစ်ရခြင်းဖြင့်ပင် နှစ်သက်ကျေနပ်ပြီ ဖြစ်ပါကြောင်း ချစ်နဇီကို သခင်မက ကွယ်လွန်ခါနီးတွင် လျှောက်ထားတော်မူခဲ့ရှာလေသည်။

အိုး-စာရှသူ အမျိုးသမီးတို့တွင် အစ္စလာမ်သာသနာတော်ကို ပထမ နံပါတ်(၁)အဖြစ် အီမာန် သက်ဝင်ယုံကြည်ခဲ့လေသော ဤစံပြ အမျိုးသမီး ကြင်ယာတော် ခဒီဂျာဟ်သခင်မသည်ကား ကျွန်ုပ်တို့ အတွက် သတိရဖွယ်ရာပင် ဖြစ်ပါလေ၏။ လိုအပ်ပါလျှင် ခန္ဓာကိုယ်၏ ပင်မကျောရိုးကိုပင် အုမ္မတ်အတွက် တံတားသဖွယ် ခင်းထားပေးလိုပါ ကြောင်း မိမိ၏မွန်မြတ်သော ဆန္ဒမွန်အား တင်ပြလျှောက်ထားခဲ့ လေသည့်အတွက်လည်း အမှန်တကယ် လွှမ်းဆွတ်ဖွယ်ရာ ဖြစ်ရပါ လေ၏။ ဤကဲ့သို့ မွန်မြတ်မှုများကြောင့် သခင်မကြီးသည် မသေမီ ကပင် အသျှင်မြတ်၏ ထံတော်မှ စလာမ်ကိုရရှိခဲ့ပြီး ဂျန္နတ်သုခဘုံတွင် ဂျန္နတီအမျိုးသမီးတို့၏ ခေါင်းဆောင် ဖြစ်မည့်အကြောင်း သတင်း

ကောင်းကိုလည်း ကြိုတင် ကြားသိခဲ့ရပါသည်။ (ဂျန္နသီအမျိုးသမီးတို့၏ ခေါင်းဆောင် ၄-ပါးဖြစ်၏။ ကြင်ယာတော်ခဒီဂျာဟ်သခင်မ၊ သမီးတော် ဖွာသွေမာဟ် သခင်မ၊ ဖွရ်အောင်နှ်၏ဇနီး အာစီယာသခင်မ၊ အီစာနဗီ၏ မိခင် မယ်ရီယမ်သခင်မ တို့ဖြစ်ကြလေသည်။)

သခင်မကြီး ကွယ်လွန်ပြီးသည့်နောက်တွင်လည်း ချစ်နဗီသည် အလျဉ်းသင့်တိုင်းပင် သခင်မကြီး၏ ကောင်းခြင်းများကိုသာ ထပ်တလဲလဲ မိန့်ကြားလျက် ရှိနေပေသည်။ အကြိမ်များစွာ ကြားရဖန်များလာလေသော် ကြင်ယာတော်များမှာ အသက်အငယ်ဆုံးနှင့် အပျိုစင်ဖြစ်သော အာအေရှာဟ်သခင်မသည် ငယ်ရွယ်သူပီပီ ဤသို့ နှဲ့ခဲ့မိလေသည်။ (ထိုအဖွားအို မုဆိုးမအား အဘယ်ကြောင့် တမ်းတနေရပါသနည်း၊ ကိုယ်တော်ှကို ထိုအဖွားအို မုဆိုးမထက်ကောင်းသော၊ ငယ်ရွယ်သူ(အပျိုစင်စစ်)အား အသျှင်မြတ်က ချီးမြှင့်ပေးထားတော်မူပါသည်)ဟု လျှောက်တင်မိလေသည်။

ချစ်နဗီမှာ ထိုစကားရပ်ကြောင့် စိတ်ဆိုးတော်မူလျှက် မျက်နှာတော် နီမြန်းလာကာ (ငါ၏ထံ ခဒီဂျာဟ်ထက် ကောင်းမြတ်သော ကြင်ယာတော်သည် မရှိပါ၊ လူတို့ ငါ့ကိုငြင်းပယ်ချိန်မှာ သူမက ငါ့အား နဗီအဖြစ် အီမာန်ယူခဲ့တယ်။ လူတို့ကငါ့ကို မုသားဝါဒီဟု စွပ်စွဲနေတဲ့အချိန်မှာ သူမက ငါ၏နဗီဖြစ်မှုကို ထောက်ခံခဲ့တယ်။ ငါ့ကို ကူညီကြည့်ရှုပံ့ပိုးမည့်သူ နည်းပါးနေတဲ့အချိန်မှာ သူမက ငါ့အတွက် သူမပိုင်

ပစ္စည်းပစ္စယနဲ့ စည်းစိမ်ချမ်းသာမှန်သမျှကို အသုံးချ စတေးခဲ့ရှာတယ်၊ ငါ့အတွက် သားကောင်း၊ သမီးကောင်းများကိုလည်း မွေးဖွားပေးခဲ့တယ်။ ၎င်းကြောင့်ယာတော်၏ ကောင်းမြတ်မှုတို့အား ငါသည် မည်ကဲ့သို့ မေ့ပျောက်နိုင်ပါအံ့နည်း)ဟု မိန့်တော်မူခဲ့လေသည်။ ချစ်နဗီပင်လျှင် သာသနာတော်အတွက် ပြုခဲ့သော သခင်မကြီး၏ ကျေးဇူးတော်များကို ထောက်ထားလျက် ဤသို့မမေ့နိုင်အောင် လွမ်းဆွတ်ခဲ့ရလေသည်။ ထို့အတူ ကျွန်ုပ်တို့မှာလည်း သခင်မကြီးအား အမှန်တကယ်ပင် လွမ်းဆွတ်သတိရသင့်လှပေသည်။

အာအေရှာဟ်သခင်မသည်လည်း မိမိ၏လျှောက်ထားမှု အပေါ်တွင် အလွန်ပင် နောင်တ အကြီးအကျယ်ရရှိသွားခဲ့ပြီး ချစ်နဗီ မနှစ်မြို့သော စကားရပ်တို့ကို မပြောမိစေရန် နောင်တွင် ထာဝရ ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ရင်မှာစွဲမြဲစွာ သန္နိဋ္ဌာန်ချလိုက်ပါတော့သည်။ အိုစာရှသူ ချစ်နဗီပင် သခင်မကြီးအား မေ့မထားရက်စွာ ရင်မှာစွဲနစ်လွမ်းဖွယ်ရာ ဖြစ်စေသကဲ့သို့ အွမ္မတ်အတွက် စေတနာထား မိမိကျေးရိုးအား တံတားသဖွယ် ခင်းပေးလိုခဲ့သော မွန်မြတ်သော ဆန္ဒရှင် မိခင်မွန်သခင်မကြီးကို ဤအွမ္မတ်ကလည်း အမှန်တကယ်ပင် လွမ်းဆွတ်ဖွယ်ရာ ဖြစ်ရပါမည် မဟုတ်ပါလော။

လွမ်းဆွတ်ဖွယ်ရာ ဟဇရသ်အဘူဘကရ်

မက္ကာဟ်မြို့တော်၏မြို့ မျက်နှာဖုံး ဂုဏ်သိက္ခာရှိသော လူကြီးလူကောင်း သူဌေးတစ်ဦးဖြစ်သည်။ ချစ်နဗီနှင့် အလွန်ပင် ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေမွန်လည်း ဖြစ်၏။ တစ်နေ့သောအခါတွင် သခင်သည် ဆီးရီးယားနိုင်ငံဘက်သို့ ကုန်ကူးသန်းရောင်းဝယ်ရေး အတွက် ခရီးထွက်ခဲ့လေရာ လမ်းခရီး၌ အလွန် ထူးခြားဆန်းကြယ်လှသည့် အိပ်မက်တစ်ခုအား မြင်မက်ခဲ့လေသည်။ သခင်သည် ထိုအိပ်မက်အပေါ် လွန်စွာအံ့သြလျက်ရှိပြီး ထိုအိပ်မက်အား မည်သူ့ကိုမှ ပြောကြားခြင်း မပြုဘဲ ဖုံးအုပ်ထားခဲ့လေသည်။

ကုန်သွယ်ရေးခရီးစဉ်မှ ပြန်ရောက်ရုံပင်ရှိသေး၏။ သခင်၏ ချစ်မိတ်ဆွေကြီး မုဟမ္မဒ်(ﷺ)က မကြားစဖူး ထူးဆန်းသော စကားရပ်ကို တင်ပြလျက် ထိုစကားရပ်အပေါ် ယုံကြည်လက်ခံရန် ဒအ်ဝတ် ပေးလေတော့၏။ ထိုစကားရပ်မှာ (လာအေလာဟ အစ်လောလ္လာဟို့ မိုဟမ္မဒ္ဒရ် ရစူလွလ္လာဟ်) ဖြစ်လေသည်။ အလ္လာဟ် အသျှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သူ မရှိကြောင်းနှင့် မိုဟမ္မဒ်(ﷺ)သည် ထိုအသျှင်၏ နဗီတမန်တော် ဖြစ်ကြောင်းကို ယုံကြည်ဖတ်ဆို အဓိမာန်ယူရန် မိန့်ခဲ့လေသည်။ သခင်သည် တစ်ကြိမ်တစ်ခါမှ လိမ်လည်မုသား မပြောခဲ့ဖူးလေသော ချစ်မိတ်ဆွေကြီး၏ နှုတ်တော်မှ ထိုဒအ်ဝတ်စကားအား ကြားနာရလေလျှင် မယုံမရဲ

မဖြစ်ခဲ့ဘဲ ထိုစကားရပ်နှင့် ပတ်သက်၍ မည်သို့ သက်သေပြနိုင်သနည်းဟု မေးမြန်းခဲ့လေသော် ချစ်နဗီက သခင့်အား (ကုန်သွယ်ရေးခရီးစဉ်၌ မက်ခဲ့သော ထူးဆန်းသည့် အိပ်မက်သည် အထောက်အထားသက်သေသာဓက ဖြစ်သည်)ဟု မိန့်မြွက်တော်မူခဲ့လေသည်။ သခင်သည် မိမိမှတစ်ပါး အခြားလူမသိခဲ့၊ မပြောခဲ့မိသော ဖုံးအုပ်ထားသည့် မိမိ၏အိပ်မက်အား ချစ်နဗီက သက်သေထူပြလေသော် လွန်စွာအံ့ဩကြွလျက် ချစ်နဗီအား အလေးအနက်ထား ပို၍ပင် ယုံကြည်သွားတော်မူခဲ့ပြီး ကလေမာဟ် တော် သစ္စာစကားရပ်အား ဖတ်ကြားမြွက်ဆိုလျက် အဓိမာန်ယူခဲ့လေသည်။ သခင်၏အတ္ထုပ္ပတ္တိများစွာမှ ပြန်လည်သတိရတမ်းတလွမ်း ဆွတ်ဖွယ်ရာ တစ်ခုအားတင်ပြပေအံ့။

အစ္စလာမ်ခေတ်ဦးအစတွင် ကာဖွေရ်တို့၏ ဒုက္ခပေး နှောင့်ယှက်မှုများကြောင့် အဓိမာန်ကို ဖုံးအုပ်ထားကြရ၏။ သာသနာဝင် ဦးရေ(၃၉)ပါးမျှ ရှိလာလေသော် သခင်သည် ချစ်နဗီထံ ခွင့်ပန်တောင်းဆို၍ သာသနာ့စကားတို့အား ထင်ရှားပေါ်လွင်စွာ ဟောကြားရန်အတွက် မွတ်စလင်မ်တို့ကို ခေါ်ဆောင်ပြီး ကအ်ဘာကျောင်းတော်၌ တရားဓမ္မဟောပြော ပို့ချခဲ့လေသည်။ အစ္စလာမ့်သမိုင်းတွင် ပထမဦးဆုံး တရားဟောမှုဖြစ်ပြီး သခင်သည် ကာဖွရ်တို့၏ ရက်စက်စွာ ဝိုင်းဝန်းရိုက်နှက်ခြင်းကို ခံခဲ့ရရှာလေ၏။ သတိလစ်မေ့မျောခဲ့ရ၏။ သခင့်မျိုးနွယ်များ လာရောက်ကူညီခဲ့ကြ၍ ကာဖွရ်တို့ ဆုတ်ခွာသွားခဲ့ကြလေ

သည်။ သတိရလေသော် ပထမဦးဆုံး ချစ်နဗီ၏ သတင်းကို စုံစမ်းခဲ့၏။ သခင်သည် ချစ်နဗီအတွက် ဤသို့ စိုးရိမ်သောကဖက်ခဲ့ ရှာလေသည်။ (ကျွန်ုပ်တို့၏ ချစ်နဗီသည် ဘေးကင်းပါ၏လော)။

သခင်၏မျိုးနွယ်များမှ သခင်က ဤကဲ့သို့ ချစ်နဗီ၏ သတင်းကို စုံစမ်းခြင်းအပေါ် (ဤပုဂ္ဂိုလ်ကြောင့် ဤသို့ အရိုက်ခံရသည် ဖြစ်လျက် နှင့် ဤသို့ မေးမြန်းစုံစမ်းရပါမည်လော)ဟု ဒေါသထွက်ကာ သခင့်အား ထားရစ်ခဲ့ပြီး ပြန်သွားကြလေတော့သည်။ မိခင်ဖြစ်သူ အွမ္မေ့ခိုင်းရှသာလျှင် သခင်၏အနီးတွင် ကျန်ရစ်ခဲ့လေ၏။ မိခင်ကြီးက ဖျောင်းဖျချော့မော့၍ ဆေးတိုက်သော်လည်း မသောက်ခဲ့။ မိမိခံစားရသော ဝေဒနာများထက် ချစ်နဗီဘေးကင်းသည့် သတင်းကောင်းကိုသာ တန်ဖိုးထားကာ ကြားနာလိုသည်။ သတင်းရမှ ဆေးသောက်မည်ဆို၍ သခင်၏လမ်းညွှန်မှုဖြင့်ပင် မိခင်မှာ အွမ္မေ့ဂျမီးလ်ထံ သွားရောက် ခဲ့ရသည်။ (ထိုစဉ်က မိခင်မှာ အစ္စလာမ်မဖြစ်သေးပေ။)

အွမ္မေ့ဂျမီးလ်သခင်မသည် လိုက်လာခဲ့ပြီး ပြင်းပျလျှက်ရှိသော သခင်၏ဆန္ဒတော်ကြောင့် ချစ်နဗီသည် အရ်ကမ်၏ နေအိမ်တွင် ငြိမ်းချမ်းစွာရှိပါကြောင်း သတင်းပေးခဲ့လေသည်။ သို့ရာတွင်လည်း သခင့်မှာ စိတ်မအေးနိုင်၊ ချစ်နဗီ၏ ရွှေမျက်နှာတော်အား မဖူးမြင်ရဘဲ ဆေးမသောက်နိုင်ကြောင်း ငြင်းဆိုပြန်သဖြင့် ညသန်းခေါင်ချိန် မိခင်နှင့်

အမွေ့ဂျမီးလ်တို့က တစ်ဘက်စီ တွဲခေါ်လျှက် ချစ်နဗီထံလိုက်ပို့ခဲ့ရသည်။

ချစ်နဗီနှင့်တွေ့ဆုံလေသော် ဆရာနှင့် တပည့်မှာ ဝမ်းနည်း၊ ဝမ်းသာ ထိုနှစ်ဖြာကြောင့် နှလုံးကြည်မွေ့ ပွေ့ဖက်ငိုယို လများနှစ်ကြာ ကွဲကွာပျောက်ဆုံးနေသော ဘခင်နှင့်ရင်သွေး ပြန်လည်၍ ဆုံတွေ့သည့် အလား နှစ်ပါးစလုံးမှာ တထပ်တည်း၊ တသားတည်း ခံစားရမိကာ ငိုကြွေးကြလေတော့၏။

ထို့နောက် တပည့်ကြီး အဘူဘကရ်က မိခင်အမွေ့ခိုင်ရ်အတွက် ဒိုအာနှင့် ဒအ်ဝယ်ပေးရန် လျှောက်ထားချက်အပေါ် ချစ်နဗီက ဒိုအာ ပြုပေးခဲ့ပြီး သခင်၏မိခင်ကြီးသည်လည်း ချက်ချင်းပင် အစ္စလာမ် ဘာသာဝင် ဖြစ်ခဲ့လေတော့၏။

အံ့ဖွယ်ရာ သခင်ကြီး၏ ကြံ့ခိုင်သော ဇွဲသတ္တိများ၊ သာသနာတော်အတွက် အနစ်နာခံမှုများနှင့် လမ်းမှန်ပြသည့် ချစ်နဗီအပေါ်၌ ထားရှိခဲ့လေသော ချစ်ခင်မြတ်နိုးမှုများသည်ကား သမိုင်းတွင် စံတင်ထားနိုင်ခဲ့လေရာ ယခုအချိန်ခါသမယတွင် ဤသည်မှာလည်း လွမ်းဆွတ်ဖွယ်ရာအဖြစ် ရင်ထဲမှာ စွဲနစ်ခဲ့ရပါလေသည်။

အိုး-စာရှူသူ ဤသည်မှာ ဟဇရသ်အဘူဘကရ် စွဟာဘာကြီး၏ သမိုင်းစာမျက်နှာပေါ်မှ လွမ်းဆွတ်ဖွယ်ရာ အကြောင်းတရားများစွာ အနက်မှ လွမ်းဆွတ်ဖွယ်ရာ တစ်ခုသာလျှင် ဖြစ်ပါ၏။ ကျန်ရှိသော

သခင်ကြီး၏ လွမ်းဆွတ်ဖွယ် အကြောင်းတရားများကိုကား သာသနာ့စာပေများတွင် ရှာဖွေဖတ်ရှု၍ လွမ်းဆွတ်နိုင်ကြပါသည်။

လွမ်းဆွတ်ဖွယ်ရာ ဟဇရသ်အလီ မွရ်သဿာ

သခင်သည် သက်တော်(၁၁)နှစ်အရွယ်တွင် အီမာန်သက်ဝင်ယုံကြည်ခဲ့၏။ ငယ်ရွယ်စဉ်မှာပင် အစ္စလာမ်သာသနာကို လက်ခံယုံကြည်ခဲ့ပြီး မည်သည့် ရုပ်ထု၏ရှေ့မှောက်တွင်မှ ဦးညွတ်မှု မရှိခဲ့ဘူးချေ။ အီမာန်ယူရန်အတွက် ပထမ ဖခင်နှင့် တိုင်ပင်ပါရစေဦးဟု ပြောကြားခဲ့ပြီး ချက်ချင်းပင် အလ္လာဟ်အရှင်သည် ကျွန်တော့်အား လူသားအဖြစ်နှင့် ဖန်ဆင်းစဉ်က မည်သူ့ကိုမှ တိုင်ပင်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ကျွန်တော်လည်း ဖခင်နှင့် တိုင်ပင်ရန်မလိုပါဟု ပြင်ဆင်ပြောကြားပြီး ကလေမာဟ်တော်ကို ဖတ်ဆို၍ အီမာန်ယူခဲ့လေသည်။

ချစ်နဗီသည် တနလ်ာနေ့၌ နဗူဝသ်၏တာဝန်ကို ပေးအပ်ခြင်းခံရပြီး အင်္ဂါနေ့တွင်ပင် ဟဇရသ်အလီသည် အီမာန်ကို လက်ခံခဲ့ခြင်းဖြစ်ပေသည်။ သက်တော်(၂၅)နှစ်တွင် ချစ်နဗီ၏ အသဲပမာဖြစ်သော သမီးတော် ဖွာသေ့မာဟ် သခင်မနှင့် နေကာဟ်ပြုထိမ်းမြားခဲ့၏။

သခင်၏ခန္ဓာကိုယ်မှာ ကြံ့ခိုင်သန်စွမ်း၍ အလွန်လျင်မြန်ဖျတ်လတ်၏။ လက်ရုံးရည်၊ နှလုံးရည်များ အထူးပြည့်ဝတော်မူပြီး ရဲစွမ်းသတ္တိ၊ ဇွဲသတ္တိတို့မှာ ရာဇဝင်မှာ စံတင်ထားနိုင်အောင် ပြောင်မြောက်ခဲ့လေသည်။ သခင်နှင့်ပတ်သက်၍ လွမ်းဆွတ်ဖွယ်ရာ တစ်ခုမှာ

ချစ်နဗီသည် အလွှာဟ်အသျှင်မြတ်၏ အမိန့်တော်အရ မက္ကာဟ်မှ မဒီနာသို့ ဟစ်ဂျ်ရသ်ပြု ပြောင်းရွှေ့တော်မူမည့်ညမှ ဖြစ်ရပ် ပင်ဖြစ်၏။ ထိုညက မက္ကာဟ်မြို့သား ကာဖွရ်တို့သည် ချစ်နဗီ၏ အိမ်တော်အား မျိုးနွယ်ပေါင်း(၄၀)မှ လူအယောက်(၄၀)တို့က ဝိုင်းရံ လျှက် ရန်ပြုရန် စောင့်ဆိုင်းနေကြသည်။ ချစ်နဗီသည် အလီသခင်အား ခြုံစောင်အားပေး၍ "ငါ၏အိပ်ယာထက်တွင် ယနေ့ည အိပ်စက်လော့၊ နောက်တစ်နေ့ မိုးသောက်သော် ငါ၏ထံတွင် ယုံကြည်စိတ်ချ၍ အပ်နှံထားကြသော ကာဖွရ်များ၏ ဥစ္စာပစ္စည်းများအား ပိုင်ရှင်တို့၏ လက်ဝယ်သို့ အရောက်ပေးအပ်ပြီးသော် မဒီနာမြို့သို့လိုက်လာခဲ့ပါ"ဟု မိန့်ချေမှာကြားတော်မူခဲ့ပြီးလျှင် မဒီနာရွှေမြို့တော်သို့ ဟစ်ဂျ်ရသ်ပြု ကြွမြန်းသွားတော်မူခဲ့လေ၏။

သခင်သည် ချစ်နဗီ၏အိပ်ယာထက်တွင် ချစ်နဗီ၏ခြုံစောင်ကို ခြုံ၍ မှာကြားချက်အတိုင်း အိပ်စက်ခဲ့သည်။ အမှန်မှာ ထိုအိပ်ယာ သည်ကား ဘေးကင်းရာဌာနမဟုတ်၊ အန္တရာယ်ပြွမ်းသော၊ အသက်ဘေး စိုးရိမ်ရသော နေရာတစ်ခုသာဖြစ်၏။ သခင်သည် အန္တရာယ်ကို အလေးမထား ချစ်နဗီ၏မိန့်မှာချက်ကိုသာ ဦးထိပ်ထား၍ ညလုံးပေါက် အိပ်ယာထက်တွင် အိပ်စက်ခဲ့လေသည်။ နောက်ရက် မိုးသောက်သော် ချစ်နဗီ၏မိန့်မှာချက်အတိုင်း ကာဖွေရ်ပစ္စည်းရှင်တို့ထံ ၎င်းတို့၏ ပစ္စည်း

များအား စာရင်းနှင့်အညီ လက်ရောက်အပ်နှံခဲ့လေသည်။ (အီမာန်ရှင်ဟူသည်မှာ သစ္စာရှင်လည်းဖြစ်၏။

သခင်သည် မဒီနာမြို့သို့လိုက်ပါသွားရာတွင် ကာဖွရ်တို့၏ ရန်ကို ရှောင်နိုင်ရန် ညတွင်ခရီးပြင်းနှင်ရ၏။ နေ့အလင်းပိုင်း၌ လုံခြုံရာတွင် နားခိုရ၏။ ထိုနည်းနှင့် မဒီနာမြို့တော်သို့ ဆိုက်ရောက် လာခဲ့ပေသည်။ ချစ်နဗီ၏ရှေ့မှောက်တွင် ဆံပင်များဖွာလန်ကြဲလျက် မျက်နှာပေါ်တွင် ဖုန်အလိမ်းလိမ်း ပေကျံနေပြီး ခြေထောက်များမှာလည်း ယောင်ယမ်း နာကျင်ကာ အလွန်ပင်ပန်းနွမ်းနယ်နေသည့် အလီသခင်သည် မိမိ၏ဖြစ်ကြောင်းကုန်စင်အား အစီရင်ခံလျှောက်ထား သံတော်ဦးတင်ခဲ့လေသည်။ ထိုမြင်ကွင်းကို အတွေးတွင် မြင်ယောင်ရင်း လွမ်းစရာတစ်ခုအဖြစ် ခံစားရလေ၏။ ချစ်နဗီသည် တပည့်ကြီး၏ စကားလျှောက်ထားမှုများကို ကြားနာတော်မူပြီး ရွှေနှုတ်တော်မှ (كَرَّمَ اللهُ وَجْهَهُ) ဟု တာဝန်ကျေပွန်ရှာသော တပည့်ကြီးအား ချီးကျူးမိန့်ဆို ဒိုအာပြုပေးတော်မူခဲ့ရာ ထိုအချိန်မှစ၍ ထိုဂုဏ်ပြုသော စကားရပ်နှင့် ဆက်တွဲလျက် သခင့်အား ခေါ်ဝေါ် ဂုဏ်ပြုကြသည်မှာ ယခုတိုင်ပင် ဖြစ်ပါ၏။

ချစ်နဗီကို ချစ်၍ အသက်ချင်းလဲရန် သေကွင်းအိပ်ယာထက်တွင် အိပ်စက်ခဲ့သော အလီသခင်၊ ချစ်နဗီ၏မိန့်မှာချက်များအတိုင်း တသဝေမတိမ်း နာခံဆောင်ရွက်ခဲ့သော အလီသခင်၊ မိုင်ပေါင်း (၃၀၀) ကျော် ဝေးကွာသောခရီးအား နေ့မှာ ရန်သူကြောင့် ပုန်းကွယ်နေပြီး

ညတွင်သာ ခရီးပြင်းနှင်ရရှာလေသော အလီသခင်၊ ရဲစွမ်းသတ္တိ အပြည့်အဝနှင့် သာသနာ့စစ်ပွဲများကို အလီလီန္ဒခဲ့သောတပ်မှူး အလိမွရ်သဿွာ (كَرَّمَ اللهُ وَجْهَهُ)နှင့် ယခုမျက်မှောက်ခေတ် အီမာန်ရှင်တို့၏ မျက်ဝါးထင်ထင် မြင်တွေ့နေသော သာသနာ့ အချစ်များ၊ အမိန့်နာခံလိုက်နာကျင့်သုံးနေကြများကို နှိုင်းယှဉ်စဉ်းစား တွေးမြင်မိကာ ရွှေခေတ်မှ သခင်ကြီးအား အမှန်ပင် လွမ်းဆွတ် မိပါသည်။

အိုး-စာရှူသူ ဤသည်မှာ အစ္စလာမ်ခေတ်ဦးတွင် ထူးထူးခြားခြား ပထမဖြစ်ခဲ့ကြသော ပုဂ္ဂိုလ်မွန်ကြီး(၃)ပါးတို့၏ တစိတ်တဒေသ အနည်းငယ်မျှ သာသနာ့ကျိုးပန်းမှု အရည်အချင်းအား တင်ပြထားခြင်းသာ ဖြစ်ပါသည်။ ထိုသခင်ကြီးများ၏ အံ့ဖွယ်ရာ၊ ချီးကျူးအားကျ အတုယူ လိုက်နာကျင့်သုံးဖွယ်ရာများသည်ကား ရာဇဝင်တွင် များစွာပင် ကျန်ရှိနေပေသေး၏။ အစ္စလာမ့်စာပေများတွင် ရှာဖွေပါ၊ ဖတ်ရှုပါ၊ ၎င်းနောက်လိုက်နာကျင့်ကြံ၍ မိမိတို့၏အရည်အသွေးအား မြှင့်တင်ပါဟုအကြံပြုအပ်ပါသည်။

ဆွမ်းဆွတ်ဖွယ်ရာ ဟဇရသ် ဗေလာလ်

တစ်ချိန်က ကာဖွရ်တစ်ဦး၏ ကျွန်ဖြစ်ခဲ့သည်။ ချစ်နဗီ အေရှာဟ်အပြီး အပြန်လမ်းတွင် စွံပလွံသီးများကို ထောင်းထုရင်း ငိုကြွေးနေသော ဗေလာလ်အား တွေ့ရစဉ် ငိုရခြင်း၏ အကြောင်းရင်းကို ချစ်နဗီသည် ကြင်နာစွာ မေးခဲ့ရာလေသည်။ နေ့တွင် ကုလားအုတ်များ

ကျောင်းရပြီး ညတိုင်းမှာ စွန်ပလွံသီးများကို ထောင်းထုရသဖြင့် မအိပ်ရသောကြောင့် ငိုရပါကြောင်း တင်ပြလေရာ ကြင်နာမှု စမ်းရေရှင် ချစ်နဗီသခင်က အသင်အိပ်လော့၊ သင့်ကိုယ်စား ငါထောင်းမည်ဟု မိန့်ချွေလျှက် တညတာလုံး စွန်ပလွံသီများကို ထောင်းနေခဲ့လေသည်။

မျိုးနွယ်မတူ အီမာန်မယူ တစ်ပါးသူ၏ ကျေးကျွန်ဖြစ်သော်ငြားလည်း ချစ်နဗီသည်ကား လူသားချင်းမှာ ကိုယ်ချင်းစာ၍ ကြင်နာစွာ ဖေးမကူညီခဲ့လေသည်။

ချစ်နဗီ၏လုပ်ရပ်သည်ကား ရင်မှာစွဲနစ် အမှန်ပင် လွမ်းစရာဖြစ်ခဲ့ရပါသည်။ ယခုချိန်ခါသမယ အီမာန်ရှင် အချင်းချင်းပင်လျှင် ကိုယ်ချင်းစာတရား ခေါင်းပါးကြပြီး ကြင်နာရန်ဝေးစွ ဖေးမကူညီမှုနည်းထို၊ တစ်ဦး၏ဒုက္ခအား တစ်ဦးက မသိဟန်ဆောင်နေကြသော အချိန်ကာလတွင် ရွှေခေတ်ကို ပြန်လည်တမ်းတ၍ အမှန်ပဲ လွမ်းရပါလေတော့၏။

(၃)ညတိတိ စွန်ပလွံသီးထောင်းပြီးလေသော် အိပ်ရေးဝပြီ ဖြစ်ခဲ့သော ဗေလာလ်က ကျေးဇူးတော်အထူးတင်၍ မည်သို့ကျေးဇူးတုံ့ပြန်ရပါမည်နည်းဟု မေးခဲ့ရှာလေသည်။ ချစ်နဗီက လောကီ၏ ကျေးဇူးတုံ့ပြန်မှုအားမလိုလား။ ကျေးဇူးဆပ်ချင်သပဆိုလျှင် 'ကလေမာဟ်တော်'ဖတ်၍ အီမာန်လက်ခံစေခဲ့သည်။ သခင်သည် နှုတ်တုံ့မဆိုင်းဘဲ ကလေမာဟ်တော်အား ရွတ်ဖတ်သရဇ္ဈာယ်ပြီး အီမာန်ကို ကြည်ဖြူစွာ လက်ခံရယူခဲ့လေသည်။ ယခုချိန်ခါတွင် ကျေးဇူးရှင်တို့အား သဘော

ရိုင်းနှင့်ကျောခိုင်းကာ နေကြလေသော ကာလ၌ နူတ်တံ့မဆိုင်း ကလေမာဟ်တော်ဖတ်၍ ကျေးဇူးဆပ်ခဲ့လေသော ကျေးဇူးသိတတ်သည့် ဟဇရသ်ဗေလာလ်အား အမှန်ပင် တမ်းတမှန်းဆ၍ လွမ်းရပါလေသည်။

ဗေလာလ်သခင် အီမာန်ယူထားကြောင်းကို ၎င်း၏ငွေဝယ်သခင်ကသိလေသော် ဒီးန်ကို အမုန်းထားပြီး ရက်စက်မှုအဖုံဖုံနှင့် ကမ်းကုန်အောင် နှိပ်စက်ညှင်းပန်းခဲ့လေတော့သည်။ သဲပူပြင်ပေါ် ပက်လက်အိပ်စေပြီး ရင်ထိပ်ပေါ်တွင် ဇရာမကျောက်တုန်းကြီးကို တင်ကာဖိ၍ နေပူလှမ်းထားခဲ့သည်။ သခင်၏နူတ်တော်မှ (အဟဒ်၊ အဟဒ်) 'တစ်ပါးတည်းသောအသျှင်၊ တစ်ပါးတည်းသောအသျှင်' ကိုသာ မနားတမ်း ရွတ်ဖတ်တမ်းတပြီး အမှားရှေ့ဝယ် ဦးညွတ်မှု မပြုခဲ့ချေ။ နေ့ကုန်ဆုံး၍ ညရောက်လာသော် တစ်မျိုးပြောင်းပြီး နှိပ်စက်သည်မှာ နေလှန်းထားသော သခင်၏ ခန္ဓာကိုယ်အား ကြာပွတ်နှင့် တညတာလုံး ရိုက်နှက်ခဲ့လေသည်။ သို့ဖြစ်ငြားလည်း တစ်ပါးတည်းသော အသျှင်ကို မစွန့်လွှတ်ဘဲ နူတ်တော်မှ (အဟဒ်၊ အဟဒ်)ဟုသာလျှင် 'ပိုင်ရှင်'အစစ်အား တမ်းတကြွေးကြော် ခေါ်ဆိုလျှက် ရှိနေသည်မှာလည်း ပြန်လည်တွေးမိပါက လွမ်းဆွတ်ဖွယ်ရာပင် ဖြစ်ပါလေ၏။

မျက်မှောက်အချိန်ကာလတွင် အနည်းငယ်သောဒုက္ခ၊ အနည်းငယ်သောကြပ်တီးဆင်းရဲမှု၊ အနည်းငယ်သော ရောဂါဝေဒနာ ခံစားရမှု

များဖြင့် အလွှာဟ်အသျှင်မြတ်က စမ်းသပ်လေသော် ထိုဒုက္ခများမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း အားကိုးရာရှာကြံပြီး အီမာန် ပျက်သွားရသည့်(ဗေဒီးန်)အဖြစ်ထိ ချဉ်းကပ်အားထား ဖောက်ပြန် သွားကြသူများအား တွေ့မြင်ရလေသော် ရင်ဝယ်မချိခံစားရမိပြီး ရွှေခေတ်အား ပြန်လည်တမ်းတ လွမ်းဆွတ်ရမိပြန်ပါသည်။

ဟဇရသ်ဗေလာလ်၏ အဖြစ်များအား ဟဇရသ်အဘူဘကရ် ကြားသိရလေလျှင် အီမာန်ရှင်ချင်း ညီနောင်ရင်းသို့ ရင်တွင်းမချိ စာနာသော အသိစိတ်ဓာတ်နှင့်ပင် မတန်တဆစေ့းပေးဝယ်ပြီး ကျွန်ဘဝမှလွတ်မြောက်စေကာ ချစ်နဗီထံ အပ်နှံခဲ့လေသည်။ ဤအဖြစ် မှာလည်း ကျွန်ုပ်တို့အတွက် လွမ်းဆွတ်ဖွယ်ရာ ဖြစ်ရပြန်ပါသည်။ ယခုအခါသမယ အီမာန်ရှင်ချင်း၏ ဒုက္ခတို့အား စာနာမှုမရှိ၊ မသိဟန်ဆောင် ပြောင်ပြောင်တင်းတင်းနှင့် မိမိတို့၏ပစ္စည်းဥစ္စာအား လိုအပ်တောင်းတသူများအပေါ်တွင် သုံးရန်ဝေးစွ၊ တာဝန်ကျ ဇကားသ ဒါနကြေးကို ဆင်ခြေများပေးပြီး ရှောင်ပြေးနေကြလေသည်။ တာဝန်ရှိ သော မိဘသားချင်း၊ အိမ်နီးချင်းတို့ကိုပင်လျှင် ပြန်လှည့်မကြည့်ကြ တော့သည့်ကာလတွင် ရွှေခေတ်မှ စွဟာဘာကြီး ဟဇရသ်အဘူဘကရ် ၏ နှလုံးအိမ်တွင်းမှ ဖြာထွက်စီးဆင်းလာခဲ့သော စေတနာ မြစ်တစ်စင်း ကိုတော့ အထူးပင်မြတ်နိုးလေးစားတန်ဖိုးထား၍ ပြန်လည် လွမ်းရ၊ တမ်းတရပါလေ၏။

ချစ်နဗီသည် ဟဇရသ်ဗေလာလ်အား ကြင်နာစွာ အနီးမှာထား၍ ဆောင်ရွက်ဖွယ်ရာ အဖြာဖြာတို့အား အတွင်းရေးမှူးပမာ ခန့်ထားဆောင်ရွက်စေတော်မူ၏။ လိုအပ်တောင်းတသော ဆင်းရဲသားတို့ ချစ်နဗီထံ ရောက်လာကြလျှင် ဗေလာလ်သခင်က ရှိပစ္စည်းများကို ခွဲဝေပေးကမ်းရ၏။ ပေးစရာအသင့်မရှိသော် သခင်သည် ကြွေးချေးယူ၍ပင် ချစ်နဗီ၏ဆန္ဒမွန်အား ဖြည့်ဆည်းပေးတော်မူခဲ့လေသည်။

တစ်နေ့သောအခါတွင် မွတ်ရှရစ်က် တစ်ဦးသည် သခင့်ထံ ရောက်လာ၍ သူ၏ထံတွင် ပစ္စည်းများစွာရှိနေကြောင်း လိုအပ်လျှင် သူ့ထံမှ ယူငင်သုံးစွဲရန် ပြောဆိုလာသဖြင့် သဘောရိုးထင်ကာ သခင်သည် ပေးကမ်းလှူဒါန်းရန် လိုအပ်သမျှအား ထိုမွတ်ရှရစ်က်ထံမှ ပင် ယူ၍သုံးစွဲခဲ့လေသည်။ ရက်အတန်ကြာသော် တစ်နေ့သောအခါတွင် ဗေလာလ်သခင်သည် အာဇာန်ဆိုရန် ပြင်ဆင်နေစဉ် ထိုမွတ်ရှရစ်က်သည် လူစုလူဝေးနှင့်ရောက်ရှိလာပြီး သခင့်အားအမည်မခေါ်ဘဲ (ဟဗ္ဗရှီ-ငမဲ)ဟုနှိမ့်ချ၍ခေါ်လိုက်သည်။ ဆဲရေးတိုင်းထွာသည်။ မဖွယ်ရာသော စကားများကို ပြောဆိုဆက်ဆံသည်။ လကုန်ရက်အား မေးသည်။ (၄)ရက်သာကျန်တော့ကြောင်း သခင်ကဖြေလေသော် လကုန်၌ သူ၏ငွေများ မဆပ်နိုင်လျှင် ငွေအစား ကျွန်ပြုမည်။ ပထမဘဝကဲ့သို့ တိရစ္ဆာန်များကျောင်းနေရမည် ဟု သေးသိမ်အောက်ကျစေသော စကားရပ်များဖြင့် ပြောဆိုစော်ကား၍ ပြန်သွားခဲ့လေသည်။ စိုးရိမ်ပူပန်မှုများ

ဖြင့် သခင်သည် ချစ်နဗီနှင့် တစ်ဦးချင်းတွေ့ဆုံကာ အကြောင်းစုံအား လျှောက်ထားခဲ့လေသည်။ တဖန် ကိုယ်တော်၏ ထံတော်တွင်လည်း ယခုပေးဆပ်ရန် ဘာမျှမရှိ၊ ကျွန်တော်လည်းမကြံတတ်ပါ။ ထို မွတ်ရှရစ်က်က ကျွန်တော့်အား သေးသိမ်အောင် ပြုပါလိမ့်မည်။ “ထိုအကြွေးပေးဆပ်နိုင်သည့် အချိန်တိုင်အောင် ကျွန်တော့်အား တိမ်းရှောင်နေခွင့်ပေးပါ”ဟု သနားဖွယ်ရာ လျှောက်တင်လေခဲ့၏။ ချစ်နဗီအတွက် ကြွေးချေးယူလျှက် အရှက်ရ သိက္ခာကျပြီး ကျွန်ပြန်ဖြစ်မည်စိုးသောကြောင့် တိမ်းရှောင်ရန် ခွင့်ပန်ခဲ့ရှာသော သခင်၏ အဖြစ်သည် အမှန်ပင်လွမ်းဆွတ်ဖွယ်ရာဖြစ်ရပါ၏။

ထို့နောက်သခင်သည် အိမ်သို့ပြန်၍ ခရီးအတွက် စီစဉ်မှု ကိုပြု၏။ နံနက်လင်းအာရုဏ်တက်ချိန်ကို စောင့်နေခဲ့၏။ အာရုဏ် မတက်မီပင် ချစ်နဗီ၏ထံတော်ပါးမှ လူလွှတ်၍ ခစားရန်အမိန့်ရှိ ကြောင်းကို သတင်းရလေတော့၏။ အမိန့်အတိုင်း သခင်သွားရောက် ခစားလေရာ ကုလားအုပ်(၄)ကောင်အား ဝန်အပြည့်နှင့် ဝပ်နေသည်ကို တွေ့ရလေသည်။ ချစ်နဗီက ဝမ်းမြောက်ဝမ်းသာ မိန့်မြွက်တော်မူသည် မှာ “အလွှာဟ်အရှင်က သင်၏အကြွေးများပေးဆပ်ရန် စီမံပေးတော် မူလိုက်ပြီ၊ ဤကုလားအုပ်များနှင့် ပစ္စည်းတို့သည် သင့်အတွက် ဖြစ်သည်။ (ဖွေဒပ်က်)သူဌေးစော်ဘွားက ငါ့အား လက်ဆောင်ပေးခြင်း ဖြစ်သည်”ဟု မိန့်လေသော် သခင်သည် ဦးစွာ အလွှာဟ်အသျှင်အား

ကျေးဇူးတင် ရှုကုရ်ပြုပြီး ပျော်ရွှင်စွာဖြင့် ကြွေးအားလုံးကို ဆပ်လေ တော့၏။ ကြွေးဆပ်ပြီးသော်လည်း ပစ္စည်းအချို့ ကျန်နေသေးသည့် အတွက် ချစ်နဗီသည် စိတ်မချမ်းမြေ့ဖြစ်ကာ အိမ်တော်သို့ မပြန်ဘဲ ဗလီတွင်ပင် နေတော်မူခဲ့၏။ နောက်တစ်နေ့သည် အေရှာဟ်နမားဇ် ဖတ်ပြီးသော် လိုအပ်သူများကို ပေးဝေ၍ ပစ္စည်းများ မကျန်တော့ပါ ကြောင်း လျှောက်ထားလေသော်မှ ချစ်နဗီသည် အိမ်တော်သို့ ကြွမြန်း သွားလေတော်မူ၏။

အိုး-စာရှူသူ ဤသည်မှာလည်း ရွှေခေတ်မှ လွမ်းဆွတ်ဖွယ်ရာ တစ်ခုပါ။ မိမိ၏ချစ်နဗီအတွက် ကာဖွရ်မွတ်ရှရစ်ထံမှ ကြွေးချေး ယူပြီး ဆန္ဒတော်အား ဖြည့်ဆည်းပေးခဲ့သည်။ ထို့အတွက် ဆဲဆိုခြင်း ခံခဲ့ရပြီး ကျွန်ပြုမည်ဟု ကြိမ်းမောင်းခြင်းကိုလည်း ခံရ၏။ ချစ်နဗီထံ ကာဖွရ်၏ ကျွန်ဘဝကို စက်ဆုပ်၍ တိမ်းရှောင်ရန် ခွင့်ပန်ခဲ့ရှာ၏။ ချစ်နဗီ၏ ခိုင်းစေချက်အား ဤသို့ထမ်းရွက်ခဲ့သည့်အပေါ် ထွက်ပြေး တိမ်းရှောင်ရမည့် အခြေအနေထိပင် ဆိုက်ရောက်ခဲ့၏။ သို့ရာတွင် သခင်သည် ထိုအဖြစ်အား ကျေနပ်ကြည်ဖြူစွာ ခံယူခဲ့ရှာသည်မှာ ချစ်နဗီအတွက် စွန့်လွှတ်ရဲ၊ စွန့်စားရဲသော သတ္တိပင် ဖြစ်လေ၏။

ချစ်နဗီယူဆောင်လာခဲ့သော ဤသာသနာတော်အတွက် စွန့်လွှတ်ရဲ၊ စွန့်စားရဲသော သတ္တိများ လုံးဝဆိတ်သုဉ်း ပျောက်ကွယ် နေသော ဤအခါသမယ၌ အမှန်တကယ်ပင် ရွှေခေတ်ကို ပြန်လည်

တမ်းတလျှက် လွမ်းဆွတ်မိရခြင်းသည်ကား မှားအံ့မထင်ပါ။ ဟဇရသ် ဗေလာလ်သည် အလွာဟ်အသျှင်၏ ကျေးဇူးတော်ကြောင့် အချိန်မှီ၊ အချိန်ကိုက် ရောက်ရှိလာသော ပစ္စည်းများအား အလွာဟ်အသျှင်ကို မမေ့ ကျေးဇူးတော်ကို ဦးစွာတင်၍ ပျော်ရွှင်စွာ ကြွေး ပေးဆပ်ခဲ့သည် ကိုလည်း ပြန်လည်သုံးသပ်လျှက် လက်ဝယ် ကြွေးဆပ်ရန် ပစ္စည်း ရရှိလာလျှင် ပေးဆပ်နိုင်အောင် စီစဉ်ပေးတော်မူသော အသျှင်သခင် အား မမေ့မလျော့ကျေးဇူးတော်တင်၍ ပျော်ရွှင်စွာပင် ဆပ်လိုက်ရမည်။ မျက်မောက်ခေတ်တွင် ကြားသိတွေ့မြင်ရသည်မှာ ပစ္စည်းပစ္စယ ဝင်လာ ပါလျှင် အသျှင်သခင်ကိုမေ့ပြီး (ငါ့ကြောင့်၊ သားကြောင့်၊ လင်ကြောင့်) ဟု အထင်မှား၊ အပြောမှားနှင့် ကျေးဇူးတွေ တလွဲတင်နေကြကာ (ဝါဂျစ်ဗ်)တာဝန်ဖြစ်သော ကြွေးများကိုလည်း မဆပ်ဘဲ လွဲရှောင်၍ ပြောင်ပြောင်တင်းတင်းပင် နေကြလေတော့၏။ ဤသည်မှာလည်း ရွှေခေတ်အား လွမ်းဆွတ်ဖွယ်ရာပါ။

လွမ်းဆွတ်ဖွယ်ရာ ဟဇရသ်စိုမိုင်ယာ

ရွှေခေတ်၏ လွမ်းဆွတ်ဖွယ်ရာများတွင် စွဟာဗီယာ အမျိုးသမီးကြီး ဟဇရတ်စိုမိုင်ယာသည်လည်း လွမ်းဆွတ်ဖွယ်ရာ သခင်မတစ်ပါးပင် ဖြစ်ပါလေ၏။ သာသနာတော်အတွက် အီမာန် အတွက် ပထမဦးဆုံး အသက်ကို စွန့်လွှတ်စတေး၍ အစွလာမ့်သမိုင်း

တွင် ပထမဦးစွာ ရုဟီဒီအဖြစ်ကို မှတ်တမ်းတင်နိုင်ခဲ့သူ စွဟာဗီယာ အမျိုးသမီးဖြစ်ပေသည်။

သာသနာထွန်းကားခါစ အစွလာမ့်ခေတ်ဦးအခါသမယတွင် သခင်မကြီးသည် စောစီးစွာပင် အီမာန်သက်ဝင်ယုံကြည်ခဲ့လေရာ ထို့အတွက်ကြောင့် တူတော်သူ အဘူဂျဟလ်၏ ဒုက္ခပေးနှိပ်စက်မှုများအား ခင်ပွန်းယာစင်ရ၊ သားတော်အမွာရ်နှင့်အတူ တစ်မိသားစုလုံးမှာ ညှင်းပန်းနှိပ်စက်ခြင်းကို အလူးအလဲခံခဲ့ရရှာလေသည်။ ချစ်နဗီသည် စိုမိုင်ယာသခင်မကြီးတို့မိသားစု ညှင်းပန်းနှိပ်စက်ခံရသောနေရာသို့တိုင် လာရောက်၍ အီမာန်ကိုမလွတ်ရန် ဇွဲသတ္တိဖြင့် အီမာန်အပေါ် ကြံ့ခိုင်စွာ ရပ်တည်ရန်နှင့် ကြုံလာသမျှ ဘေးဒုက္ခတို့အား စွဗရ်ပြု သည်းခံကြရန် လာရောက်နှစ်သိမ့်အားပေးခဲ့ရှာလေသည်။

သခင်မကြီးသည် ချစ်နဗီ၏ နှစ်သိမ့်အားပေးစကားများကို ဦးထိပ်ထား၍ မိမိတို့၏အီမာန်ကို ထိန်းသိမ်းလျက် ကြံ့ခိုင်သော ဇွဲသတ္တိများဖြင့် စွဗရ်ပြုရင်း အဘူဂျဟလ်၏လက်ချက်ဖြင့် သခင်မကြီးမှာ ရုဟီးဒ်ဖြစ်ခဲ့ရလေသည်။ သခင်မကြီးသည် ခန္ဓာကိုယ်မှာ အသက်ဝိဉာဉ်ကိုသာလျှင် ထွက်စေခဲ့။ အီမာန်ကိုကား မထွက်စေခဲ့ပေ။ အမျိုးသမီးတစ်ဦး ဖြစ်သော်ငြားလည်း အစွလာမ်၏ သမိုင်းစာမျက်နှာပေါ်တွင် ဤကဲ့သို့ ပထမဦးဆုံး ရုဟီးဒ်၏ဘွဲ့ထူးကို ဆွတ်ခူးခဲ့သူအဖြစ် မှတ်တမ်းတင်ခြင်း ခံခဲ့ရသူသည် စွဟာဗီယာအဖွားအို ဟဇရသ်

စိုမိုင်ယာသာလျှင် ဖြစ်ပါလေ၏။ ဤသည် အမျိုးသမီးများအတွက် အားကျဖွယ်၊ လွှမ်းဆွတ်ဖွယ်ရာပါ။

ယခုအခါသမယတွင် ဒုက္ခအနည်းငယ်ရောက်ရုံ၊ ကျန်းမာရေး အနည်းငယ်ချို့တဲ့ရုံ၊ ပစ္စည်းတစ်ခုတစ်လေ ပျောက်ရုံမျှနှင့်ပင် မိမိတို့၏ အီမာန်အား အပျက်ခံ၊ အထွက်ခံလိုက်ကြပေတော့၏။ ထိုဒုက္ခ၊ ထို ကျန်းမာရေး၊ ထိုပစ္စည်းပျောက်ရုံလေးနှင့် ရှရီအတ်က တားမြစ်ထား သည့်နေရာများသို့ပင် သွားရောက်အားကိုး၊ အားထားပြုခြင်း၊ တားမြစ် ထားသော ဗေဒီးန်လုပ်ငန်းတို့ကို လုပ်ဆောင်ကြခြင်းတို့ဖြင့် မိမိတို့၏ အီမာန်အား ပျက်စေ၊ ထွက်စေ၊ လုပ်နေကြသည်ကို အများအားဖြင့် အစွလာမ့်ဝန်းကျင်တွင် တွေ့မြင်ရလေသောအခါ ရွှေခေတ်ဦးမှ စိုမိုင်ယာသခင်မကြီးအား သတိရ၊ လွှမ်းဆွတ်မိပါတော့သည်။ အမှန် တကယ်ပင် လွှမ်းလည်းလွှမ်းထိုက်ပါပေသည်။ အသက်ထက် တန်ဖိုးရှိ သော မိမိတို့၏ အီမာန်အတွက် အားကျဖွယ် ကျင့်သုံးလိုက်နာဖွယ် ရာလည်း ဖြစ်ပါ၏။ အို-စာရှူသူ ပစ္စည်းပျောက်ပါစေ၊ အီမာန်မပျောက် ပါစေနှင့်၊ ဥစ္စာပျက်စီးပါစေ၊ အီမာန်မပျက်စီးပါစေနှင့်၊ အသက်ထွက် သွားပါစေ အီမာန်မထွက်ပါစေနှင့်။ မိမိ၏အီမာန်ကို ထိန်းသိမ်းရန်မှာ မိမိ၏တာဝန်ပါ။ အီမာန်ကို တိုးတက်စေမည့် ထိုင်ဝိုင်းများတွင်ပါဝင်ပါ။ အီမာန်ကျဆင်းစေမည့် အသိုင်းအဝိုင်းများကို ရှောင်ကျဉ်ပါ။

လွမ်းဆွတ်ဖွယ်ရာ စွဟာဇီယာ

ချစ်နဇီလက်ထက်တော်တွင် စွဟာဇီယာ အမျိုးသမီးတစ်ဦး ရှိခဲ့လေသည်။ သူမသည် ဇနောမှုကို ကျူးလွန်မိပြီး ထိုအမှားအပေါ် ရှက်နောင်တရ၍ ချစ်နဇီထံ ရောက်လာခဲ့လေသည်။ ထိုပြစ်မှုနှင့် ပတ်သက်၍ ရှရီအသ် တရားတော်အတိုင်း အပြစ်ပေးပါရန်နှင့် အာခေရတ်၌ ဤရှက်ဖွယ်ကိစ္စ မပါစေရန် ဒွန္ဒယာတွင်ပင် အပြစ်အစား ယူသွားလိုပါကြောင်း လျှောက်ထားခဲ့လေသည်။

ချစ်နဇီသည် ထိုစွဟာဇီယာ အမျိုးသမီး၏ အမှားဝန်ခံမှုနှင့် အပြစ်ပေးပါရန် တောင်းခံမှုအပေါ်တွင် လွန်စွာသနားကရုဏာသက်ရောက်တော်မူခဲ့လေသည်။ စုံစမ်းမေးမြန်းလေသော် ထိုကျူးလွန်မှုဖြင့် (ဟမလ်)ကိုယ်ဝန်ဆောင် ရှိနေကြောင်းသိရပြန်သော် ပို၍ပင် သနားကရုဏာသက်၍ မွေးဖွားချေဦးဟု ပြန်လွှတ်ခဲ့၏။ ထိုစွဟာဇီယာ အမျိုးသမီးသည် အချိန်တန်၍ဖွားမြင်ပြီးသော် မွေးကင်းစကလေးငယ်ကိုရင်ဝယ်ပိုက်၍ ချစ်နဇီထံပြန်ရောက်လာပြန်လေ၏။ ကလေးငယ်နှင့် အမျိုးသမီးကို မြင်ရလေသော် ချစ်နဇီသည် ပိုမို၍ပင် သနားကရုဏာသက်တော်မူလှသဖြင့် ကလေးငယ်အတွက် တာဝန်ရှိသောကြောင့် (၂)နှစ်အရွယ်ထိ နို့တိုက်ချေဦးဟုမိန့်ကာ ပြန်လွှတ်လိုက်လေ၏။

(ရဟ်မတ်တွလ်လင်လ်အာလမီးန်)ဖြစ်သော ချစ်နဇီသည်ကား လောကအပေါင်းအား ရဟ်မတ်ကရုဏာသက်ရောက်ရန် ပွင့်ရောက်

လာတော်မူသဖြင့် ကရုဏာရှင်ဖြစ်သည့်အားလျော်စွာပင် အကြောင်းရှာ၊ အချိန်ဆွဲနေခြင်းသာ ဖြစ်လေ၏။ ဤအချိန်များကြားထဲတွင် ထိုအမျိုးသမီး စိတ်ပြောင်းပြီး တောင်ဗာဟ်လုပ်၍ ပြန်မလာတော့လျှင်လည်း မလာပါစေနှင့်တော့ ဟူသည့်စေတနာသည်လည်း ပါရှိခဲ့၏။ သို့ရာတွင် (၂)နှစ်ပြည့်သော် ထိုအမျိုးသမီးသည် ကလေးငယ်၏ လက်တွင် မုန့်ပေးပြီး ပြန်လည်ရောက်လာခဲ့လေသည်။ ကလေးသည် နို့ပြတ်၍ မုန့်စားတတ်နေပါပြီဟု လျှောက်တင်ကာ အပြစ်ဒဏ်ခတ်ပါရန် တောင်းပန်ပြန်၏။

အို-စာရှူသူ ချစ်နဗီ၏လက်ထက်တော်မှ ဤစွဟာဗီ အမျိုးသမီး၏ ဖြစ်ရပ်သည်ကား အံ့ဖွယ်ရာပင်။ သာသနာပေါ်တွင် ကြုံခိုင်စွာရပ်တည်ပြီး မှားမိသည့်ဂိုနာဟ်အတွက် ရှရီအတ်၏ အဆုံးအမကို တောင်းဆိုနေပေသည်။ အမှန်မှာ စွဟာဗီအမျိုးသမီး၏ ဤဖြစ်ရပ်သည်ကား နောင်လာနောင်သားသမီး အီမာန်ရှင်တို့အတွက် အလင်းရောင်ပေး၊ လမ်းပြလိုက်ခြင်းသာလျှင် ဖြစ်ပါ၏။ ထိုစွဟာဗီယာမကြီးသည် သာသနာတော်ကို ပြည့်စုံစေရန်အတွက် အကြောင်းခံ တစ်ခုသာလျှင် ဖြစ်လေသည်။ ဇေနာ ကာမေသုပြစ်မှုအတွက် ထိုစွဟာဗီယာအမျိုးသမီးအပေါ်တွင် အပြစ်မမြင်အပ်၊ အပြစ်မတင်အပ်ပေ။ ချစ်နဗီမိန့်ခြွေခဲ့လေသည်မှာ ...

❖ **ငါရစူလ်၏ စွဟာဘာများနှင့်ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြ၊ ၎င်းတို့အား အပြစ်တင်ရာ ပစ်မှတ်မပြုကြနှင့်၊ အကြင်မည်သူမဆို ၎င်းတို့အား ချစ်ခင်လျှင် ငါရစူလ်ကို အချစ်ထား၍ ချစ်ခင်ခြင်းဖြစ်၏။ ၎င်းတို့အား အမုန်းထားလျှင် ငါရစူလ်ကို မုန်းသဖြင့် အမုန်းထားခြင်းဖြစ်၏။**

၎င်းတို့အား ဒုက္ခပေးသော် ငါရစူလ်အား ဒုက္ခပေးသူမည်၏။ ငါရစူလ်ကို ဒုက္ခပေးလျှင် အလ္လာဟ်အသျှင်မြတ်အား ဒုက္ခပေးရာမည်၏။ အလ္လာဟ်အသျှင်အား ဒုက္ခပေးလျှင် ထိုသူသည် မကြာမီ ဖမ်းချုပ်ခြင်း ခံရမည်ဖြစ်၏။ (ဟဒီးစ်)

❖ **အကြင်သူသည် ငါရစူလ်၏ စွဟာဘာများနှင့် ပတ်သက်၍ ငါရစူလ်အား ထောက်ထားလျှင် ငါရစူလ်ရှိရာ ကောင်စရ်ကန်တော်သို့ ရောက်နိုင်မည်ဖြစ်၏။ မထောက်ထားသူတို့သည် ရေကန်အနီးသို့ မချဉ်းကပ်နိုင်ပေ။ ၎င်းတို့သည် အဝေးမှသာ ငါရစူလ်အားမြင်ရမည်။ (ဟဒီးစ်)**

ထို့အတွက်ကြောင့် ထိုစွဟာဗီယာ အမျိုးသမီးကြီးသည်ကား ဒီးန်သာသနာ ပြည့်စုံစေရန်အလို့ငှာ အကြောင်းခံတစ်ရပ်သာ ဖြစ်ပါကြောင်း မှတ်သားနားလည် လက်ခံကြရမည်။ အပြစ်မတင်အပ်ပေ။ မွတ်စလင်မ်များအား သာသနာရေး ပြည့်စုံစေရန် သင်ပေး၊ သင်ယူ

ပြုခြင်း။ တစ်နည်းအားဖြင့် ရှရီအတ်၏ အမိန့်ကိုနာခံ၍ အလင်းပြပေး ခြင်းသာ ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်၏။

ထိုစွဟာဗီယာ အမျိုးသမီးကြီးက ရှရီအတ်အရ အပြစ် ပေးတော် မူပါရန် ချစ်နဗီထံအကြိမ်ကြိမ် တောင်းခံခဲ့ခြင်းအပေါ်တွင် ထို အမျိုးသမီးအား ခဲဖြင့် အသေပစ်ပေါက်ရန် ချစ်နဗီသည် စွဟာဘာများ အား အမိန့်ပေးခဲ့ရလေ၏။ (ရှရီအတ်၏အမိန့်မှာ ဇေနာ ကျူးလွန်မှု အတွက် အပျို၊ လူပျိုကျူးလွန်လျှင် ကြိမ်ဒဏ်(၁၀၀)စီ ရိုက်ခံရခြင်း ဖြစ်ပြီး အိမ်ထောင်သည်ချင်း ဖောက်ပြန်လျှင် ခါးတစ်ဝက် အနက်တူး ထားသော မြေကျင်းထဲတွင် ရပ်စေလျက် မသေမချင်း ခဲနှင့် ပစ်ပေါက် သတ်ရလေသည်။) စွဟာဘာများသည် ခဲများဖြင့် ဝိုင်းဝန်း၍ ပေါက်ခဲ့ ကြလေသည်။ တစ်ချိန်တွင် ခဲပေါက်နေကြရင်းမှ ထိုစွဟာဗီယာ အမျိုးသမီးထံမှ သွေးများပန်းထွက်လာပြီး သွေးတစ်စက်သည် စွဟာဘာတစ်ပါးထံ အရှိန်နှင့်လွင့်စင်ကာ ထိမှန်သွားလေသည်။ ထိုစွဟာဘာသည် သွေးစက်အား အလွန်ရွံရှာစက်ဆုပ်သည့် အသွင် သဏ္ဌာန်ဖြင့် ဆေးကြောသန့်စင်ရန် ပြင်ဆင်လေသော် ထိုအချင်းအရာ အား မြင်တော်မူပြီး ချစ်နဗီက "ဤသည် အပြစ်ကင်းစင်သော သူတော်စင်၏ သွေးဖြစ်သည်။ မရွံရှာလေနှင့်။ ဤဒွန္ဒယာမှာပင် ရှရီအတ်တရားတော်အတိုင်း စီရင်မှုကို ခံယူသွားခဲ့သော အပြစ်မပါရှိ

တော့သည့် သူတော်စင်မပင်ဖြစ်၏။ ဤသွေးသည် သန့်စင်သောသွေး ပင်ဖြစ်၏။" ဟုမိန့်ဆွေတော်မူခဲ့လေသည်။

သာသနာတော် ပြည့်စုံစေရန်အတွက် အကြောင်းခံဖြစ်ခဲ့သော ထိုစွဟာဗီယာ အမျိုးသမီးကြီး၏စံနမူနာသည်ကား မျက်မှောက်ခေတ်၌ ဂိုနာဟ်ပြစ်မှုအား ဂိုနာဟ်ဟုပင်မထင်ကြဘဲ ပြောင်ပြောင်တင်းတင်း ကျူးလွန်နေကြခြင်း၊ ပြုမိပြီးသော အပြစ်ဂိုနာဟ်များအပေါ်တွင်လည်း ရှက်ကြောက်ရမှန်း မသိကြတော့ဘဲ အကြိမ်ကြိမ်ကျူးလွန်နေကြခြင်း။ စသည့်ဂိုနာဟ်များကြောင့် နှလုံးသားတို့မှာ မဲမှောင်နေကြရကား ထို ဂိုနာဟ်တို့အတွက် ခံစားချက်၊ နာကျည်းချက်တို့ပင် မရှိကြတော့ ခြင်းတို့အား မျက်ဝါးထင်ထင်တွေ့မြင်လာရလေသော် သခင်မကြီး၏ စံနမူနာသည် မမေ့နိုင်စရာ၊ လွှမ်းဆွတ်ဖွယ်ရာ ဖြစ်လာခဲ့ရပါလေ၏။

❖ **သူတော်စင်တို့သည် အပြစ်ဂိုနာဟ်အား တောင်ကြီးပိနေသည့် အလား ဝန်လေးဖွယ်ထင်ကြ၏။ သူယုတ်မာတို့သည်ကား ဂိုနာဟ် အား ယင်ကောင် နားသဖွယ် ထင်မှတ်၍ အရေးပင်မလုပ်ကြချေ။**

ထိုစွဟာဗီယာမကြီး၏ ဂိုနာဟ်အပေါ် ကြောက်ရွံ့မှုနှင့် အာခေရတ်၏ပြစ်ဒဏ်မှ လွတ်ကင်းစေရန်အတွက် ရှရီအတ်၏ အဆုံးအမအား ရဲရဲဝံ့ဝံ့ ခံစားပြလိုက်ခြင်းအပေါ်တွင် ချစ်နဗီကပင် သူတော်စင်မဟု ချီးကျူးခဲ့လေသည်။ ဒွန္ဆယာ၏ ဒုစရိုက်အား ဒွန္ဆယာ တွင်ပင် ရှင်းသွားဝံ့ခဲ့သည်။ သာသနာ့အလင်းရောင်ပေး၍ အမွှမ်တ်အား

လမ်းပြသွားခဲ့သော ကြယ်တာရာသဖွယ် ထိုစွဟာဇီယာ သခင်မကြီးအား ယနေ့အသျှင်၏ အမျက်တော်ပြေစေရန်အတွက် သောင်ဗာဟ်တွေ အထပ်ထပ်ဖတ်လျှက် အပြစ်များမှ ခွင့်လွှတ်တော်မူပါရန်အတွက် ပန်ကြားအသနားခံနေကြရသော ကျွန်ုပ်တို့မှာ အမှန်ပင် သတိရတမ်းတလွမ်းဆွတ်မိရပါလေသည်။

လွမ်းဆွတ်ဖွယ်ရာ ဟဇရတ်ဖွာသွေမာဟ်

ချစ်နဗီ၏အချစ်ဆုံးနှင့် အထွေးဆုံး သမီးတော်ဖြစ်လေသည်။ မည်မျှပင်ချစ်လေသနည်းဆိုသော် ဂျေဟာဒ်အတွက် ခရီးထွက်ရာတွင် သမီးတော်ကို နောက်ဆုံးမှ နှုတ်ဆက်တော်မူလေ့ရှိပြီး ခရီးမှပြန်ရောက်လာလေသော် သမီးတော်အား ပထမဦးစွာ ဝင်ရောက်တွေ့ဆုံနှုတ်ဆက်တော်မူလေ့ရှိ၏။ ဤကဲ့သို့ သမီးတော်အား လေးနက်စွာ ချစ်ခင်မြတ်နိုးတော်မူသဖြင့် (ဖွာသွေမာဟ်သည် ငါ၏အသဲနှလုံးပမာဖြစ်သည်။) ဟူ၍ပင် မိန့်မြွက်တော်မူခဲ့လေသည်။

တစ်ခါက ချစ်နဗီသည် သမီးတော်၏ နေအိမ်သို့ ကြွမြန်းတော်မူခဲ့သည်။ အိမ်၏အဝင်တံခါးပေါက်မှ စလာမ်ဆိုလျှက် အသံပြုနှုတ်ဆက်တော်မူ၏။ (မိဘတို့ကလည်း သားသမီးတို့အပေါ် စလာမ်မေတ္တာပို့သပေးရမည်ဖြစ်ကြောင်းကို သိရပေသည်။ စလာမ်ဟူသည်မှာ ဂုဏ်ပြုစကားမဟုတ်၊ ငြိမ်းချမ်းသာယာမှုအတွက် ဆုမွန်ကောင်းကို တောင်းဆိုပေးလိုက်ခြင်းသာလျှင် ဖြစ်ပေသည်။ ထို့ပြင် စလာမ်ပြု

အသံမပေးဘဲ မည်သူ၏အိမ်ကိုမှ စွတ်ရွတ်၍ မဝင်ရောက်ရပေ။) (၃)ကြိမ်တိတိ စလာမ်ပေးသော်လည်း အိမ်တွင်းမှ မတုံ့ပြန်လျှင် လှည့်ပြန် သွားရမည်သာဖြစ်၏။)

သမီးတော်သည် အတွင်းမှစလာမ်ကို တုံ့ပြန်၍ တံခါးကို ဖွင့်မပေးခဲ့ပေ။ ချစ်နဗီက ဒုတိယအကြိမ် စလာမ်ပြု၏။ သမီးတော်သည် စလာမ်ပြန်ဆိုသော်လည်း တံခါးကိုမူ ဖွင့်မပေးခဲ့ပေ။ တတိယအကြိမ်မြောက် စလာမ်အပေးအယူ ပြုလုပ်ပြီးနောက် ချစ်နဗီက သမီးတော်ကို စလာမ်ပြန်သော်လည်း အဘယ့်အတွက်ကြောင့် တံခါးကို ဖွင့်မပေးရသနည်းဟု အကြောင်းရင်းကို မေးလေ၏။ သမီးတော်က သူမတွင် ဖခမည်းတော်နှင့်တွေ့ဆုံရန် လုံခြုံမှုအတွက် အဝတ်အထည် လုံလောက်မှုမရှိသည့်အတွက် တံခါးဖွင့်မပေးရခြင်း ဖြစ်သည်ကို သံတော်ဦးတင် လျှောက်ထားခဲ့လေသည်။

ချစ်သမီးနှင့်တွေ့ဆုံရန် ဆန္ဒပြင်းပျလျှက်ရှိသော ချစ်နဗီသည် မိမိ၏ ဦးရစ်တော်ခေါင်းပေါင်း ပက္ကရီကိုချွတ်ယူပြီး တံခါးကြားမှ ထိုးသွင်းပေးလိုက်၍ ဤပက္ကရီကို ခြံရံလျှက် ဖခင်နှင့်တွေ့ဆုံရန် မိန့်တော်မူလေသည်။ သမီးတော်မှာ ပက္ကရီကို လွှမ်းခြုံပြီး ဖခမည်းတော်အား တံခါးဖွင့်ပေးတော်မူလိုက်လေသည်။ ချစ်နဗီသည် အိမ်တွင်းသို့ ဝင်ရောက်လာလေတော်မူသောအခါ မြေးတော်(၂)ပါး ဖြစ်ကြသည့် ဟဇရတ်ဟာစံနှင့် ဟဇရတ်ဟိုစိုင်တို့မှာ ငိုကြွေးလျှက် ရှိနေကြသည်ကို

တွေ့မြင်တော်မူခဲ့လေရာ ငိုရခြင်းအကြောင်းရင်းအား သမီးတော်ကို မေးတော်မူခဲ့၏။ သမီးတော်က ရင်သွေးတော်များမှာ ဆာလောင်မွတ်သိပ်မှုကြောင့် ငိုကြွေးနေကြပါကြောင်း၊ မိမိကိုယ်တိုင် မှာလည်း အစာအဟာရမရှိမှုအတွက်ကြောင့် နို့ရည်များမှာ ခန်းခြောက်နေရပါကြောင်း လျှောက်တင်တော်မူခဲ့ရှာလေသည်။

အိုး-စာရှူသူ မိဘနေရာမှ ချစ်နဗီအား ကိုယ်ချင်းစာနာ၍ ကြည့်စမ်းပါလေ။ အချစ်ဆုံးသမီးတော်နှင့် ရင်သွေးနှစ်ဖော် မြေးတော်တို့အတွက် ချစ်နဗီ၏ရင်မှာ မည်ကဲ့သို့များ ခံစားရရှာလေမည်နည်း။ သောကမုန်တိုင်းများ ထန်ကောင်းထန်နေပေအံ့။ မွေးဖခင်ပီပီ အနည်းနှင့်အများမှာတော့ဖြင့် မုချမလွဲ ခံစားခဲ့ရရှာပေမည်။ သို့ပါသော်ငြား လည်း ချစ်နဗီမှာ မည်သို့မျှမတတ်နိုင်ရှာပေ။ အလုံးစုံအားလုံးမှာကား အလွှာဟ်အရှင်မြတ်၏ သဘောတော်အတိုင်းသာလျှင် ဖြစ်ပေသည်။ အရှင်သခင် ကျေနပ်နှစ်သက်သလိုသာ နေကြရမည်။ အရှင်သခင် ကျွေးသလိုသာ စားကြရမည် မဟုတ်ပါလော။

ချစ်နဗီသည် မြေးတော်များ အငိုတိတ်စေရန်အတွက် မိမိ၏ လျှာတော်အား မြေးတော်တို့၏ ပါးစပ်များတွင် အလှည့်ကျထည့်သွင်း၍ လျှာရည်တော်အား စုပ်ယူမျိုးချစေတော်မူခဲ့လေသည်။ (ဤသည်ကား ချစ်နဗီ၏ မုအဲ့ဂျေဇ တန်ခိုးတော်ပင်ဖြစ်ပါ၏။) မြေးတော်တို့မှာကား ဘိုးတော်နဗီ၏လျှာရည်တော်အား အားပါးတရစုပ်မျိုသောက်ပို့ပြီးသော်

အဟာရများရရှိလျက် ဝမ်းဝတင်းတိမ် အိပ်ပျော်ခြင်းသို့ရောက်ရှိကုန်၏။ ထိုအချိန်က သားမက်တော် အလီသခင်မှာ အလွှာဟ်အသျှင်မြတ်လမ်းတော်တွင် သာသနာတော်အတွက် ဂျေဟာဒ်ထွက်နေသော ချိန်ခါသမယပင်ဖြစ်၏။

ချစ်နဗီသည် မြေးတော်(၂)ပါးထံမှ သမီးတော်၏ဘက်သို့ လှည့်၍ ကြည့်ရှုခဲ့လေသော် ထိုအချိန်တွင် သမီးတော် သခင်မမှာ မိုစွလွှာ အခင်းပေါ်၌ နမားဇ်ဝတ်ပြုနေတော်မူကြောင်းကို တွေ့မြင်တော်မူခဲ့လေသည်။ သမီးတော်မှာ ပိန်ချိနေသော ကိုယ်ခန္ဓာနှင့် နမားဇ်တွင် ရပ်နေရှာလေသည်။

အိုး-စာရှူသူ အသေအချာစဉ်းစားပါလေ။

ယနေ့ 'အူမ တောင့်မှ သီလ စောင့်နိုင်မည်'ဟု ကြွေးကြော်နေသူများအတွက် ရှက်ဖွယ်ရာပင် မဟုတ်ပါလော။ ခင်ပွန်းသည်က အလွှာဟ်လမ်းပေါ်တွင် မိမိရင်သွေးတို့မှာ စားစရာမရှိရှာသော်ငြားလည်း ဖခင်ထံမှောက်သို့ သွားရောက်၍လည်း အပူမပေးခဲ့ရှာ၊ မတောင်းခံခဲ့ပါ။

စားရလျှင်လည်း နမားဇ်ဖတ်၍ မစားရလျှင်လည်း နမားဇ်ဖတ်ပြီးလျှင် အရှင်သခင်၏ အမိန့်တော်တို့အား နာခံလျက် ကျွန်ပိသရန်ကြိုးစားအားထုတ်ခဲ့ရှာသော ချစ်နဗီ၏ ချစ်သည်းညှာ သမီးတော်ဖွာသွေမာဟ်သခင်မသည်ကား ဤကဲ့သို့ကြံ့ခိုင်သော ဇွဲသတ္တိများဖြင့်

ဒီးန် သာသနာတော်အတွက် အနစ်နာခံလျှက် ရှိခဲ့လေသည်။ ဤသည်မှာလည်း ကျွန်ုပ်တို့အတွက် အမှန်ပင်အားကျဖွယ်၊ အတုယူလိုက်နာဆောင်ရွက်ဖွယ်၊ လွမ်းဆွတ်ဖွယ်ဖြစ်ပါလေ၏။ "အူမ တောင့်မှ သီလ စောင့်နိုင်မည်" ဟုဆိုသောသူများကို သမီးတော်သခင်မ၏ ဖွဲ့သတ္တိနှင့် အနစ်နာခံမှုကို ဖတ်ပြီးသော် ရှက်တတ်လျှင်ရှက်ကြစမ်းပါဟူ၍ပင် ကြွေးကြော်နှိုးဆော်ချင်ပါ၏။

သမီးတော်သခင်မ၏ ကျော်ကြားသော လွမ်းဆွတ်ဖွယ်ရာ ဖြစ်ရပ်တစ်ခုမှာ တစ်ချိန်တွင် ခင်ပွန်းဖြစ်သူ ဟဇရသ်အလီက ချစ်နဗီထံတော်တွင် စစ်သုံ့ပန်းများရောက်နေသောကြောင့် အိမ်မှုကိစ္စဗာဟီရတို့၌ ဖွာသွေမာဟ်သခင်မ သက်သာရာရစေရန်အတွက် အစေခံကျွန်တစ်ယောက် တောင်းခံခိုင်းလိုက်လေသည်။ သခင်မသည် ခင်ပွန်းသည်၏ ခိုင်းစေချက်ကြောင့် ဖခင်ထံမှောက် ရောက်လာခဲ့ရသော်ငြားလည်း ကျွန်တောင်းခံရန်ကိုမူ ရှက်တော်မူသဖြင့် ခေတ္တခဏထိုင်ကာ မလျှောက်ထားတော့ဘဲ ပြန်လာတော်မူခဲ့လေသည်။ သခင်မသည် တောင်းရမ်းမှုအတွက်ဆိုလျှင် အလွန်ဟ်အရှင့်ထံတော်မှလွဲ၍ ဖခင်ထံမှပင် ကျွန် တောင်းရန်ကို ရှက်တော်မူခဲ့ရှာလေသည်။ လေးနက်စွာသုံးသပ်ပါလျှင် ယနေ့(မခ်လူးက်) အဖန်ဆင်းခံ အချင်းချင်း၏ ရှေ့မောက်၌ လက်ဖြန့်ခံနေကြသူများ အတွက်မှာမူရှက်ဖွယ်ရာပါ။

ထို့ပြင် ဆင်ခြင်ဖွယ်ရာပါ။ ထို့ပြင် သမီးတော် သခင်မအား လွမ်းဆွတ်ဖွယ်ရာပါ။

အို-စာရှူသူ ကျွန်ုပ်တို့အား "မရှိရာဘဝမှ ရှိရာဘဝသို့" ဖန်ဆင်းပေးတော်မူသောဖန်ဆင်းရှင်၊ အရာရာကို နိုင်နင်းလွမ်းမိုး တော်မူသော စွမ်းအားရှင်၊ အလွှာဟ်အသျှင်မြတ်သည်သာလျှင် ကျွန်ုပ်တို့၏ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများအား ပြည့်ဝစွာ ဖြည့်ဆည်း ပေးသနားတော်မူနိုင်ပေ၏။ ထိုအသိတရားအပေါ်တွင် လက်တွေ့ လိုက်နာဆောင်ရွက်သွားခဲ့သော သမီးတော် ဖွာသွေမာဟ်သခင်မအား သတိရတမ်းတလွမ်းဆွတ်မိရပါလေတော့၏။

ကျွန် တောင်းရန် ရှက်တော်မူ၍ ဖခင်ထံတော်ပါး၌ မလျှောက်ထားဘဲ ပြန်သွားခဲ့လေသော သမီးတော်၏အိမ်သို့ ချစ်နဗီသည် အကြောင်းစုံသိစေရန် ကြွမြန်းလာတော်မူခဲ့လေသည်။ သမီးတော်အား ပြန်သွားရခြင်းအကြောင်းရင်းကို မေးမြန်းလေရာ သားမက်တော် အလီသခင်က ကျွန် တောင်းခိုင်းလိုက်ခြင်းဖြစ်ကြောင်း တင်ပြ လျှောက်ထားခဲ့လေသည်။ ထိုအချိန်တွင် ချစ်နဗီသည် အချစ်ဆုံး သမီးတော်အား အလွန်တရာ တန်ဘိုးရှိလှစွာသော ဆုံးမစကားတို့ကို မိန့်ကြားတော်မူခဲ့လေသည်။ (ဤဒွန္ဒယာသည် စည်းစိမ်ခံယူရန်နေရာ မဟုတ်၊ အပင်ပန်းခံရမည့်နေရာသာလျှင်ဖြစ်ကြောင်း၊ အိမ်မှူဗာဟီရများကို သမီးတော်မှ ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လုပ်ငန်းများ

လုပ်ဆောင်ပြီးနောက် တစ်နေကုန် မောပမ်းသော်ငြားလည်း ညအိပ်ယာဝင်သောအခါတွင် စွဗ္ဗဟာနောလွှာဟ် (၃၃)ကြိမ်၊ အလွှဟမ္မဒို့လစ်လွှာဟ် (၃၃)ကြိမ်၊ အောလွှာဟို့အတ်ကွှဗရ် (၃၄)ကြိမ်၊ တ.သ ရွှတ်ဆိုပါ။ လောကဏ္ဍ အမောအပန်းများ ပြေပျောက်လျှက် ကျွန် ထက်ကောင်းသော အကျိုးဆဝါဘ်များကို ရရှိမည်ဖြစ်ကြောင်း) သတင်းကောင်းအား ညွှန်ပြသွန်သင် ဆုံးမတော်မူခဲ့လေသည်။ ထိုတပ်စ်ဗီဟ် သည်ကား 'တပ်စဗီဟ်ဖွာသွေမာဟ်' ဟုထင်ရှားလေသည်။ ညစဉ် အိပ်ယာဝင်သော် ထိုတပ်စ်ဗီးဟ်တော်အား ကျွန်ုပ်တို့ အွမ္မတ်သားများမှာ ဖတ်ကြားရွှတ်ဆိုလျှက် သမီးတော်အား ညစဉ်လွှမ်းဆွတ် နေရလေသည်။

တစ်နေ့သောအခါတွင် သမီးတော်မှာ (၁၃)နေရာ ဖာထေးထားသည့် ကုလားအုတ်သားရေ ဝတ်ရုံကိုခြုံထားပြီး ဂျုံများကို နယ်လျှက်ရှိနေခဲ့၏။ နှုတ်တော်မှလည်း ကျွှမ်းမြတ်ကုရ်အာန်အား အရသာယူ၍ ရွှတ်ဖတ်နေလေသည်။ ထိုမြင်ကွင်းအား ဖခမည်းတော် ချစ်နဗီမှာ ရှုစားတော်မူရာမှ ရွှေမျက်ရည်များ ကျလာတော်မူပြီးလျှင် (အို-သမီးတော် ဒွန္နယာ၏ဒုက္ခတို့အား သီးခံမှုဖြင့် အဆုံးသတ်၍ အာခေရတ်၏ ထာဝရပျော်ရွှင်မှုကို စောင့်ဆိုင်းပါလေ။ အရှင်မြတ် ချီးမြှင့်တော်မူပေမည်)ဟု အားပေးနှစ်သိမ့် မိန့်ဖြွက်တော်မူခဲ့လေသည်။ လွှမ်းဆွတ်ဖွယ်ရာ ထိုမြင်ကွင်းအား ယခုပင် မြင်ယောင်မိလေရင်း ချစ်နဗီ၏

ချစ်သည်းညှာ သမီးတော်ဖွာသွေမာဟ်သခင်မအား အမှန်ပင် လွမ်းဆွတ်မိရပြန်ပါသည်။

အို-စာရှုသူ စဉ်းစားဆင်ခြင်ပါလေ။ ချစ်နဗီမှာ မည်ကဲ့သို့သော ဖခင် ဖြစ်တော်မူလေသနည်း၊ အသဲနှလုံးသားပမာ ချစ်ခဲ့ရှာလေသော ရင်သွေးတော် ဖွာသွေမာဟ် သခင်မအား လောကီ၏ ဇိမ်ယူမှုကို ဦးစားမပေးခဲ့ပါ။ ဒုက္ခခံရန်ကိုသာ ဆုံးမခဲ့သည်။ စွဗရ်ပြုသီးခံမှုကိုသာ ညွှန်ပြခဲ့သည်။ နှစ်ဘဝ၌ အကျိုးဖြစ်ထွန်းစေမည့် ကျွန် ထက်ကောင်းသည့် တပ်စ်ဗီးဟ်တော်ကိုသာ ညွှန်ပြခဲ့လေသည်။

အို-စာရှုသူ သုံးသပ်၍ဆုံးဖြတ်ပါလေ။ ယခုချိန်ခါသမယတွင် သားသမီးတို့၏ လောကီလိုအပ်ချက်များကို ဖြည့်စွက်ထောက်ပံ့ပေးရုံမျှဖြင့် မိဘတို့၏တာဝန်မှာ ကျေပွန်ကြပါပြီလား။ သားရေးသမီးရေးနှင့် စပ်လျဉ်း၍ လမ်းပြပေးခဲ့လေသော နှစ်ဘဝ၏ခေါင်းဆောင် ချစ်နဗီ၏ လမ်းစဉ်မွန်အတိုင်း မိမိတို့၏ချစ်ရင်သွေးတို့အား နှစ်ဘဝနှစ်ဌာနစလုံး၌ အကျိုးဖြစ်ထွန်းစေမှသာလျှင် သားသမီးတို့အား ချစ်ရာရောက်ပေမည် မဟုတ်ပါလော။ ဤလောကီအတွက်ပင် ကွက်ကွက် လေးကြည့်မြင်ပြီး အကျိုးပြုနေကြပါလျှင် သားသမီးတို့အား နစ်နာစေရာသာရောက်ပေတော့မည်။ ထို့ကြောင့် ရွှေခေတ်မှ ချစ်နဗီနှင့် ရင်သွေးတော် ဖွာသွေမာဟ်တို့ သားအဖ နှစ်ပါးကို စံနမူနာထားပြီး မိမိတို့၏ သားသမီးများအား တန်ဖိုးရှိ မွန်မြတ်ကြစေရန် သွန်သင်ဆုံးမ ပဲ့ပြင်ကြပါစို့လား။

ဖခမည်းတော် ချစ်နဗီကြီး၏ သွန်သင်ဆုံးမ လမ်းညွှန်ပြသမှု အောက်မှ သမီးတော်မှာ သာသနာတော်အပေါ်တွင် ဇွဲသတ္တိနှင့် အနစ်နာခံ ရပ်တည်ခဲ့ပြီး အရှင့်ကျွန်ပီသစေရန်အတွက် အလွှာဟ် အရှင်မြတ်၏ အမိန့်တော်များကို နာခံလိုက်နာ ဆောက်တည်ခဲ့မှုများ ကြောင့်ပင်လျှင် မသေမီ၌ ဂျန္နသီအမျိုးသမီးများ၏ ခေါင်းဆောင်ဖြစ် မည့်အကြောင်း ကောင်းချီးသတင်း ဘရှာရတ်အား ကြိုတင်ကြားသိခဲ့ရ လေသည်။

လွမ်းဆွတ်ဖွယ်ရာ ၂-ပါးသော စွဟာဘာ

တစ်နေ့သောအခါတွင် ဟဇရတ်အုမရ်သည် ဟဇရသ် ဗေလာလ် အား 'လူမဲ'ဟု အမှတ်မထင် ပြောလိုက်မိလေသည်။ သို့ရာတွင် ခဏချက်ခြင်းပင် အုမရ်သခင်မှာ အမှားကို ဆင်ခြင်မိလျှက် နောင်တ အကြီးအကျယ်ရသွားခဲ့လေသည်။ ဤသို့ ပြောဆိုမိခဲ့ခြင်းအပေါ်တွင် ကေယာမတ်နေ့၌ အရှင်သခင်၏ အရေးယူမှုကို တွေးမိပြီးလျှင် လွန်စွာ ပင် ကြောက်ရွံ့လာခဲ့၏။ (အလွှာဟ်အသျှင်မြတ်သည် မိမိချစ်သူတို့အား ဤကဲ့သို့ပင် မိမိတို့၏အမှားကို မှားလျှင်မှားခြင်း ချက်ခြင်းသိမြင်စေ၍၊ နောင်တရစေတတ်ပေ၏။)

ဟဇရတ်အုမရ်သည် မိမိ၏ပြောမှားဆိုမှားအတွက် ယူကြုံးမရ ဖြစ်ကာ တံခါးမကြီး၏ထွက်ပေါက်ဝ၌ ကန့်လန့်ဖြတ်လျှက် လှဲအိပ်ချ လိုက်ပြီးလျှင် ဟဇရတ်ဗေလာလ်အား ပြောမှားမိသော မိမိ၏ပါးစပ်အား

နင်း၍ အပြစ်ပေးလျှက် ဖြတ်ကျော်သွားပါရန်ကို တောင်းပန်ခဲ့လေသည်။ ဗေလာလ်သခင်မှာ နင်းရန်ကို ငြင်းပါယ်လျှက် (သင်သည်ကား ချစ်နဗီ၏ ယောကျ်ခမတော်ဖြစ်၍ သင်၏သမီး ဟဖ်စွာသခင်မမှာ ချစ်နဗီ၏ ကြင်ယာတော် အွပ်မွလ်မုအ်မေ့နီးန် ဖြစ်ပါသည်။ ကျွန်ုပ်သည် မည်သို့မျှ မနင်းရက်နိုင်ပါ၊ အလွှာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုအတွက် ကျွန်ုပ်သည် သင်၏အမှားပေါ်တွင် ခွင့်လွှတ်ပါသည်ဟု ကြည်ဖြူစွာ ပြောကြားတော်မူခဲ့လေသည်။ အိုး-စာရှူသူ ကေယာမသ် နေ့ကြီးတွင် မိမိ၏ ပြောဆိုကျူးလွန်မှု၏အစားကို ပေးတော်မူမည့် အရှင်သခင်၏ အရေးယူမှုအား လွန်စွာပင်ကြောက်ရွံ့ခဲ့မိလေသော အုမရ်သခင်သည် ကာယကံရှင် ဗေလာလ်သခင်အား ချက်ခြင်းပင် ဤကဲ့သို့ အစားပြန်ယူပါရန် တောင်းပန်ခဲ့ရှာလေသည်။ စဉ်းစားကြရန် အချက်မှာ ယခုအချိန်ခါသမယ၌ အီမာန်ရှင်ချင်း အကြိမ်ကြိမ်နိုင်တိုင်း ကျင့်လျှက် လွန်ကျူးစွာ ပြောဆိုဆက်ဆံနေကြပြီး မိမိကိုယ်မိမိ မှားပြီဟု မထင်မိကြ။ မာန်မာနအပြည့်အဝနှင့် တောင်းပန်ရန်ကိုပင် စိတ်ကူး လုံးဝမရှိကြတော့သည်ကို တွေ့မြင်နေရလေသော် ဟဇရသ် အုမရ် စွဟာဘာကြီးကို အမှန်ပင် သတိရလွှမ်းဆွတ်မိပါလေ၏။

ထိုနည်းတူစွာ ကေယာမတ်နေ့ကြီးတွင် မိမိကိုယ်တိုင်ကပင် လျှင် အရှင်သခင်၏ ချမ်းသာပေး ခွင့်လွှတ်မှုအား လိုလားခဲ့လေသူ ဟဇရတ် ဗေလာလ်မှာလည်း မိမိ၏အီမာန်ရှင် အချင်းချင်းအား

ညီနောင်ရင်းပမာ သတ်မှတ်ထားလျက် အုမရ်သခင်၏ တောင်းပန်ခြင်းကိုလည်း ကြည်ဖြူစွာပင် ခွင့်လွှတ်နိုင်ခဲ့လေသည်။ ယခုအချိန်ခါသမယ၌ မည်သို့ပင် တောင်းပန်ပါစေ၊ ခွင့်မလွှတ်နိုင်လောက်အောင်ပင် ရန်ထောင်နေတတ်ကြသော ဒေါသမောင်/မယ်၊ မာနမောင်/မယ် တို့ကို ကြည့်မြင်မိလျက် လွန်ခဲ့သောနှစ်ပေါင်း ထောင့်လေးရာကျော် ရွှေခေတ်မှ ခွင့်လွှတ်မှုအား မြတ်နိုးသူ ဗေလာလ်သခင် စွဟာဘာကြီးအား အမှန်ပင် လွမ်းဆွတ်မိရပါလေတော့၏။ အို-စာရှုသူ အလွှာဟ်အသျှင် မြတ် ကျေနပ်နှစ်မြို့သော လူသား၏ အမလ်(၃)ရပ်မှာ ဤသို့ဖြစ်၏။

၁။ အကူအညီတောင်းလျှင် ပေးခြင်း။

၂။ ဒေါသဖြစ်လျှင် ပယ်ရှားခြင်း။

၃။ ခွင့်လွှတ်တတ်ခြင်း။

လွမ်းဆွတ်ဖွယ်ရာ စွဟာဗီယာ

ချစ်နဗီ၏ လက်ထက်တော်၌ အကြင်လင်မယား(၂)ဦးသည် ရှိခဲ့ကြလေ၏။ ထိုလင်မယားမှာ အိမ်၏အပေါ်ထပ်တွင် နေထိုင်ကြပြီး အိမ်၏ အောက်ထပ်၌ ဇနီးသည်၏ မိဘမောင်နှမတို့ နေထိုင်ခဲ့ကြလေသည်။ တစ်နေ့သောအခါတွင် ခင်ပွန်းလင်ယောကျ်ားက ခရီးတစ်ခုကို သွားရောက်ရန်ရှိသဖြင့် ဇနီးဖြစ်သူအား ထိုခရီးမှ သူပြန်မရောက်လာမချင်း အဘယ်ကိုမှမသွားရန် မှာတမ်းလျက် ခရီးထွက်ခွာသွားခဲ့လေသည်။ ထိုစွဟာဘီခရီးထွက်၍မှ မကြာမီအောက်ထပ်တွင် နေထိုင်သော

မောင်လေးဖြစ်သူက အပေါ်ထပ်နေအစ်မဖြစ်သူထံ ဖခင်ကြီးမှာ လွန်စွာ နာမကျန်းဖြစ်နေပြီဖြစ်ကြောင်း လာရောက်၍ သတင်းပို့ခဲ့လေသည်။ ဇနီးသည်မှာ ခင်ပွန်းသည်ခရီးမသွားခင်တွင် မှာထားရစ်ခဲ့သော စကားကို သတိရသဖြင့် မောင်လေးအား ချစ်နဗီထံစေလွှတ်ခဲ့ပြီး ခင်ပွန်းသည်၏ မှာတမ်းစကားနှင့် ဖခင်ကြီး၏ နာမကျန်းမှုအား အပေါ်ထပ်မှ အောက်ထပ်သို့ဆင်း၍ ကြည့်ရှုခွင့် ရှိ၊ မရှိ ကိုသွားရောက် မေးမြန်းစေခဲ့လေသည်။ ချစ်နဗီက ခင်ပွန်းဖြစ်သူ၏ အမိန့်ကိုသာ နာခံလျှက်နေပါရန် ကို မိန့်ကြားတော်မူခဲ့သဖြင့် ထိုစွဟာဗီယာ အမျိုးသမီးမှာ ချစ်နဗီ၏အမိန့်ကို ဦးထိပ်ထားလျှက် ခင်ပွန်းသည် မှာထားချက်အတိုင်း အိမ်အောက်ထပ်နေ ဖခင်ကြီးအား ဆင်း၍ပင်မကြည့်ခဲ့ဘဲ ဖခင်ကြီးအတွက် ဆုမွန်ဒိုအာသာ ပြုလျှက် နေခဲ့ရလေသည်။

ရက်အတန်ကြာသော် မောင်လေးသည် တဖန်ရောက်လာ ပြန်၍ အစ်မထံသို့ သတင်းပို့၏။ ဖခင်ကြီးမှာ အလွှာဟ်အသျှင်မြတ် အမိန့်တော်ခံယူ၍ ကွယ်လွန်သွားပြီ ဖြစ်ကြောင်း သတင်းပေးပို့လေသော် မောင်ဖြစ်သူအား ချစ်နဗီထံ စေလွှတ်ပြန်၍ ယခင်က ဖခင်သည် မကျန်းမာခြင်းသာလျှင် ဖြစ်၍ ယခုမှာမူ ကွယ်လွန်သွားလေပြီဖြစ်သောကြောင့် ဖခင်ကြီး၏မိုင်ယသ်အား ဆင်း၍ ကြည့်ရှုခွင့် ရှိ၊ မရှိ မေးမြန်းလျှောက်ထားခိုင်းခဲ့လေသည်။ ချစ်နဗီမှ ခင်ပွန်း၏ အမိန့်ကိုသာ နာခံလျှက် နေပါရန် မိန့်တော်မူပြန်လေ၏။ ထိုစွဟာဗီယာအမျိုးသမီးမှာ

ချစ်နဗီ၏ အမိန့်ကို ဦးထိပ်ထားလျှက် ဖခင်ကြီး၏ မိုင်ယသ်ကို ဆင်းရဲ မကြည့်ခဲ့ဘဲ အိမ်၏အပေါ်ထပ်မှပင် ဖခင်ကြီးအတွက် ဒိုအာ အစ်တစ်ဂ်ဖွရ် ပြုလျှက် နေခဲ့ရလေသည်။

ထိုနေ့ည၌ ချစ်နဗီသည် အိပ်မက် မြင်မက်ခဲ့လေသည်။ လူတစ်ဦးသည် ဂျန္နတ်၏ ဝတ်စားတန်ဆာနှင့် မြေမကိုဋ္ဌသရဖူ ဆောင်း ထားပြီး အိပ်မက်တွင်း ရောက်လာကာ (အပ်စ်စလာမို့အလိုင်းက ယာရစူလောလ္လာဟ်)ဟု နှုတ်ခွန်းဆက်သလေသည်။ ချစ်နဗီသည် စလာမ်ပြန်ကာ ဝမ်းမြောက်စွာဖြင့် သင်မည်သူဖြစ်၍ မည်သည့်အမလ် ဖြင့် ဂျန္နတ်ရရှိလေသနည်း ဟုမေးတော်မူလေရာ ထိုဂျန္နသီက “အို-ကိုယ်တော် ကျွန်ုပ်သည် ယနေ့ နေ့ခင်းပိုင်းက ဒဖန်ပြခံရသူဖြစ်ပါသည်။ ဤကဲ့သို့ ဂျန္နတ်၏စည်းစိမ် ခံစားရခြင်းအကြောင်းရင်းမှာ ကျွန်ုပ်၏ သမီးသည် ကိုယ်တော်၏အမိန့်ကို ဦးထိပ်ထားပြီး ခင်ပွန်း၏ မှာကြား ချက်အား အလေးအနက်ထားကာ စောင့်ထိန်းနာခံ လိုက်နာခဲ့ပါသည်။ ကျွန်ုပ်ကို ဆင်းရဲမျှပင် မကြည့်ခဲ့ရှာပါ။ အလ္လာဟ်အသျှင်မြတ်သည် ထိုကဲ့သို့ သမီးဖြစ်သူ၏ အမိန့်နာခံလိုက်နာမူ အမလ်အပေါ်တွင် နှစ်သက်တော်မူပြီး ဖခင်ဖြစ်သော ကျွန်ုပ်အား အပြစ်များမှ ချမ်းသာပေး ၍ ဤ ‘ဒရ်ဂျာ’အဆင့်အတန်းအား ချီးမြှင့်တော်မူပါကြောင်း” ချစ်နဗီ အား အိပ်မက်တွင် လျှောက်ထားခဲ့လေသည်။

အို-စာရှသူ စွဟာဗီယာမကြီး၏ အမိန့်နာခံမှု စံနမူနာကိုကြည့်ပါလေ။ အမျိုးသမီးတို့အတွက် အတုယူဖွယ်ရာပါ။ ယခုချိန်ခါ၌ ယင်းကဲ့သို့သော အဖြစ်မျိုးများ ကြုံကြိုက်လာပါက ခင်ပွန်း၏အမိန့်အား အတည်ပြုနိုင်ပါမည်လား။

မျက်မှောက်ခေတ် အီမာန်ရှင် အမျိုးသမီးများကဏ္ဍတွင် များသောအားဖြင့် ခင်ပွန်းတို့နှင့် ပတ်သက်၍ ချစ်နဗီ၏ ဩဝါဒများမည်သို့ရှိနေကြောင်းတို့ကို ဆည်းပူးသင်ယူ လေ့လာကြခြင်းလည်း မရှိ၊ ခင်ပွန်းတို့၏အဆင့်အတန်းကိုလည်း မသိ။ ၎င်းတို့၏အမိန့်များကိုလည်း နာခံဆောင်ရွက်ခြင်းမရှိကြသည့်အပြင် ခင်ပွန်းတို့အား စိတ်မချမ်းသာအောင် နှုတ်လှန်ထိုးတတ်သော ဇနီးဆိုးများကိုသာလျှင် တွေ့မြင် ရဖန်များလာလေသော် ချစ်နဗီ၏လက်ထက်တော်မှ ဤစွဟာဗီယာ ဇနီးသည်၏ နာခံမှုမျိုးအား လွမ်းဆွတ်တမ်းတရပါတော့၏။

ထိုမွန်မြတ်သော အမျိုးသမီး စွဟာဗီယာ၏ အမိန့်နာခံမှုအတွက် ဖခင်မှာ အကျိုးဖြစ်ထွန်းခံစားခွင့်ရရှိခဲ့၏။ ဂျန္နတီဖြစ်ရ၏။ အမိန့်နာခံခြင်း၏ အကျိုးဘရ်ကသ်သည် ဖခင်ကိုပင် ဤသို့သက်ရောက်လေရာ ကိုယ်တိုင်နာခံသူအတွက်မူ ပြောဖွယ်ရာ မရှိတော့ပေ။ ဤသည်မှာလည်း ရှေ့ခေတ်အား လွမ်းဆွတ်ဖွယ်ရာ၊ အားကျအတုယူ လိုက်နာဖွယ်ရာများပင် ဖြစ်ပါလေတော့၏။

အို-စာရှုသူ ဤအကြောင်းအရာ၌ သတိပြုရန် အချက် တစ်ချက်မှာ ခင်ပွန်းသည်က သူခရီးမှ ပြန်မရောက်ခင်.. ဘယ်ကိုမှ မသွားရန် ကိုသာ မှာတမ်းထားခြင်းဖြစ်၏ မိဘထံသို့မသွားရဟု တားမြစ်ခဲ့ခြင်း မဟုတ်သည်ကို သင်သတိမူမိပါစ။ ချစ်နဗီကလည်း ခင်ပွန်း မှာထား သည့်အတိုင်းသာ လိုက်နာရန် မိန့်ခဲ့ခြင်းဖြစ်ကြောင်း သင် သဘော ပေါက်ပေလိမ့်မည်။ အချို့ အမြင်ကျဉ်းမြောင်းသော လင်ယောကျ်ားများ သည် ဇနီးနှင့် သူမတို့၏ မိဘများအား ဆက်သွယ်မှု ဖြတ်တောက်စေ၏။ တွေ့ဆုံမှု မပြုရဟုလည်း တင်းကျပ်စွာ တားမြစ်ကြ၏။ ထိုသို့ တားမြစ်ခြင်းကိုလည်း ပြုပိုင်သည်ဟု ထင်မှတ်ကြလေ၏။ ရှရီအသ် တရားတော်၌ သာမန်ဆွေမျိုးသားချင်းကိုပင်လျှင် အဆက်ဖြတ်ခွင့်မရှိ။ မိဘဟူမူ ပြောဖွယ်ရာပင်မရှိတော့ပေ။ မွန်မြတ်သောညများ၊ ဥပမာ-ရှဗ္ဗေဇရာအသ်၊ ရှဗ္ဗေကဒရ် ကဲ့သို့ ညမျိုးမှာပင်လျှင် မိဘ၏ အမိန့်ဖီဆန်သော သားသမီးများနှင့် ဆွေမျိုးသားချင်း အဆက်ဖြတ်သူတို့အား ရဟ်မတ်တော်မှ လက်မဲ့ ပြုထားတော်မူလေသည်။ ဆွေမျိုးဖြတ်သူတို့ အတွက် မိုးတံခါး ပိတ်ထားလေရာ ၎င်းသူ၏ ကောင်းမှုများ၊ ဒိုအာများ မတက်ရောက် နိုင်ကြောင်း၊ ဆွေမျိုးများနှင့် ဖြတ်တောက်ထားခြင်းကို ပြန်လည် ဆက်သွယ်မှသာ မိုးကောင်းကင်တံခါးပွင့်၍ ထိုအမလ်၊ ဒိုအာများ လိုရာသို့ ရောက်နိုင်ပေကြောင်း ချစ်နဗီ၏ ဩဝါဒတော်တို့တွင် ဖတ်ကြား မှတ်သားခဲ့ရပေသည်။

ထို့ကြောင့် ထိုကဲ့သို့အမိန့်ပေးသော ခင်ပွန်းလင်တို့သည်ကား အမြင်ကျဉ်းမြောင်း၍ သဘောပေါက်လွဲမှားကာ ဇနီးမယားအပေါ်တွင် ရရှိထားသော မိမိ၏အခွင့်အရေး အမိန့်အာဏာကို အလွဲသုံးစား ပြုမှား လိုက်မိခြင်းသာလျှင် ဖြစ်ပေ၏။

မိဘသည် ၃-မျိုးရှိ၏။ (၁) မိမိ၏ မိဘနှစ်ပါး၊ (၂) မိမိ၏ ဆရာ သမား၊ (၃) မိမိ၏ ယောကျ်ားမနှစ်ပါး တို့ဖြစ်ကြသဖြင့် အကယ်၍သူ့မိဘ၊ ကိုယ့်မိဘမခွဲခြားဘဲ ကိုယ်ကပြုစုဆက်ဆံလျှင် သူ၏ဘက်မှလည်း ကိုယ့်မိဘအား သူ့မိဘနှင့်မခြား ကောင်းမွန်စွာ ဆက်ဆံလာမည်မှာ မလွဲဧကန်ပင်ဖြစ်ပေလိမ့်မည်။ (မေတ္တာဟူသည် အလျှား၊ အနံမရှိသော်လည်း အသွားအပြန်ရှိတတ်လေသည်။ မေတ္တာပေးမှ မေတ္တာရပါမည်။) ဤကဲ့သို့ ဆက်ဆံကြခြင်းဖြင့် သာယာချမ်းမြေ့သော မိသားစုကြီး ဖြစ်တည်လာပေမည်။ ဤနည်းအတိုင်း မျိုးနွယ်စဉ်ဆက် လိုက်နာကျင့်သုံးကြခြင်းအားဖြင့် ချမ်းမြေ့သာယာသော ကမ္ဘာကြီး ဖြစ်သွားပေမည်။

အို-စာရှူသူ သေလျှင် ထာဝစဉ်ခွဲခွာပစ်ကြရမှာမို့ မသေခင် ချစ်ကြစမ်းပါဟု နှိုးဆော်တိုက်တွန်းချင်ပါ၏။

လွှမ်းဆွတ်ဖွယ်ရာ [၃]ပါးစွဟာဘာ

အစ်ဗန္ဓိဇိုင်သခင်သည် နမာဇ်ဝတ်ပြုသောအခါ တိုင်စိုက်ထူထားသကဲ့သို့ (ခိုရှုအ်) ရိကျိုး အာရုဏ်စိုက်လျက်ဖြင့် ရှိလေသည်။ စစ်ဂျဒါဟ်ဦးချရာတွင် မလှုပ် မယှက် ကြာရှည်စွာ ပြုနေသောကြောင့်

ငှက်များပင် ခါးပေါ်၌ လာရောက်နားကြလေသည်။ တစ်ခါတစ်ရံတွင် ရိုကူအိပြုရင်း တစ်ညလုံး ကုန်ဆုံးလျှက် တစ်ခါတစ်ရံ စင်္ဂါဒါဟ်ပြုရင်း တစ်ညလုံး ကုန်ဆုံး စေ၏။

နမားဇ်ဝတ်ပြုရာတွင် မည်မျှစိတ်ပါဝင်စားသနည်းဆိုသော် စစ်ဖြစ်နေသော အချိန်အခါသမယတစ်ခုဌ် သခင်သည် ဗလီဝတ် ကျောင်းတော်တွင် စိတ်အေးလက်အေးပင် နမားဇ်ဝတ်ပြုနေတော် မူခဲ့လေသည်။ လက်နက်တစ်ခုမှာ ဗလီ၏ တံတိုင်းကို ထိမှန်ပြီး တံတိုင်း မှ အပိုင်းအစများ ပျက်စီးလွင့်စင်ကျလာကာ ဖုံမှုန့်များသည် သခင်၏ ပါးစပ်တွင်ဝင်လျှက် မုတ်ဆိတ်တော်များပင် လူးပေခဲ့၏။ သခင်သည် ထိုအခြေအနေတွင်လည်း ရိုကူအိ၊ စစ်ဂျဲဒါဟ်ကို ကောင်းစွာ ပြုလုပ်လျှက် နမားဇ်ကို စိတ်ပါလက်ပါ ဝတ်ပြုနေတော် မူခဲ့လေ သည်။ အံ့ဖွယ်ရာပင်။

တစ်ခါက အိမ်၌နမားဇ်ဝတ်ပြုနေစဉ် အနီးတွင် အိပ်ပျော် နေသော သားငယ်၏ အပေါ်သို့ အမိုးမှမြွေတစ်ကောင် ကျလာခဲ့၏။ သားငယ်မှာလည်း ဆူညံဟစ်အော်ပြီး မြွေကိုသတ်ပစ်လိုက်ကြရ၏။ နမာဇ်ဝတ်ပြုလျှက်ရှိသော သခင်သည်ကား နမာဇ်ကို ဝတ်ပြုမြဲဝတ်ပြု နေတော်မူ၍ နမားဇ်ပြီးဆုံးသောအခါတွင် (ဆူညံသံလိုလိုကြားမိ ကြောင်း)ပြော၏။ ဇနီးသည်မှာ (အလ္လာဟ်အရှင်သည် သခင့်အပေါ်မှာ ဂရုဏာသက်ပါစေသော်ဝ် ကလေးငယ်မှာ သေမတတ်ဖြစ်သွားခဲ့သည်။

သခင်မသိပါသလော။) ဟုမေးလေရာ သခင်က (နမာဇ်ဝတ်ပြုနေစဉ် အခြားကိစ္စများကို သိနေလျှင် နမာဇ်၏အရသာ မည်သို့ရှိမည်နည်း)ဟု မိန့်ခဲ့လေသည်။

အို-စာရှူသူ ရွှေခေတ်မှ စွဟာဘာကြီးများ၏ နမားဇ်ဝတ်ပြုမှု သည်ကား အားကျဖွယ်ရာပင်။ ထိုသခင်တို့သည်ကား နမာဇ်ဝတ်ပြု နေသောအချိန်၌ အရှင်သခင်နှင့် ဆက်သွယ် တီးတိုးစကားပြောဆိုခြင်း မှလွဲ၍ အခြားအရာကိစ္စများအား စိတ်ပါဝင်စားခြင်းမရှိကြတော့ပေ။ ယနေ့ကျွန်ုပ်တို့၏ ဝတ်ပြုမှုများမှာကား ဤသို့ဖြစ်၏။ နမားဇ်၏အပြင်မှ အသံများ၊ ကိစ္စများအားလုံးကို အတိုင်းသား ပီသစွာကြားသိနေကြ ရသည်။ နှုတ်ကတော့ဖြင့် ကြက်တူရွေး စာချထားသည့်နှယ် တတွတ်တွတ် ရွတ်ဖတ်နေကြပြီး စိတ်အစဉ်က ဒွန္ဒယာကိုပတ်၍ စဉ်းစားတွေးတောလျှက် ရှိနေကြသည်။ ထို့ကြောင့် အစ်ဗန္ဓိဇိုဗိုင်ရဲသခင် သည် ကျွန်ုပ်တို့အတွက် အမှန်တကယ်ပင် အားကျအတုယူဖွယ်၊ လွမ်းဆွတ်ဖွယ်ရာ ဖြစ်ပါလေတော့၏။

အဘူတွာလ်ဟာသခင်သည် တစ်ချိန်တွင် မိမိ၏ဥယျာဉ် တော်၌ နမာဇ်ဝတ်ပြုနေတော်မူခဲ့လေသည်။ နမာဇ်ဝတ်ပြုနေရင်း မြင်ကွင်း ထဲသို့ ငှက်တစ်ကောင် ရောက်လာခဲ့လေရာ ထိုငှက်ဘက်သို့ စိတ် ရောက်သွားလေသည်။ ထိုငှက်မှာ ဥယျာဉ်၏အပြင်ဘက်သို့ ထွက်ရန် အတွက် ထွက်ပေါက်ရှာနေခြင်း ဖြစ်သည်။ သို့ရာတွင် ဥယျာဉ်မှာ

သစ်ပင်သစ်ရွက်များ ထူထပ်လှသောကြောင့် ရုတ်တရက် ထွက်ပေါက်ရှာမရဘဲ ငှက်မှာတဝဲလည်လည် ဖြစ်နေလေ၏။ သခင်သည် ထိုငှက်ဘက်သို့ အာရုံရောက်သွားသည့်အတွက် မိမိ၏ ဝတ်ပြုနေသောနမာဇ်မှာ (ရကအတ်)မည်မျှမှန်းမသိတော့ပေ။ ထို့အတွက်ကြောင့် သခင့်မှာ လွန်စွာ ဝမ်းနည်းပူဆွေးသွားခဲ့ရလေသည်။ ဤဥယျာဉ်ကြောင့် (ရကအတ်) မေ့ရခြင်းကို မခံမရပ်နိုင်အောင် ခံစားသောကဖြစ်ရှိရသည့်အတွက် ချစ်နဗီထံတော်ပါးတွင် ဝင်ရောက် ခ,စားပြီး ဖြစ်ပျက်ပုံ အလုံးစုံအား အစီရင်ခံ တင်ပြလျှောက်ထားခဲ့လေသည်။ ထို့နောက် ဥယျာဉ်ကိုလည်း အလွှာဟ်အရှင်မြတ်၏ လမ်းတော်တွင် ပေးအပ်လှူဒါန်းပစ်တော်မူခဲ့လေ၏။ အိုး-စာရှူသူ ဤသည်မှာ အံ့သြဖွယ်ရာတရားသံဝဂ ရယူဖွယ်ရာပင် မဟုတ်ပါလော။ ရွှေခေတ်မှ သခင်တို့မှာ နမာဇ်အတွက် ပစ္စည်းဥစ္စာကို စွန့်လွှတ်ရဲကြ၏။ ကျွန်ုပ်တို့မှာမူ ပစ္စည်းဥစ္စာအတွက် နမာဇ်ကို စွန့်လွှတ်ရဲကြလေသည်။ ကာဖွရ်နှင့် မွတ်စလင်မ်အား နမာဇ်ဝတ်ပြုမှုဖြင့် ခွဲခြားထားလေရာ နမာဇ်များကို စွန့်လွှတ်လျက် ကျွန်ုပ်တို့မှာ အဘယ်မျက်နှာနှင့် အလွှာဟ်အရှင့်ထံတော်သို့ ပြန်ကြပါမည်နည်း။ အပြန်လမ်း၌ မျက်နှာပန်းလှကြစေရန် အရှင်သခင်၏ အမိန့်တော်များကို နာခံဆောင်ရွက်လျက် ကျွန် ပီသစေရန် နဖူးမြေခ စစ်ဂျဒါဟ်ချ၍ နမာဇ်ကို ဝတ်ပြုကြရပေမည်။ နမာဇ်ဝတ်ပြုမှုအား ထိခိုက်သောကြောင့် ဥယျာဉ်ကို စွန့်လှူခဲ့သော ရွှေခေတ်

မှ စွဟဘာကြီးသည် ကျွန်ုပ်တို့အား ဤသို့လွမ်းဆွတ်ဖွယ်ရာ လမ်းပြခဲ့လေသည်။

အဗ္ဗဒွလ္လာဟ် ဗင်နှ် အဗ္ဗားစ်သခင်သည် မျက်စိရောဂါဖြစ်ပြီး မျက်ရည်တို့မှာ အမြဲယိုစီးလျက်ရှိနေလေသည်။ ဆေးဆရာက ဆေးကုသပေးပါမည့်အကြောင်း သို့ရာတွင် (၅)ရက်ခန့်တော့ဖြင့် ဝတ်ပြုရာ၌ စစ်ဂျဒါဟ်တွင် မြင့်သောတုံးတစ်ခုပေါ်၌ ချရပါလိမ့်မည်ဟု တောင်းဆိုခဲ့လေရာ သခင်ကခွင့်မပြုခဲ့ဘဲ တစ်ရက်အတ်မျှပင် ဤသို့ ဝတ်မပြုလိုပါဟု အဖြေပေးတော်မူခဲ့၏။ ကျန်းမာရေးအတွက် မတတ်သာသော အခြေအနေတွင် ဤကဲ့သို့ ဖတ်ရွတ်ပိုင်ခွင့်သည်ရှိပေ၏။ ချို့တဲ့သူတို့အတွက် ခွင့်လွှတ်ချက်ရှိလေ၏။ သို့ရာတွင် သခင်သည်ကား မျက်စိကုသမှုအား လက်လွှတ်ခဲ့ပြီး နမာဇ်အား ပုံမှန်အတိုင်းပင် ဝတ်ပြုလျက်ရှိနေခဲ့ပေသည်။ မျက်စိထက်နမာဇ်ကို မြတ်နိုးခဲ့၏။ ထိုသခင်တို့မှာကား မိမိ၏ ခန္ဓာကိုယ်တွင်သာမက တစ်လောကလုံးထက်ပင် နမာဇ်ဝတ်ပြုမှုအား သာပို၍မြတ်နိုးတော်မူကြလေသည်။

အိုး-စာရှူသူ ကျွန်ုပ်တို့၏အခြေအနေအား ပြန်လည်သုံးသပ်ကြည့်ကြပါစို့လား။ အနည်းငယ်မျှ ကိုယ်လက်မအီမသာ နေထိုင်မကောင်းရုံဖြင့်ပင် နမာဇ်ကို လက်လွှတ်ပစ်လိုက်ကြတော့၏။ ဤတွင်မက လာသမျှလူတို့ကိုလည်း နေမကောင်း၍ နမာဇ်မဖတ်နိုင်ကြောင်းကို ဦးကာချ၍ ပြောပြကာ ဆင်ခြေပြတတ်ကြလေသည်။

ထိုအကြောင်းပြ ကျန်းမာရေးမကောင်းခြင်းမှာကား နမာဇ်လွတ်ရန် အတွက် ရှာထားသော ဆင်ခြေသာဖြစ်ပြီး အခြားလောကီလုပ်ငန်း တို့ကိုမူ မပျက်မကွက် လုပ်ဆောင်နေနိုင်ကြသည်ကို အံ့သြဖွယ်ရာ တွေ့မြင် နေရလေသည်။ အမှန်စင်စစ်မှာ နမာဇ်ဝတ်ပြုရန် ပျင်းရိသည့် အတွက်ကြောင့် ရှာထားသော ဆင်ခြေဆင်လက်တစ်ခုသာလျှင် ဖြစ်ကြောင်း ထင်ရှားနေပေသည်။

ထို့ကြောင့် နမာဇ်ဝတ်ပြုမှုအတွက် မျက်စိရောဂါကိုပင် မကုသ ခဲ့သော ရွှေခေတ်မှလင်းလက်ခဲ့သော ကြယ်တာရာသဖွယ် လမ်းပြ စွဟာဘာကြီးအား အမှန်ပင် လွမ်းဆွတ်ရလေ၏။

အိုး-စာရှူသူ နမာဇ်ဝတ်ပြုမှုနှင့်သက်ဆိုင်ရာ ချစ်နဗီ၏ မိန့်ခွန်း ခြွေြဲသြဝါဒ ပုလဲရတနာများမှ အနည်းငယ်တင်ပြပါအံ့။

၁။ အီမာန်၏ နောက် အကောင်းဆုံးသော အမလ်ကျင့်ဝတ်သည် နမာဇ်ဖြစ်၏။

၂။ အရွယ်ရောက်ပြီး မွတ်စလင်မ် ယောကျ်ားမိန်းမတိုင်း အပေါ် တွင် နမာဇ်သည် ဖရာဇ်(မလုပ်မနေရ)တာဝန်ဖြစ်၏။

၃။ အစ္စလာမ်၏ နိမိတ်လက္ခဏာသည် နမာဇ်ဝတ်ပြုခြင်းဖြစ်၏။

၄။ အကြင်သူနမာဇ်(၅)ကြိမ်ကို အချိန်နှင့်ဝတ်ပြုလျှင် ဂျန္နတ်ပေး မည်ဟု အသျှင်မြတ်က ကတိပြုထားတော်မူ၏။

၅။ နမာဇ်ဝတ်မပြုသူသည် အစွလာမ်သာသနာတော်နှင့် မည်သို့မျှ မသက်ဆိုင်ပေ။

၆။ အကြင်သူ၏နမာဇ်ကို အလ္လာဟ်အသျှင်မြတ်က လက်ခံတော်မူလျှင် ထိုနမာဇ်သည် လှပသောအဆင်းနှင့် မိုးကောင်းကင်ထက်တွင် စစ်ဂျဒါဟ်ပြု၍ ဝတ်ပြုသူအတွက် ဆဝါဘ်အမြဲပို့သနေမည်။

၇။ အကြင်သူ နမာဇ်(၂)ရကအတ် ဝတ်ပြုလျှင် ကောင်းကင်မှ ဖရစ်ရှ်တာဟ်များသည် (စွ-ဖ်)အတန်း(၁၀)ခုတန်းလျက် တစ်တန်းလျှင် (၅၀၀၀၀)စီရပ်ကာ အံသြစွာဖြင့် ဝတ်ပြုသူအား ရှုကြည့်ကြကုန်၏။ အကြောင်းမှာ ထိုဖရစ်ရှ်တာဟ်တို့မှာ ဖန်ဆင်းသည်မှစ၍ ကေယာမတ်တိုင် အချို့မှာ ကေယာမ်၊ အချို့မှာ ရိကူအ်၊ အချို့မှာ စစ်ဂျဒါဟ် စသဖြင့် တစ်မျိုးစီသာခဝပ်ကြရ၏။ ယခုမူကား လူသားတို့မှာ ၂-ရကအတ်နမာဇ်တွင် ၎င်းဖရစ်ရှ်တာဟ်များ တစ်မျိုးစီသာ လုပ်ခွင့်ရခဲ့သော ကေယာမ်၊ ရိကူအ်၊ စစ်ဂျဒါဟ်များ အားလုံးပါဝင်၍ ဝတ်ပြုနိုင်ခဲ့ကြသည်ကို အံသြကြီးစွာ ရှုစားကြကုန်လေ၏။

၈။ ကေယာမတ်နေ့ မိုစလ်မာန်တို့ ကဗရ်မှထကြရသောအခါ ဖရစ်ရှ်တာဟ်များက ၎င်းတို့၏ခန္ဓာကိုယ်မှ ဖုန်မှုန့်များကိုခါချ၍ သုတ်သင်ပေးကြ၏။ နဖူးထက်မှဖုန်မှုန့်ကား ခါချ၍မရဖြစ်နေသော် အသံတစ်ခုကြားရမည်။ “ဤမြေမှုန့်တို့သည်ကား စစ်ဂျဒါဟ်ပြု၍

လူးထိသော ဖုန်မှုန့်ဖြစ်သည်။ သုတ်သင်၍မရ၊ ၎င်းသည်ဂျန္ဓတီ၏ နိမိတ်ဖြစ်၏။”

၉။ အကြင်မုအ်မင်န် အိပ်စက်စဉ် နမာဇ်အချိန်နီးကပ်လျှင် ဖရစ်ရှ်တာဟ်က (ထလော့ သင်၏အပေါ် အသျှင်မြတ်၏ ရဟ်မတ် ရပါစေသောဝ်) ဟုဆိုဒိုအာပြုပေး၏။ ဝတ်ပြုရန်အတွက် အိပ်ယာမှ နိုး လေသော် အိပ်ယာက (ဂျန္ဓတ်၌ ကြီးကျယ်ကောင်းမွန်သောအိပ်ယာခင်း ရပါစေသော်ဝ်) ဟုဆုဒိုအာပြုပေး၏။ ဝတ်ပြုရန်အဝတ်လဲသော် အဝတ် အထည်က (ဂျန္ဓတ်၏ မကိုင့် ဝတ်စားတန်ဆာ ရပါစေသောဝ်) ဟု ဆုဒိုအာပြုလေ၏။ ခြေနင်းဘိနပ်ကိုစီးလျှက် ဗလီသို့သွားသောအခါ ခြေနင်းက (ပွလ်စွေရတ်၌ ကောင်းစွာ လျှောက်ကူးနိုင် ပါစေသောဝ်)ဟု ဆုပေးလေသည်။ ဝိုသူအိုးကို ကိုင်သောအခါ ဝိုသူအိုးက (မြဖလားနှင့် ကောင်စရ်ရေစင် သောက်နိုင်ပါစေသော်ဝ်) ဟုဆုဒိုအာပေးပြန်လေ၏။ ဝိုသူပြုသောအခါ ဝိုသူရေက (ဂိုနာဟ် စင်ကြယ်ပါစေသော်ဝ်)ဟု ဆုပေး လေ၏။ ဗလီတွင်းသို့ဝင်၍ နမာဇ်အတွက် ရပ်လေသော် ဗလီက (ကဗရ် မြေတွင်း၌ ကျယ်ဝန်း ချောင်ချို၍ လင်းဝင်းပါစေသော်ဝ်)ဟု ဆုဒိုအာ ပြုပေးလေသည်။

၁၀။ အသျှင်မြတ်နှင့် ဗန္ဓာ(ကျေးကျွန်)တို့ အနီးဆုံးသည် စစ်ဂျဒါဟ်ပြုခြင်းပင် ဖြစ်၏။ စစ်ဂျဒါဟ်ဦးချခြင်းသည် အသျှင်မြတ်၏ ခြေတော်အား ဦးခိုက်သည့်အလားဖြစ်၏။

လွမ်းဆွတ်ဖွယ်ရာ စွဟာဗီယာ အွမ်မေ့အုမာရာဟ်

ဟဇရတ် အဘူဘကရ်စစ်ဒိတ် ခလီဖာ-သမ္မတဖြစ်စဉ်အချိန်ကာလတွင် နဗီအတုပေါ်ပေါက်ခဲ့ပြီး စစ်ပွဲဆင်နွှဲရလေသည်။ စွဟာဘာတစ်ပါးမှာ နဗီတုဏ်လက်ဝယ် ဖမ်းဆီးခြင်းခံခဲ့ရ၏။ နဗီတုသည် ထို စွဟာဘာကို သူ့အား နဗီဖြစ်ကြောင်း လက်ခံရန်ပြောခဲ့၏။ စွဟာဘာက လက်မခံဘဲ ရှဟာဒတ်(အရှ်ဟဒို့ အလ္လာအေလာဟ အစ်လောလ္လာဟို့ ဝအပ်ရှ်ဟဒို့ အန်းန မုဟမ္မဒန် အဗ်ဒို့ဟူ ဝရစူလို့ဟူ)ကို ဖတ်လိုက်၏။ နဗီတုသည် ထိုစွဟာဘာ၏ လက်မောင်းရင်းမှ ဓားဖြင့်ခုတ်ဖြတ်ချလိုက်၏။

ဒုတိယအကြိမ် နဗီတုက သူ့အား နဗီဖြစ်ကြောင်း လက်ခံရန်ပြောပြန်ရာ ထိုစွဟာဘာကလည်း ရှဟာဒတ်ကို ထပ်မံဖတ်ခဲ့၏။ နဗီတုသည် စွဟာဘာ၏ အခြားလက်တစ်ဘက်ကို ထပ်မံ၍ခုတ်ဖြတ်ချခဲ့၏။ နဗီတုက နောက်ထပ်ငြင်းဆိုပါလျှင် ဇက်ကိုဖြတ်ပစ်မည်ဟု ကြိမ်းမောင်း၍ သူ့အား နဗီဖြစ်ကြောင်းလက်ခံစေ၏။ စွဟာဘာသည် လက်နှစ်ဘက်လုံး ဆုံးရှုံးထားသော်ငြားလည်း တတိယအကြိမ် ရှဟာဒတ်ဖတ်ဆိုပြီး အမှန်တရားအတွက် ဇက်ပေးလိုက်လေသည်။ နဗီတုက ထိုစွဟာဘာ ၏ လည်ပင်းအား ပိုင်းဖြတ်လိုက်လေတော့၏။

ထိုစွဟာဘာ၏သတင်းစကားအား သူ၏မိခင် အွမ်မေ့အုမာရဟ်ထံသို့ လူတစ်ဦးက သွားရောက်၍ သတင်းပေးခဲ့လေသည်။ မိခင်ကြီးက

“အလ်ဟမ်းဒို့လစ်လ္လာဟ် ကျွန်မသည် ဤသားအား ဒီးန်အတွက် မွေးဖွားခဲ့သည်။ ဒီးန်အတွက်ပင် နို့ချိုတိုက်ကျွေးခဲ့သည်။ ဒီးန်အတွက်ပင် ကြီးပြင်းအောင် ထိန်းသိမ်းစောင့်ရှောက်ထားခဲ့သည်။ ယခု ဒီးန်အတွက် အသုံးချခြင်းခံရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။” ဟု အောင်သံဖြင့် ဟစ်ကြွေးခဲ့လေသည်။ ထိုသတင်းစကားကို ကြားရသဖြင့် ရပ်ကွက်တွင်းမှ အိမ်နီးနားချင်းတို့မှာ သတင်းမေးရန် မိခင်ကြီးထံ လာရောက်ကြ၏။ ဒီးန်သာသနာတော်အတွက် သားမွေးခဲ့ပါသည် ဆိုသော အာဇာနည်မိခင်ကြီးသည် အိမ်တံခါးဝမှ ရပ်လျက် စုရုံးရောက်ရှိလာသူ အိမ်နီးနားချင်းတို့အား “ကျွန်မသားအတွက် ကျွန်မနှင့် အတူ ဂုဏ်ယူလိုပါလျှင် အမေးလာပါ။ ဖိတ်ခေါ်ပါသည်။ သို့မဟုတ်ဘဲ ဝမ်းနည်းကြောင်း ပြောမည်ဆိုပါက ပြန်ကြပါ။” ဟုရဲရင့်စွာပင် သာသနာတော်အတွက် သား၏အသက်အား စတေးလိုက်ရခြင်းကို ဂုဏ်ယူလျှက် ပြောခဲ့လေသည်။ သခင်မသည် အိုဟွဒ်စစ်ပွဲ၌ ကိုယ်တိုင် ပါဝင်ခဲ့လေသည်။

အို-စာရှူသူ စွဟာဘာများသည်ကား လူ့ဘဝ၏ ရှုထောင့်တိုင်းအတွက် စံတင်လောက်သည့် လူသားများပင် ဖြစ်ကြလေသည်။ အလ္လာဟ်အသျှင်ကို အလွန်ပင် ကြောက်ရွံ့ကြ၍ ချစ်နဗီ၏ လမ်းစဉ်တော်ကို တသဝေမတိမ်း လိုက်နာကြကာ ဒီန်သာသနာကို ချစ်ကြည်မြတ်နိုးရာတွင် စံတင်လောက်ပေသည်။ ထိုစွဟာဘာများ၏ ခေတ်နှင့်

ဆက်စပ်လျက်ရှိသော ခေတ်(၂)ခေတ်ကိုပါ ချစ်နဗီက မင်္ဂလာသတင်း ပေးခဲ့လေသည်။

"အကောင်းဆုံးခေတ်သည်ကား ငါနဗီ၏ခေတ်ဖြစ်၏။ (တဖန်) ထို့နောက်ရောက်ရှိလာမည့်ခေတ်နှင့် (တဖန်) ထို့နောက် ရောက်ရှိလာမည့်ခေတ်ဖြစ်၏။" (ဘိုခါရီ + မွတ်စလင်မ်)

- **စွဟာဘာများ၏ခေတ်သည် ပထမခေတ်ဖြစ်၍ ဟစ်ဂျရီ(၁၁၀)ခုနှစ်အထိဖြစ်၏။**
- **တာဗေအီများ၏ခေတ်သည် ဒုတိယခေတ်ဖြစ်ပြီး ဟစ်ဂျရီ(၁၁၀)မှ (၁၈၁)ခုနှစ်ထိဖြစ်၏။**
- **သဗ္ဗတာဗေအီများ၏ ခေတ်သည် တတိယခေတ်ဖြစ်ပြီး ဟစ်ဂျရီ (၁၈၁) မှ (၂၂၀)ထိဖြစ်လေသည်။**
- **စွဟာဘာ-ချစ်နဗီအား အစွလာမ် သာသနာဝင်အဖြစ်နှင့် တွေ့ဆုံခဲ့ရ၍ သာသနာဝင်အဖြစ်နှင့်ပင် ကွယ်လွန်ခဲ့သူ။**
- **တာပေ့အီ-ချစ်နဗီ၏တပည့် စွဟာဘာတစ်ပါးပါးအား အစွလာမ်အဖြစ်နှင့်တွေ့ရပြီး အစွလာမ်အဖြစ်နှင့်ကွယ်လွန်သူ။**
- **သဗ္ဗတာပေအီ-စွဟာဘာကို တွေ့၊ မိခဲ့သော တာဗေအီအား ကိုယ်တိုင် သာသနာဝင်အဖြစ်နှင့် တွေ့ခဲ့ရပြီး သာသနာဝင်အဖြစ်နှင့် ကွယ်လွန်သူ။**

မျက်မှောက်ခေတ်ရှိ အီမာန်ရှင်တို့မှာကား နဗူဝပ်၏နူရ်တော်၏ ခေတ်အခါသမယနှင့် ဝေးကွာလာသည်နှင့်အမျှ ယုံကြည်မှုပိုင်း ဆိုင်ရာတွင် အားနည်းလာ၍ အလင်းတရားများ ပျောက်ကွယ်လုမတတ် ဖြစ်နေလေသည်။ စင်စစ်မှာ ခေတ်သည်ကား ကောင်းသည်၊ ဆိုးသည် မရှိပါ။ ထိုခေတ်ရှိ လူတို့အပေါ်၌သာလျှင် မူတည်၍နေပေ၏။ ယခု ခေတ်မှ မိဘတိုင်းသည် မိမိတို့၏ ရင်သွေးများအား အဘယ်အတွက် ရည်ရွယ်လျက် ထိန်းကျောင်းနေကြပါသနည်း။ အဘယ်အတွက် ရည်ရွယ်လျက် အဘယ်ပညာကို သင်ကြားပေးနေကြပါသနည်း။ ဆိုသည်ကို မိဘတို့မှာ ပြန်လည်သုံးသပ်၊ စမ်းစစ်ကြည့်ကြ၍ ရွှေခေတ်မှ စွဟာဗီယာ အမျိုးသမီးကြီးအား အတုယူလေးစား လွမ်းဆွတ်သင့်လှပေသည်။ ကျွန်ုပ်တို့သည်ကား ဒွန္နယာနှင့် အာခေရတ်ဖြစ်သည့် နှစ်ဘဝ၊ နှစ်ဌာနအား အီမာန်သက်ဝင်ယုံကြည်ကြသောသူများ ဖြစ်ကြသဖြင့် ထိုနှစ်ဌာနကို ကောင်းကျိုးပြုမည့်ပညာ၊ ကြီးသူရိသေ၊ ရွယ်တူလေးစား၊ ငယ်သူအား သနားတတ်သော လိမ္မာယဉ်ကျေးသိမ်မွေ့စေသည့် ပညာကိုသာလျှင် ရွေးချယ်သင့်ပါကြောင်း အကြံကောင်း ပေးလျက် …

အိ-စာရှသူ ဒီးန်အတွက် သား၊ သမီး မွေးဖွားကြပါစို့။

လွမ်းဆွတ်ဖွယ်ရာ အမီးန်-သစ္စာရှင်ပါ

ချစ်နဗီ နဗူဝပ်မရမီ သက်တော်(၃၅)နှစ်မှ အထင်ကရဖြစ်ရပ်တစ်ခုမှာ ကအ်ဘာကျောင်းတော်ကြီးအား ပြန်လည်မွမ်းမံရန် ကိုရိုက်ရှ်

ခေါင်းဆောင်များသည် ဆုံးဖြတ်ချက် ချမှတ်လိုက်ကြပြီး ကိုရိုက်ရှ် မျိုးနွယ်အားလုံးတို့သည်လည်း ထိုကုသိုလ်ရေးလုပ်ငန်းတွင် ပါဝင်ခဲ့ကြလေ၏။ အခြားမျိုးနွယ်ဝင်တို့သည်လည်း ကုသိုလ်အကျိုးအား လိုလားနှစ်သက်ကြသဖြင့် ကအ်ဘာပြန်လည်မွမ်းမံရေးတွင် သက်ဆိုင်ရာ တာဝန်များကို အသီးသီးခွဲဝေထမ်းဆောင်ပြီး အားကျိုးမာန်တက် ပါဝင်ခဲ့ကြလေသည်။

မွမ်းမံပြီးစီး၍ (ဟဂ်ရေ့အပ်စ်ဝပ်ဒ်)ကျောက်အား တပ်ဆင်ရန် အချိန်ကျရောက်လေသော် မျိုးနွယ်တိုင်းသည် ပါဝင်တပ်ဆင်လိုကြသဖြင့် အကြီးအကျယ် အငြင်းပွားကြလေတော့၏။ သူ့မျိုးနွယ် မြတ်သည်၊ ငါ့မျိုးနွယ် မြတ်သည် ဟု ကျောက်တုံးတပ်ဆင်ရန် အရေးတွင် နောက်ဆုံး၌ လက်နက်ဆွဲကိုင် သတ်ဖြတ်ကြတော့မည့် အခြေအနေသို့ပင် ဆိုက်ရောက်လာခဲ့လေ၏။ ထိုအငြင်းပွားမှုသည် (၄)ရက်တိုင်တိုင် မပြေလည်အောင်ဖြစ်ခဲ့ရ၏။ (၅)ရက်မြောက်သော် အသက်အရွယ် အကြီးဆုံးဖြစ်သော ကိုရိုင်ရှိ ပုဂ္ဂိုလ်တစ်ဦးက ဤသို့ဖြန် ဖြေခဲ့၏။ မနက်ဖန်နံနက် မိုးသောက်ချိန်၌ ကအ်ဘာကျောင်းတော် တွင်းသို့ ပထမဦးဆုံး ရောက်လာသူကို 'ခုံသမာဓိအဖြစ် တင်မြောက်၍ အဆုံးအဖြတ်ခံယူရန် အကြံပေးခဲ့ရာ မျိုးနွယ်အားလုံးက လက်ခံသဘောတူကြလေသည်။

ကျောင်းတော်ကအဘဘသို့ ပထမဦးစွာ ရောက်ရှိလာသူမှာ ချစ်နဗီလောင်းလျာ ကမ္ဘာ့ကရုဏာတော်ရှင် မုဟမ္မဒ်(ﷺ)သခင် ဖြစ်တော်မူလေသည်။ ရှုမြင်ကြသူ မျိုးနွယ်အပေါင်း နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိကြပြီး 'အလ်အမီးန်၊ အလ်အမီးန်-သစ္စာရှင်၊ သစ္စာရှင်' ဟုကောင်းချီးပေး၍ ဟစ်ကြွေးကြလေကုန်၏။ ချစ်နဗီလောင်းလျာသည် မျိုးနွယ်အသီးသီးမှ ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးချယ်တော်မူခဲ့သည်။ ထို့နောက် ခြံစောင်ကြီးတစ်ထည်အား ဖြန့်လျှက် အလယ်တွင် (ဟဂျ်ရေ့အပ်စ်ဝပ်ဒ်)ကျောက်အား ချထားတော်မူ၍ သက်ဆိုင်ရာကိုယ်စားလှယ်တို့ကို စောင်၏အနားစတို့အား ကိုင်တွယ်မ,ယူစေ၏။ တပ်ဆင်ရမည့်နေရာသို့တိုင် ပင့် မ ယူဆောင်စေပြီး သက်ဆိုင်ရာနေရာသို့ ရောက်လေသော် ချစ်နဗီလောင်းသည် မိမိ၏လက်တော်ဖြင့် ကျောက်တုံးကို မ,ယူတပ်ဆင်တော်မူခဲ့လေသည်။ မျိုးနွယ်ပေါင်းအားလုံးတို့မှလည်း ကြည်ဖြူစွာ လက်ခံကျေနပ်ကြလေသည်။ ဤနည်းဖြင့် သွေးချောင်းစီးမည့် ပြဿနာကြီးသည် ပြေလည်၍ အပြီးသတ်သွားခဲ့လေသည်။ သစ္စာရှင်၏ကောင်းမွန်မြင့်မြတ်လှသည့် ကြံရည်ဖန်ရည်တို့ဖြင့် တောက်လောင်အံ့ဆဲဆဲ ရန်မီးကြီးသည် ငြိမ်းအေးသွားရလေတော့သည်။

ဤသည်မှာ ချစ်နဗီ၏ နဗီမဖြစ်ခင်က အထင်ကရဖြစ်ရပ်ပါ။ နဗီမဖြစ်ခင်ကတည်းကပင် သစ္စာရှင်၊ သမာဓိရှင်ဟု ဂုဏ်သတင်း

မွေးကြိုင်၍ ရန်ုသင်းပျံ့ခဲ့၏။ ငယ်စဉ်ကာလ ကလေးဘဝမှ ယခုဘဝ တိုင် အပြစ်အနာအဆာအား လက်ညှိုးထိုးပြစရာ မရှိအောင်ပင် စာရိတ္တ မထွှိုင် ကြုံခိုင်သူဖြစ်၏။ အမည်ရင်းထက် 'အမီးန်-သစ္စာရှင်'ဟု မြတ်နိုး လေးစားခေါ်ဝေါ်ခဲ့ကြ၏။ ထို့ကြောင့်ပင် ထိုသစ္စာရှင်၊ သမာဓိရှင်၏ ဆုံးဖြတ်လုပ်ဆောင်ချက်အပေါ်တွင် အလွယ်တကူ ကြည်ဖြူစွာ လက်ခံ ကျေနပ်ကြခြင်းဖြစ်ပေသည်။

ယခုခါသမယ ကျွန်ုပ်တို့၏ အနေအထားအား ပြန်လည် သုံးသပ် ကြည့်ကြပါစို့လား။ ကျွန်ုပ်တို့မှာ သာမန်အသေးအမွှား ပြဿနာပင် မဖြေရှင်းနိုင်ကြပါ။ ရှင်းရင်းက ပိုရှုပ်သွားခြင်းမျိုးကိုလည်း ကြုံရတတ် လေ၏။ ဤသည်မှာ အဓိက (ယုံကြည်မှု)ပင် ဖြစ်လေသည်။ သစ္စာရှင်၊ သမာဓိရှင်အဖြစ် ချစ်နဗီ၏အပေါ်၌ ယုံကြည်ချက် ခိုင်မာခဲ့ကြသဖြင့် ပြဿနာကြီးသည် ပြေလည်သွားခဲ့ခြင်းဖြစ်၏။ ယခုမူ ယုံကြည်စိတ်ချရ မှု မရှိတော့လောက်အောင်လည်း စာရိတ္တမထွှိုင်များက ယိုင်နဲ့လျက် ရှိနေသည့်အတွက် အချင်းချင်းမှာ တစ်ယောက်ကို တစ်ယောက် အထင်ကြီး၊ လေးစားယုံကြည်စိတ်ချမှုများ မရှိကြတော့ခြင်းသာ ဖြစ်၏။ ဝမ်းနည်းဖွယ်အချက်တစ်ရပ်မှာ အချို့မွတ်စလင်မ်များသည် မိမိတို့ မွေးဖွားသော သားသမီးကိစ္စတို့ကိုပင် မဖြေရှင်းပေးနိုင်ကြတော့ချေ။ သားသမီးများကလည်း မိဘစကားအား နားမထောင် ကြတော့ပေ။

မိဘတို့အား အထင်ကြီး လေးစားယုံကြည်မှုများ သည်လည်း ဆိတ်သုဉ်းသွားခဲ့ကြလေပြီ။

အို-စာရှူသူ နဗီမဖြစ်ခင် သက်တော်(၃၅)နှစ်အရွယ်သာ ရှိသော ချစ်နဗီသည် တင်းမာလျှက်ရှိကြသော အုပ်စုကြီး(၂)ခု၏ သွေးချောင်းစီးမည့် ပြဿနာကြီးအား လွယ်ကူစွာ ဖြေရှင်းပေးသွားနိုင်သူ မွန်မြတ်သည့် စာရိတ္တပိုင်ရှင်၊ သစ္စာရှင်၊ သမာဓိရှင် ချစ်နဗီသခင်အား ကိုယ့်သားသမီး အရေးကိုသော်မှ မဖြေရှင်းပေးနိုင်ကြသည့် ကျွန်ုပ်တို့မှာ အမှန်တကယ်ပင် လွမ်းဆွတ်တမ်းတ သတိရသင့်လှပေသည် မဟုတ်ပါလော။

လွမ်းဆွတ်ဖွယ်ရာ ဟဇရသ် အပ်စ်မာအ်

ယဇီးဒ်အန်စွာရီ၏ သမီးဖြစ်သည်။ တစ်နေ့သော် ချစ်နဗီ၏ ထံတော်သို့ ဝင်ရောက်ခစားပြီး လျှောက်ထားခဲ့လေသည်။ “ယာရစူလောလျှာဟ် ကျွန်ုပ်၏ မိဘနှစ်ပါးအား ကိုယ်တော့်အပေါ် စွန့်လွှတ်ပါ၏။ ကျွန်မသည် မွတ်စလင်မ် အမျိုးသမီးတို့၏ကိုယ်စား လာရောက် ခ,စား ရခြင်းဖြစ်ပါသည်။ အမှန်ပင် အလ္လာဟ်အသျှင်မြတ်က ကိုယ်တော့်အား အမျိုးသား၊ အမျိုးသမီးတို့အတွက် နဗီရစူလ်အဖြစ်နှင့် စေလွှတ်တော်မူခဲ့ပါသည်။ ကျွန်မတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်အပေါ် အီမာန် သက်ဝင်ယုံကြည်ကြပါသည်။ အို-ကိုယ်တော် ကျွန်မတို့ အမျိုးသမီးများမှာ အိမ်တွင်း၌ ပိတ်မိလျှက်ရှိနေပါသည်။ ‘ပရ်ဒါဟ်’နှင့်

လုံခြုံစွာနေကြရပါသည်။ ခင်ပွန်းများမှာ ကျွန်မတို့ အမျိုးသမီးများမှ ကာမဂုဏ် ခံစားရယူကြပြီး ထိုခင်ပွန်းတို့၏ သားသမီးများကိုလည်း ဝမ်းတွင်း၌ လွယ်ထားကြရပါသေး၏။ သို့ရာတွင်လည်း အမျိုးသားတို့မှာကား ကျွန်မတို့အမျိုးသမီးများထက် ကုသိုလ်အရာမှာ သာပိုလျက် ရှိနေကြသည်။ 'ဂျိုမို့အာ'နမာဇ်၊ ငါးကြိမ်နမာဇ်ဂျမာအတ်များတွင် ပါဝင်သည့်ကုသိုလ်၊ ရောဂါသည်တို့အား မေးမြန်းသည့် 'အေယာဒတ်'၏ကုသိုလ်၊ 'ဂျနာဇာဟ်နမာဇ်'၏ ကုသိုလ်တို့တွင်လည်း ပါဝင်ပတ်သက်နေကြပါသည်။ ဟဂျ်ကိုလည်း ဆက်ခါဆက်ခါ ပြုလုပ်ကြပြီး အလွန်မွန်မြတ်သည့် 'ဂျဟာဒ်'စစ်ပွဲတို့တွင်လည်း ပါဝင်ဆင်နွှဲ တိုက်ခိုက်ကြပေသေး၏။ ၎င်းတို့သည် ဟဂျ်၊ အွမ္မရာဟ်နှင့် သာသနာအတွက် 'ဂျဟာဒ်'ထွက်ခွာသွားကြလေသော် ကျွန်မတို့မှာ ခင်ပွန်း၏ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်လျက် သားသမီးများကို ပြုစုစောင့်ရှောက်ကာ အားလုံးတို့၏ အဝတ်အထည်များအား ချုပ်လုပ် ဖွပ်လျှော်လျက် အိမ်မှုကိစ္စအဝဝတို့အား ပြုလုပ်ဆောင်ရွက်လျက် နေခဲ့ကြရပါသည်။ ထို့အတွက် ကျွန်မတို့မှာ ထိုအမျိုးသားများ၏ ဆဝါဘ်ကုသိုလ်၌ ပါဝင်ပတ်သက် ရရှိကြပါမည်လော"ဟု မေးမြန်းလျှောက်ထားခဲ့လေရာ-

ချစ်နဗီသည် ကုသိုလ်ရေးနှင့်ပတ်သက်၍ လိုလားနှစ်ခြိုက်စွာ မေးလာလေသော မေးခွန်းများအပေါ် ဝမ်းမြောက်ကြည်နူးစွာဖြင့် တပည့်စွဟာဘာများဘက်သို့လှည့်ကာ "သူမကဲ့သို့ ကောင်းသော

မေးခွန်းများ မေးလျှောက်သည်ကို ကြားဖူးကြလေသလော”ဟု မိန့်လေသည်။ တပည့်တော်များကလည်း “အို-ကိုယ်တော် အမျိုးသမီးတို့သည် သာသနာရေးတွင် ဤသို့ပင် မေးနိုင်ကြလိမ့်မည်ဟုပင် မထင်မိခဲ့ပါကြောင်း” အံ့သြစွာ လျှောက်ထားခဲ့ကြလေသည်။ ချစ်နဗီသည် သခင်မဘက်သို့ လှည့်တော်မူပြီး “အသင်မ သေချာကျနအောင် နားထောင်ပါ။ သင်မအား လွှတ်လိုက်သော အမျိုးသမီးတို့ကိုလည်း ပြောပြပါ။ အမျိုးသမီးသည် လင်ယောကျ်ားအား ကောင်းမွန်စွာဆက်ဆံ၍ ယောကျ်ား၏ သဘောတူကျေနပ်မှုကို ရှာဖွေလိုက်နာနေခြင်းအားဖြင့် ထိုလင်ယောကျ်ားတို့ ပြုလုပ်သော ကုသိုလ်ဆဝါဘ်တို့အား အညီအမျှ ရရှိကြမည်ဖြစ်၏။” ဟုဖြေကြားတော်မူလိုက်လေရာ သခင်မသည် အမျိုးသမီးတို့ထံ သတင်းကောင်းပါးရန်အတွက် ပျော်ရွှင်ဝမ်းမြောက်စွာ ပြန်သွားခဲ့လေသည်။ အို-စာရှူသူ အီမာန်ရှင်အမျိုးသမီးများသည် ကုသိုလ်ရေးရာတွင် ဤသို့ လိုလားမက်မောကာ အပ်စ်မာအ် သခင်မကြီးအား ကိုယ်စားလှယ်ထားပြီး ချစ်နဗီထံစေလွှတ် မေးမြန်းခဲ့ကြလေသည်။ ချစ်နဗီကလည်း အီမာန်ရှင် အမျိုးသမီးတို့၏ ကုသိုလ်အကျိုးလိုလားမှု၊ သောကထားရှိမှုအပေါ် ကျေနပ်နှစ်သက် ဝိတိဖြစ်လျက် ကုသိုလ်ရရေးအတွက် အဖြေပေးခဲ့လေသည်။ လွမ်းဆွတ်ဖွယ်ရာပင် ဖြစ်ပေ၏။

ချစ်နဗီက မိန့်မြွက်တော်မူသည်မှာ-

၁။ အိမ်မှူတာဝန်ထမ်းဆောင်နေသည့် အမျိုးသမီးများသည် သာသနာ့ စစ်ထိုးသူများနှင့် ညီတူညီမျှ အကျိုးကုသိုလ်ရရှိပေမည်။

၂။ မိမိကလေးများနှင့်အတူ အိမ်မှုထမ်းဆောင်နေသော အိမ်ရှင်မသည် ဂျန္ဒတ်၌ ငါကိုယ်တော်နှင့်အတူ နေရပေလိမ့်မည်။

အလ္လာဟ်အရှင်မြတ် မိန့်တော်မူထားသည်မှာ ငါအရှင်သည် သင်တို့၏ စိတ်နှလုံးတည်ငြိမ်မှု ရယူရန်အလို့ငှာ ဇနီးကြင်ယာများအား သတ်မှတ် ပေးသနားထားတော်မူလေ၏။ ဆိုလိုတော်မူသည်မှာ ကိုယ်စိတ်နှလုံး မောပန်းပြီး အိမ်သို့ ပြန်ရောက်လာသည့်အခါ အမောပြေစေလိမ့်မည် ဖြစ်၏။

၃။ လောကီရှိအရာဝတ္ထုမှန်သမျှသည် အကျိုးပြုပစ္စည်းများသာ ဖြစ်ကြ၏။ အကောင်းဆုံး အကျိုးပြုပစ္စည်းသည်ကား မြင့်မြတ်သည့် အမျိုးသမီးပင်ဖြစ်ချေ၏။

၄။ အိမ်၌မိန်းမမြတ် (ဇနီးကြင်ယာ)ရှိခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ကြီးမားသောနေအမတ် စည်းစိမ်တော်တစ်ခုဖြစ်၏။

၅။ ဇနီးသည်၏ဝတ္တရားများ ဖြည့်ဆည်းရာ၌လည်းကောင်း၊ တစ်ခါတရံ မချေမငံဆက်ဆံလာရာ၌လည်းကောင်း သည်းခံခြင်းသည် စိတ်ရိုင်းနှင့် စစ်ထိုးရာမည်၏။

၆။ မိမိ၏ အိမ်သူအိမ်သားများအပေါ်တွင် သင်တို့ သုံးစွဲသမျှ အတွက် အလှူဒါနပြုသကဲ့သို့ ကုသိုလ်အကျိုးရရှိမည်။ ၎င်းပြင်

အိမ်စရိတ် ထောက်ပံ့သူ အမျိုးသားသည် (ဂါဇီ)သာသနာ့စစ်ပွဲမှ ပြန်လာသူကဲ့သို့ ကုသိုလ်ရရှိမည်ဖြစ်၏။

ဤသည်တို့မှာ ဇနီးကြင်ယာများနှင့် ပတ်သက်သော ဩဝါဒ အနည်းငယ်သာလျှင် ဖြစ်ပေသည်။ ဩဝါဒတော်များ များစွာကျန်ရှိပေသေး၏။ ဤဩဝါဒအချို့ကိုပင် ဖတ်ရှုခြင်းဖြင့် ဇနီးကြင်ယာတို့၏ တန်ဘိုးနှင့် အဆင့်အတန်းအား သိမြင်နိုင်ကြလေသည်။ သို့ရာတွင် ဝမ်းနည်းဖွယ်ရာ အချက်တစ်ရပ်မှာ ယခုချိန်ခါသမယတွင် သာသနာ့အသိအမြင်နည်းပါးပြီး အတွေ့ကြီးမားကြသော လင်ယောကျ်ား အချို့တို့မှာ မိမိတို့၏ ဇနီးမယား အိမ်ဓာန်ရှင်အမျိုးသမီးတို့အား ကုသိုလ်ရေးရာ သာသနာရေးရာတို့၌ ကိုယ်တိုင်လမ်းပြညွှန်ကြား သွန်သင်ပို့ချကြခြင်း မရှိကြသည့်အပြင် သာသနာ့အသိတရားများ ရရှိနိုင်သောနေရာများသို့ပင် မသွားရန် ပိတ်ပင်တားမြစ်ကြလေသည်။ အမှန်မှာ ထိုဇနီးသည် အမျိုးသမီး၏ (နမာဇ်၊ ရိဇာဟ်၊ ဟိုက်ဇ်၊ နေဖွားစ်၊ အစ်တေဟာသွာ) အစရှိသည်တို့အတွက် အေလင်မ်ပညာသည် မုချ လိုအပ်လှပေသည်။ တိုအေလင်မ်အား ထိုခင်ပွန်းလင်ယောကျ်ားက ကိုယ်တိုင်ပို့ချပေးကြရမည်။ ကိုယ်တိုင်ပို့ချမပေးနိုင်ခဲ့သော် အေလင်မ် ရရှိရန်နေရာသို့ (ပါရ်ဒါဟ်)နှင့် သွားရောက်ဆည်းပူးစေရမည်။ ချစ်နဗီက-

❖ မွတ်စလင်မ်အမျိုးသား အမျိုးသမီးတိုင်းအတွက် သာသနာ့ပညာရှာဖွေဆည်းပူးခြင်းမှာ (ဖရာဇ်)မလုပ်မနေရ တာဝန်ဖြစ်၏။

❖ **ပုခက်အတွင်းမှ သချိုင်းအတွင်းထိတိုင် သာသနာ့ပညာအား ရှာဖွေဆည်းပူးကြရမည်။**

ဟူ၍လည်း ဟဒီးစ်တော်များတွင် လာရှိထားပါသောကြောင့် သာသနာ့ပညာရေးအား အလေးအနက်ထားကြရပေမည်။ သာသနာရှိသော မိခင်မှသာလျှင် သာသနာရှိသောသားသမီး ထွန်းကား ပေလိမ့်မည်။ ထို့ကြောင့် မိခင်မှာ အဓိကဖြစ်သည်။ မိခင်တွင် ဒီးန်ရောက်မှ သားသမီးတွင် ဒီးန်ရောက်ရှိသွားမည်။ အထည်ယက်လုပ်ရာ၌ ချည်အလိုက် ပိတ်စထွက်လာသကဲ့သို့ပင် ကလေးရင်သွေးများ ထံသို့လည်း မိခင်၏ အရည်အချင်းများမှာ ဝင်ရောက်သွားမည်သာ ဖြစ်လေသည်။ ထိုအတွက်ကြောင့်ပင် အီမာန်ရှင်အမျိုးသမီးများလည်း (ဒါအီ၊ နမာဇီ၊ တပ်က်ဝါရှင်)များ ဖြစ်ကြရန် လိုအပ်အရေးကြီးလှပေသည်။ ရင်သွေးငယ်ကလေးများကို ရင်ခွင်ပိုက်လျက် အုပ်ချုပ်နေရသည်မှာ အမျိုးသမီးများသာလျှင် ဖြစ်ကြသောကြောင့် မိခင်မှာ အကျင့်မကောင်းလျှင် သားသမီးတို့မှာလည်း အကျင့်ကောင်းတော့မည်မဟုတ်ပေ။

အမျိုးသမီးတို့အား အလွှာဟ်အရှင်မြတ်သည် မြင့်မားသော အဆင့်အတန်းနှင့် အရည်အချင်းများအား ပေးသနားချီးမြှင့်ထားတော်မူပါ၏။ ဥပမာ-လင်ယောကျ်ားများမှာ စီးပွားရှာရာမှ မောပန်း၍ ပြန်လာပါလျှင် ဇနီးသည်အမျိုးသမီးနှင့် စကားစမြည် အနည်းငယ် ပြောလိုက်

ခြင်းဖြင့် အမောအပန်းများ ပြေသွားစေသော အရည်အသွေးအား အမျိုးသမီးတို့ထံတွင် အရှင်သခင်က ထည့်သွင်း ပေးသနားထားတော်မူလေသည်။ ထို့နောက် (ခစ်ဒ်မသ်)ပြုစုမှု အရည်အချင်းကိုလည်း ချီးမြှင့်ပေးသနားထားတော်မူ၏။ တစ်အိမ်သားလုံးအတွက် ချက်ရ၊ ပြုတ်ရ၊ ဧည့်ဝတ်ပြုစုကြရ၏။ ကလေးငယ်များ ဝမ်းသွားလျှင်လည်း ဖခင်က မဆေးရဘဲ မိခင်မှသာ ဆေးကြောသန့်စင်ပေးကြရလေသည်။ အညစ်အကြေး ဆေးကြောရသော (ခစ်ဒ်မသ်)မှာလည်း ကုသိုလ်အကျိုးကြီးမားလှပါ၏။ အေဘာဒတ်သည် ဂျန္နတ်ရ၍ ခစ်ဒ်မသ်မှာ အလွှာဟ်အရှင်၏ နှစ်သက်မှုကို ရလေသည်မဟုတ်ပါလော။

အလွှာဟ်အရှင်မြတ်၏ နဗီတမန်တော်တို့မှာလည်း မိခင်များ၏ဝမ်းဗိုက်တို့မှ ဖွားမြင်လာခဲ့ကြခြင်းသာလျှင် ဖြစ်ပေသည်။ (ချွင်းချက်အနေနှင့် လူသားတို့၏အစ ဖခင်ကြီး အာဒမ်နဗီ တစ်ပါးတည်းကိုသာ အလွှာဟ်အရှင်မြတ်က (ကုဒ်ရတ်)၏ ရွေလက်တော်ဖြင့် ဖန်ဆင်းခဲ့လေသည်။) ထို့ကြောင့် အမေ မရှိသောနဗီ မရှိပါ။ အဖေမရှိသော နဗီသာ ရှိခဲ့ပါ၏။ ၎င်းမှာ အီစာ(အလိုင်ဟစ္စလာမ်) နဗီသခင်ဖြစ်၏။ မိခင်တို့၏ ဂုဏ်အား ဤသို့ဖြင့် အရှင်မြတ်က မြှင့်တင်ပေးတော်မူခဲ့ပါသည်။ ထို့အတွက်ကြောင့်-

အို-စာရှုသူ အီမာန်ရှင်အမျိုးသမီးတို့အားလည်း (ဂျန္နတ်) သုခဘုံကို ရှာဖွေခွင့်(ဂျဟန္နမ်)ငရဲဘုံအား ရှောင်ရှားနိုင်ခွင့်ကို ပေးစေကြလျက်

လမ်းပြခဲ့သော ချစ်နဗီကဲ့သို့ အခြားသမီးတို့အား ကြင်နာစွာဖြင့် ဖေးမကူညီ လမ်းညွှန်ပေးကြပါလေကုန်။ အိမ်ဦးနေစဉ် (တအိမ်လင်မ)ပြုလုပ်ခြင်း၊ သာသနာရေး လေးစားလိုက်နာသူများ၏ထံမှ အေဘာဒတ်ရေးရာ နည်းနာများကို သင်ယူစေခြင်း၊ ကျမ်းမြတ်ကုရ်အာန်ကို ပီသမှန်ကန်စွာ ဖတ်ရွတ်နိုင်ရန် ကြိုးပမ်းသင်ယူခြင်းတို့ဖြင့် သာသနာပေါ်တွင် ရပ်တည်ကြိုးပမ်းသွားကြရပေမည်။ မိသားတစ်စုလုံး ဂျန္နတ်တွင် ဝင်ရောက်နိုင်ရန်အတွက် မိသားတစ်စုလုံးသည် သာသနာပေါ်တွင် ကြိုးစားသွားကြရမည်ဖြစ်၏။ အာခေရတ်တွင် မိသားစုအား တကွဲတပြားစီ ထားတော်မမူပါရန်နှင့် ဂျန္နတ်ဦးအတူတူ တလုံးတစည်းတည်း စံစားခွင့် ပေးသနားတော်မူပါရန်ကိုလည်း နေ့စဉ် ဒိုအာပြုလျက်ရှိနေကြရပေမည်။

လွှမ်းဆွတ်ဖွယ်ရာ ဟဇရသ် အာအေရှာဟ်

သခင်မသည် အွမ်မွလ်မုအ်မေ့နီးန် ဖြစ်၍ ချစ်နဗီ၏ ကြင်ယာတော်များတွင် အသက်အငယ်ဆုံးနှင့် အပျိုစင်စစ်မှာ ဤသခင်မ တစ်ပါးတည်းသာလျှင် ရှိခဲ့လေသည်။ ချစ်နဗီသည် သခင်မအား လွန်စွာချစ်မြတ်နိုးတော်မူရှာ၍-

(အို-အရှင် ကျွန်တော်မျိုးသည် ကြင်ယာတော်များနှင့် တရားမျှတစွာ ဆက်ဆံပါသည်။ သို့ရာတွင် နှလုံးသားအချစ်၌ အမှန်

တကယ်ပင် အာအေရှာဟ်ကို ပိုမိပါသည်။ ထိုအားနည်းချက်အား အရှင်မြတ် ခွင့်လွှတ်တော်မူပါ) ဟုဆုပန်ခဲ့ရာလေ။

တစ်ချိန်သော် 'ဗနူမွတ်တွလစ်က်' စစ်ပွဲမှအပြန် ခရီးတစ်ထောက် စခန်းချနားနေရာတွင် သခင်မသည် အပေါ့အလေးကိစ္စအတွက် စခန်းချရာမှ တောစပ်နားထိ သွားရောက်ခဲ့၏။ ထိုမှ ပြန်လာသော် သခင်မ၏လည်ဆွဲမှာ ပါမလာတော့ပေ။ ထို့အတွက် သခင်မမှာ တောစပ်သို့ ပြန်လည်သွားရောက် ရှာဖွေခဲ့လေသည်။ ထိုစဉ် စခန်းချရပ်နားနေသော အစ္စလာမ့်စစ်တပ်ကြီးမှာ ရှေ့ခရီးသို့ ဆက်လက်ထွက်ခွာသွားလေတော့၏။ သခင်မ ပြန်ရောက်လာသော် လူသူလေးပါးမတွေ့ရတော့သဖြင့် စခန်းချရာနေရာ၌သာ စောင့်ဆိုင်းနေရတော့၏။ ချစ်နဗီသည် သခင်မ ပါမလာကြောင်း သိလျှင်သိရခြင်း လာရောက်ရှာဖွေ ခေါ်ငင်လိမ့်မည်ဟုလည်း သခင်မက တထစ်ချ ယုံကြည်ထားလေသည်။

ထိုအချိန်၌ စစ်တပ်စခန်းချရာတွင် ကျန်ရစ်သောပစ္စည်း တို့အားကြည့်ရှု၊ ကြပ်မတ်သိမ်းဆည်းရန် တာဝန်ပေးအပ်ခြင်းခံရသော (စွဖဝါန် ဗင်န် မိုအတွာလ်)စွဟာဘာသည် တာဝန်အရ စခန်းချရာအရပ်သို့ ပြန်လည် ရောက်ရှိလာခဲ့လေရာ မိခင်မွန်သခင်မအား တွေ့ရလေ၏။ စွဟာဘာကြီးသည် ရိုသေစွာဖြင့် မိခင်မွန်အား အစီးအနင်းပေါ်တွင် တင်ဆောင်လျက် ကိုယ်တိုင်မှာ အောက်မှဇက်ကြိုးကို ဆွဲကိုင်ကာ

ခြေလျင်ဖြင့်ပင် တပ်တော်ဘက်သို့ ခေါ်ဆောင်လာခဲ့လေသည်။ ထိုနေ့ မွန်းတည့်ချိန်၌ပင် ဆိုက်ရောက်ခဲ့လေသည်။

သို့ရာတွင် ထိုဖြစ်ရပ်ကိုပင် မုနာဖိုက်ခေါင်းဆောင် အဗ္ဗဒွလ္လာ ဗင်န် အိုဘိုင်နှင့် အပေါင်းအပါ အရေခြံတို့က စကားချဲ့ထွင်ပြီး မိခင်မွန် သခင်မအား မတရားသဖြင့် စွပ်စွဲကျူးလွန်ကြလေတော့၏။ ထိုစွပ်စွဲမှု ကြီးကြောင့် စစ်မှန်သော အချို့မွတ်စလင်မ်များကိုပင် ထင်ယောင် ထင်မှား ဖြစ်စေခဲ့သည်အထိ စူးရှထိရောက်ခဲ့လေသည်။ ချစ်နဗီ ကိုယ်တော်တိုင်ပင်လျှင် ဤသတင်းကြောင့် လွန်မင်းစွာ စိတ် မချမ်း မသာ ဖြစ်ခဲ့ရလေတော့၏။ ကာယကံရှင် မိခင်မွန်သခင်မမှာကား ပြောဖွယ်ရာမရှိတော့ပေ။ ထိုကဲ့သို့ ရက်စက်ယုတ်မာလှသည့် မတရား စွပ်စွဲမှုကြီးအတွက် ရှက်လွန်းအားကြီးကာ သခင်မမှာ အရုပ်ကြိုးပြတ် ဖြစ်၍ အိပ်ယာထဲတွင် လဲလေတော့၏။ ကြီးမားလှသော ရှက်သောက ၏ ဖိစီးမှုကြောင့် ကိုယ်စိတ်နှစ်ပါးလုံး မကျန်းမမာ ဖြစ်ခဲ့ရလေသည်။ သခင်မ၏ မိဘနှစ်ပါးတို့မှာလည်း ကြီးမားစွာ စိတ်ဒုက္ခရောက်ခဲ့လေ တော့၏

ချစ်နဗီမှာ ရွှေစိတ်နှလုံးတော် ရှုပ်ထွေးတော်မူလျက် ကြင်ယာ တော်(ဇိုင်နဗ် ဗင်တော့ဂျဟရ်)အား ထိုကိစ္စရပ်နှင့် ပတ်သက်၍ ယူဆ ချက် သဘောထားကို တင်ပြရန် တောင်းဆိုခဲ့လေသည်။ ထိုအခါတွင် ဇိုင်နဗ်သခင်မက (ကျွန်မသည် အာအ့ေရှာဟ်နှင့် ပတ်သက်၍ မကောင်း

ခြင်းကို မမြင်မိပါ။ အာအေ့ရှာဟ်၏ထံတွင် ကောင်းခြင်းများကိုသာ မြင်တွေ့နေရပါကြောင်း) လျှောက်ထားဖြေကြားတော်မူခဲ့ပါသည်။

အို-စာရှူသူ လောကီသဘာဝအားဖြင့် ခင်ပွန်းလင်တစ်ဦးတည်းနှင့် ပေါင်းသင်းနေကြရသူ ဇနီးမယားတို့ အချင်းချင်းမှာ မနာလိုမရှုစိမ့်နှင့် ရန်သူသဖွယ် ဖြစ်နေတတ်ကြသည်မှာ ဓမ္မတာပါ။ ယခုကဲ့သို့များ အကျဉ်းအကြပ်ကျ၍ အရေးကြုံလာခဲ့လျှင်ကား တစ်ဖက်လူကို ဖိနှိပ်လျက် မတရားပြောဆိုမှုများကို အလျှံအပယ် ပြုလုပ်ပြောဆိုကြမည် သာဖြစ်လေ၏။ ကြုံဆုံတုန်းမှာ ပိုပိုမိုမို သာသာထိုးထိုး ပြောဆိုပြီး တဖက်သား၏ သိက္ခာအား ချပစ်လိုက်နိုင်ပေသည်။ သို့ရာတွင် ချစ်နဗီ၏ ကြင်ယာတော် မိခင်မွန် သခင်မကြီးတို့မှာကား မြင့်မြတ်သောစိတ်နေသဘောထားတို့ဖြင့် အရေးကြုံ၍လည်း မတရားပြောဆိုမှုကို အလျင်းမပြုခဲ့ဘဲ အမြင်ကြည်ကြည်နှင့်ပင် အရှိကို အရှိအတိုင်း ဂုဏ်ပြုဖြေကြားနိုင်ခဲ့လေသည်။ ဤသည်မှာ ထိုမိခင်မွန်များ၏ နှလုံးသားသန့်စင်မှုနှင့် စံပြုအတုယူဖွယ်ရာ ရွှေခေတ်၏ လွမ်းဆွတ်ဖွယ်ရာ တစ်ခုပါ။ ယခုမျက်မှောက်အခါသမယတွင်ကား လင်ညီအစ်မချင်းပင် မဆိုထားနှင့် သမီးယောင်းမယောကျမတို့ပင် နှေ့စဉ်ရန်ပွဲ၊ ထင်တိုင်းကျဲနေကြပြီး တစ်ဦးနှင့်တစ်ဦး အပုပ်ချပွဲကြီးများ ပြုလုပ်နေကြသည်မှာ ရင်နာကြေကွဲဖွယ်ရာ၊ ရုက်ဖွယ်ရာပင်။ ထို့ကြောင့် ရွှေခေတ်ကို ပြန်လည်တမ်းတလျက် မိမိတို့၏နှလုံးသားများကို သန့်စင်ကြပါလေ။

ထို့နောက် အလွှာဟ်အရှင်မြတ်၏ထံတော်မှ စူရာဟ်နူရ်ကဏ္ဍကို ချမှတ်ပေးလျက် မိခင်မွန် အာအေရှာဟ်သခင်မမှာ အပြစ်ကင်းစင်သည့်အကြောင်း ဗျာဒိတ်ပေးတော်မူခဲ့လေ၏။

❖ ယင်း "မုသားစွပ်စွဲချက်"အား သင်တို့ကြားသိစဉ်က မုအ်မင်န် ယောကျ်ားတို့သည် လည်းကောင်း၊ မုအ်မင်န်မိန်းမတို့သည်လည်းကောင်း မိမိတို့အချင်းချင်းနှင့် ပတ်သက်ပြီး အဘယ်ကြောင့် ကောင်းမွန်သော ထင်မြင်ချက်ကို မထင်မြင် မယူဆခဲ့ကြပါသနည်း။ ထိုမှတစ်ပါး ထိုမုအ်မင်န် ယောကျ်ား၊ မိန်းမတို့က ဤသည် ထင်ရှားလှစွာသော "မုသားစွပ်စွဲချက်ပင် ဖြစ်သည်ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြသနည်း။(၂၄း၁၂)

ထိုကဲ့သို့ အရှင့်ထံတော်မှ အာယတ်တော်မြတ် ကျရောက်လာလေသောအခါ မိခင်မွန်သခင်မနှင့် သခင်မ၏မိဘနှစ်ပါးတို့မှာ လွန်မင်းစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး (ရှကုရ်)များစွာပင် ပြုခဲ့ကြလေသည်။ မုနာဖိက်များမှာ မျက်နှာပျက်၊ အရှက်ကွဲကြရပြီး ထင်ယောင်ထင်မှား ဖြစ်ခဲ့မိကြလေသော မွတ်စလင်မ်တို့မှာမူ အလွန်ပင် စိတ်မကောင်းခြင်းကြီးစွာဖြင့် ချစ်နဗီ၏ ထံတော်ပါးတွင် ထိုအမြင်မှားမှုအတွက်ကို ခွင့်လွှတ်တော်မူပါရန် တောင်းပန် အသနားခံခဲ့ကြ လေသည်။

အို-စာရှုသူ မတရားစွပ်စွဲမှုသည်ကား အလွန်ပင် ဆိုးယုတ်သော စာရိတ္တပင် ဖြစ်လေသည်။ မွတ်စလင်မ်တစ်ဦးအား ဒုက္ခပေးခြင်း၊ စိတ်ဒုက္ခရောက်စေခြင်းတို့အား (ဂိုနာဟ်ကဗီရာ)တွင် ထည့်သွင်းထားပေသည်။ ချစ်နဗီက လမြတ်ရမ္မဇာန်တွင် မတရားစွပ်စွဲခြင်းနှင့် သေရည်သေရက်သောက်စားခြင်းတို့ဖြင့် ထိုသူတစ်နှစ်ပတ်လုံး ပြုမူဆောင်ရွက်ခဲ့သော ကောင်းမှုများမှာ ပယ်ဖျက်ခြင်းခံရမည်ဟု မိန့်တော်မူထားလေရာ မတရားစွပ်စွဲမှု၏ ပြင်းထန်လေးနက်ခြင်းအား ခန့်မှန်း သိရှိနိုင်ပါသည်။ သို့သော်လည်း အများအားဖြင့် လူတို့မှာ ထိုဂိုနာဟ်အား လွယ်လွယ်နှင့်ပင် ပြောဆိုကျူးလွန်နေကြသည်ကို တွေ့မြင်နေကြရလေသည်။ သတိပြုရန်မှာ လမြတ်ရမ္မဇာန်တွင် ကျူးလွန်ပြောဆိုမိကခက်ချေမည်။ တစ်နှစ်လုံးမှ အမလ်ပယ်ဖျက်ခြင်း ခံရပေတော့မည် ဖြစ်၏။ ထို့ကြောင့်တတ်အပ်သေချာ မသိမမြင်ရလေသော အရာတို့အား လုံးဝမပြောသင့်ပေ "အထင်မှားခြင်း"ဆိုသည်မှာ 'အထင်မှားခြင်း'သာလျှင်ဖြစ်ပါလေ၏။ အထင်မမှန်နိုင်ပါ။

ထို့ကြောင့် နှုတ်လျာနှင့်ပတ်သက်သည့် ပြစ်မှုများကို အမြန်ဆုံး (သောင်ဗာဟ်)ပြု၍ မိမိ၏မှားယွင်းသည့် စွပ်စွဲမှုတို့အတွက် ပြန်လည်တောင်းပန်ကြရပေမည်။ ကာယကံရှင် ကျေနပ်မှသာလျှင် အရှင်သခင်က အရေးယူမည် မဟုတ်ပေ။ ထို့အတွက်ကြောင့် နောင်မှလည်း မတောင်းပန်ရလေအောင် အစကတည်းက မိမိတို့၏အထင်နှင့် ယိုးမှား

စွပ်စွဲမှုများကို မပြုမူ၊ မကျူးလွန်မိကြပါစေနှင့် ဟူ၍ စေတနာမွန်ဖြင့် အကြံပြအပ်ပါ၏။

တစ်ချိန်တစ်ခါသော် ကြင်ယာတော်များသည် ချစ်နဗီ၏ အထံတော်မှ စားရေရိက္ခာပိုမိုပေးပါရန် တူညီသောဆန္ဒများနှင့် တောင်းဆိုခဲ့ကြလေသည်။ ကြင်ယာတော်များသည် ယခင်က အခြေအနေအရပ်ရပ်ကို ငဲ့ညှာလျက် ချွေတာစွာ သုံးစွဲနေထိုင်ခဲ့ကြသည် ဖြစ်၏။ ယခုသော် ချစ်နဗီ၏ထံတော်တွင် အဘက်ဘက်မှ (မာလေ ဂနီမတ်) သာသနာ့ဘဏ္ဍာတော်နှင့် အခြားသောဝင်ငွေများ တိုးပွားလာခြင်းအပေါ်တွင် ကြင်ယာတော်များက သဘောတူတောင်းဆိုခဲ့ကြခြင်းဖြစ်၏။ ချစ်နဗီမှာ ကြင်ယာတော်များ၏ ရိက္ခာပိုတောင်းဆိုမှုက တစ်မျိုး၊ မြင်းပေါ်မှကျသောဒဏ်ရာကြောင့် ခြေထောက်တော် နာကျင်မှုကတစ်ဖုံ ခံစားရလေသောအခါ ကိုယ်စိတ်နှစ်ပါးစလုံး မချမ်းမသာ ဖြစ်ရလေသည်။ ထို့ကြောင့် တစ်လတိတိပင် ကြင်ယာတော်များနှင့် အဆက်ဖြတ်ပြီး တစ်ကိုယ်တည်း နေတော်မူပါမည်ဟု ဆုံးဖြတ်လျက် တစ်ကိုယ်ရေ တစ်ကာယ နေထိုင်တော်မူခဲ့လေသည်။

ထိုဖြစ်ရပ်ကို အခြေခံ၍ မုနာဖိက်များက ချစ်နဗီသည် ကြင်ယာတော်တို့ကို (သွလားက်)ပေး ကွာရှင်းတော်မူလိုက်ပြီဟု သတင်းလွှင့်ကြလေရာ တပည့်ရင်း စွဟာဘာကြီးများမှာ အလွန်အမင်း စိတ်မချမ်းမသာ ဖြစ်ရလေသည်။ မည်သူတစ်ဦးတစ်ယောက်ကမှလည်း မလျှောက်ထား၊

မမေးမြန်းဝံ့ကြဘဲ ရှိနေကြစဉ် ကြင်ယာတော်မိခင်မွန် (ဟဖ်စွာ) သခင်မ၏ဖခင် အုမရ်သခင်က ရှင်းလင်းစွာ သိစေရန်အတွက် ချစ်နဗီထံ ဝင်ရောက်မေးမြန်းခဲ့လေသည်။ ကြင်ယာတော်များကို သွလားက်ပေး ကွာရှင်းခြင်းမပြုပါ ဟူသော ချစ်နဗီ၏ထံတော်ပါးမှ နှုတ်ခွန်းချွေမိန့် စကားကို ကြားနာရလေသောအခါမှပင် လက်ရင်းတပည့် စွဟာဘာ သာဝကကြီးများမှာ ဝမ်းသာသွားခဲ့ကြပြီး မွတ်စလင်မ်တို့၏ထံ သတင်း ဖြန့်ဝေပေးခဲ့လေသည်။

ကြင်ယာတော်များမှာလည်း မိမိတို့၏တောင်းဆိုခဲ့မှုအပေါ်တွင် အကြီးအကျယ်ပင် နောင်တရသွားခဲ့ကြပြီး တစ်လပြည့်မည့်နေ့ရက်ကို သာလျှင် မျှော်ကိုးစောင့်စားနေကြရှာလေ၏။ မိခင်မွန်အာအေ့ရှာဟ် သခင်မသည်လည်း ပါဝင်တော်မူခဲ့လေသည်။ (၂၉)ရက်မြောက်သော နေ့တွင် ချစ်နဗီသည် တစ်ကိုယ်ရေစံနေတော်မူရာ အဆောင်တော်မှ ထွက်တော်မူ၍ အာအေ့ရှာဟ်သခင်မ၏ အိမ်တော်သို့ ဦးစွာ ကြွလှမ်း လာတော်မူခဲ့လေသည်။ သခင်မသည် ဝမ်းသာပီတိများစွာ ဖြစ်ရှိလျက် (အို-ကိုယ်တော် ကြင်ယာတော်များနှင့် အဆက်အသွယ်မပြုရန် အဓိဋ္ဌာန်ပြုခဲ့သည်မှာ တစ်လ မဟုတ်ပါလော။ ယခုမှာ (၂၉)ရက်သာရှိပါ သေးကြောင်း) လျှောက်ထားကျီစယ်လေသည်။ ချစ်နဗီက (၂၉)ရက် သည်လည်း တစ်လဖြစ်ကြောင်း ပြန်လည်မိန့်ချွေ ဖြေကြားတော်မူခဲ့ လေသည်။

တစ်နေ့သောအခါတွင် ချစ်နဗီသည် သခင်မအား အလွှာဟ် အရှင်မြတ်၏ထံတော်မှ အာယတ်တော်တစ်ပါးကို ဦးစွာ ဖတ်ပြတော်မူ၍ (သင်မ၏ မိဘများနှင့်တိုင်ပင်ပြီး ကြိုက်နှစ်သက်ရာ ရွေးချယ်ပါ။)ဟု ပြောဆိုကာ အာယတ်တော်အား ဖတ်ပြတော်မူခဲ့လေ၏။

❖ **အို-နဗီ သင်သည် မိမိ၏ကြင်ယာတော်တို့အား ပြောကြားပါလေ။ အကယ်၍ သင်မတို့သည် လောကီဘဝကိုလည်းကောင်း၊ ယင်း လောကီဘဝ၏ လှပတင့်တယ်မှုကို လည်းကောင်း၊ မြတ်နိုးကြပါလျှင် သင်မတို့ လာကြလေကုန်။ ကျွန်ုပ်သည် သင်မတို့အား ကျေနပ်အောင် အကျိုးခံစားစေ၍ ကောင်းမွန်စွာ စွန့်လွှတ်လိုက်မည်။ သို့ရာတွင် အကယ်၍ သင်မတို့သည် အလွှာဟ်အရှင်မြတ်ကို လည်းကောင်း၊ ထိုအရှင်၏ ရစူလ်တမန်တော်ကို လည်းကောင်း၊ တမလွန်(အာခေရတ်)ကို လည်းကောင်း၊ မြတ်နိုးကြပါလျှင် ဇကေမလွဲ အလွှာဟ်အရှင်မြတ်သည် သင်မတို့အနက် ကောင်းမြတ်သော အကျင့်သီလကို ဆောက်တည်ကြကုန်သော သူမတို့အတွက် ကြီးကျယ်လှစွာသော အကျိုးကို အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူပေသည်။(၃၃း၂၈း၂၉)**

သခင်မသည် အာယတ်တော်မြတ်အား ကြားနာတော်မူပြီး နားလည်သဘောပေါက်လျှက် (ဤကိစ္စအတွက်မှာ မိဘတို့နှင့်လည်း တိုင်ပင်ရန်မလိုပါကြောင်း မိမိ၏နှလုံးသား၌ အလွှာဟ်နှင့် ရစူလ်

တမန်တော်၊ ထို့နောက် နောင်တမလွန်ဘဝတို့ကိုသာလျှင် ပိုမိုမြတ်နိုးရပါကြောင်း) ချက်ခြင်းပင် ဖြေကြားလျှောက်ထား နိုင်ခဲ့လေသည်။ ချစ်နဗီမှာလည်း လွန်စွာ ဝမ်းမြောက်နှစ်သက်တော်မူခဲ့ပြီးလျှင် အခြားကြင်ယာတော်များထံ မေးမြန်းပြန်လေသော် ထိုကြင်ယာတော်တို့ကလည်း အာအေရှာဟ်သခင်မ ဖြေကြားသည့်နည်းတူ အဖြေပေးခဲ့ကြလေသည်။

အို-စာရှူသူ သင်ရော မည်သည့်အရာကို ရွေးချယ်မည်နည်း။ မိမိ၏နှလုံးသားနှင့် ခေတ္တခဏ အမေးအဖြေ ပြုကြည့်စမ်းပါလေ။ မည်သည့်အဖြေထွက်လာလေသနည်း။ သို့ရာတွင် မိခင်မွန်များ ရွေးချယ်ခဲ့လေသော လမ်းစဉ်သည်သာလျှင် မှန်ကန်ပြီး အောင်မြင်မှုရှိကြောင်းအား နှလုံးသားထက်ဝယ် တံဆိပ်ခတ်နှိပ်၍ ထားပါလေ။

ထိုသို့ဆုံးမသြဝါဒများပေးခဲ့သည့် ချစ်နဗီ၏ ကျေးဇူးတော်ကြောင့်ပင် သခင်မသည် သက်တမ်း၌ ကိုယ်တိုင် ချီးခြံချွေတာစွာနေထိုင်နိုင်ခဲ့၍ အလ္လာဟ်၏လမ်းတော်တွင် ရက်ရောစွာပင် ပေးကမ်းလှူဒါန်းနိုင်ခဲ့လေ၏။ (ဒေရ်ဟမ်)ငွေဒင်္ဂါးတို့ သခင်မထံ ရောက်လာလျှင် ဆင်းရဲသားတို့အား ဖိတ်ခေါ်လျက် ချက်ခြင်းမဆိုင်းပင် လှူဒါန်းပစ်လေ့ရှိ၏။ တစ်ခါတစ်ရံ ကိုယ်တိုင်မှာ ရိဇာဟ်နှင့်ဖြစ်ပြီး ဝါဖြေရန်ပင် သုံးစွဲဖို့ချန်မထားခဲ့ကြောင်း များကိုလည်း ဖတ်မှတ်သိရှိခဲ့ရလေသည်။ သခင်မသည် သိန်းချီသော ငွေများအား လှူနေသော်ငြားလည်း ကိုယ်တိုင်

အဝတ်အစားတို့မှာ အဖာအထေးများဖြင့် ဖြစ်လေသည်။ တစ်ခါသော် သခင်မ၏ တူတော်သူ အဗ္ဗဒွလ္လာဟ် အစ်ဇန္နီ ဇိုဗိုင်းရ်က အလျှဒါနနှင့် ပတ်သက်ပြီး တားမြစ်ရန်လိုပြီ ဟုပြောဆိုခြင်းကို သခင်မကြားရ လေသောအခါ စိတ်ဆိုးတော်မူ၍ လျှဒါန်းမှုကိုတားမြစ်မည့် သူမ၏ တူဖြစ်သူအား (စကားမပြောတော့ပါ)ဟု ကစမ်ကျိန်ဆိုခဲ့လေသည်။ ကျွန်ုပ်တို့အတွက် သခင်မမှာ အုံ့ဩဖွယ်ရာ လွမ်းဆွတ်ဖွယ်ရာ မိခင်မွန် သခင်မသာ ဖြစ်ပါလေ၏။

တူတော်သူမှာ ရက်အတန်ကြာ အဒေါ်ဖြစ်သူ၏ အဆက်ဖြတ်မှုကြောင့် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်လျက် စွဟဘာကြီးနှစ်ပါး၏ အကူအညီနှင့် မိမိ၏အမှားကို ဝန်ချတောင်းပန်ခဲ့လေ၏။ သခင်မသည် တောင်းပန်မှုကို လက်ခံခွင့်လွှတ်ပြီး ကျိန်ဆိုမှုအတွက် (ကျွန် ၄၀)အထိ သူကောင်းပြု၍ (ကပ်ဖွာရာ)ပေးလျက် တူတော်မောင်နှင့် ပြန်လည် ဆက်သွယ်ခဲ့လေသည်။ သခင်မသည် ဤကျိန်ဆိုမှုကို သတိရတိုင်းပင် ထိုအဖြစ်အပျက်အတွက် ဝမ်းနည်းကာ ငိုကြွေးလေ့ရှိခဲ့လေသည်။ နောင်တရလျက် ရှိနေလေသည်။

မိခင်မွန် အာအေ့ရှာဟ်သခင်မ၏ ကိစ္စတစ်ရပ်ကို အကြောင်းခံလျက် (တယမွမ်)နှင့် ပတ်သက်သည့် ကုရ်အာန်၏အာယတ်တော် ကျရောက်ခဲ့ခြင်းမှာလည်း ဤသခင်မ၏ထူးခြားသော ဂုဏ်အင် တစ်ရပ်ပင် ဖြစ်လေတော့၏။ သခင်မ၏ပျောက်ဆုံးခဲ့သော လည်ဆွဲကို ရှာတွေ့

ရန်အတွက် ချစ်နဗီက တပည့်စွဟာဘာအချို့အား သခင်မနှင့်အတူ ထည့်ပေးလိုက်လေသည်။ လည်ဆွဲကို ရှာဖွေရင်းနှင့် ဝတ်ပြုချိန် ဆိုက်ရောက်လာလေရာ ဝိဇူအတွက် ရေရှာခဲ့ကြလေ၏။ မတွေ့ကြသည့်အဆုံးတွင် တပည့်တော်များသည် ဝိသူမပြုဘဲ နမာဇဝတ်ပြုခဲ့ကြလေ၏။ ချစ်နဗီ၏ထံ ပြန်ရောက်လာကြသောအခါတွင် ထို အကြောင်းအရာ ဖြစ်ပျက်ပုံအလုံးစုံအား လျှောက်တင်ခဲ့ကြလေ၏။ ထိုအချိန်၌ပင် အလွှာဟ်အရှင်မြတ်၏ ထံတော်မှ (ရေမရသည့်အချိန်၊ ရေကို အသုံးမပြုနိုင်သော အချိန်များ၌) တယမွမ်ပြု၍ ဝတ်ပြုနိုင်သော အခွင့် (တယမွမ်)၏ အမိန့်တော်မြတ်သည် ကျရောက်လာခဲ့လေသည်။ ထိုအကြောင်းကြောင့် စွဟာဘာအိုစိုင်းဒ်ဗင်နဲ့ဟိုဇိုင်ရဲသခင်က (အို-မိခင်မွန် အလွှာဟ်အရှင်မြတ်သည် မိခင်ကြီးအား ထွက်လမ်းမရှိသော ဒုက္ခတို့အား မည်သည့်အခါမှ ပေးမည်မဟုတ်ပါ။ မိခင်ကြီး၏ဒုက္ခ တစ်ခုသည်ပင် အွမ္မသ်သားများအတွက် (ဗရ်ကသ်)သုခမဂ်လာ တစ်ခု ဖြစ်ရပါချေသည်)ဟု ဂုဏ်ပြု လျှောက်ထားခဲ့လေသည်။

မိခင်မွန်သခင်မ အာအွေ့ရှာဟ်သည် အမျိုးသမီးဖြစ်သော်ငြား လည်း ချစ်နဗီ၏ဩဝါဒ(ဟဒီးစ်)တော်ပေါင်း(၂၂၁၀)အား ဆင့်ပြန်ခဲ့လေ သည်။ ကြီးကျယ်သော စွဟာဘာ အကျော်အမော်ကြီးများပင်လျှင် သခင်မထံမှ သာသနာ၏ကျင့်ရန်၊ ကျဉ်ရန်များအား မေးမြန်းသင်ယူခဲ့ ကြလေသည်။ သခင်မကလည်း ရှင်းလင်းပြတ်သားစွာပင် ပို့ချသင်ပြ

ပေးနိုင်ခဲ့လေ၏။ သခင်မ၏ထံ၌ ပညာဆည်းပူးသူ တပည့်ပေါင်း (၂၀၀)ခန့်မှာ အမြဲလိုလိုရှိနေခဲ့၏။ စွယ်ဘာဘာများအပြင် တာဇေအီန်း သခင်များလည်း ပါဝင်ခဲ့ကြ၏။ အမျိုးသမီးများလည်း ပါဝင်၍ သင်ယူဆည်းပူးခဲ့ကြလေသည်။ သင်ယူသူများတွင် ဥပမာ-အဘူဟိုရိုင်ရာဟ်၊ အဘူမူစာအရှ်အရီ စသော စွယ်ဘာဘာသာဝကတော်ကြီးများ၊ အုရ်ဝါဟ် ဗင်နဒိုဗိုင်ရ်၊ မစရူးက်အစ်ဗန္ဓိအဂျ်ဒအ် စသော တာဇေအီန်းများ၊ စဗီယာ ဗင်နတော့ရှီဗာဟ်သခင်မ၊ အာအေရှာဟ် ဗင်တော့တွလ်ဟာ သခင်မ အစရှိသော အမျိုးသမီးများသည်လည်း ပါဝင် ဆည်းပူးသင်ယူခဲ့ကြလေသည်။

ပညာရှင်အချို့က အစ္စလာမ်သာသနာတော်၏ ကျင့်စဉ်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များ၏ (လေးပုံတစ်ပုံ)သည် မိခင်မွန်အာအေရှာဟ် သခင်မ၏ ဆင့်ပြန်မှုများမှဖြစ်သည်ဟု ယူဆခဲ့ကြလေသည်။ သခင်မ၏ ထံတော်၌ ခက်ခဲသောအဖြေ မပေးနိုင်ခဲ့သော သာသနာရေးကိစ္စရပ်ဟူ၍ မရှိသလောက်ပင်ရှားသော သာသနာ့အသိပညာ ကြွယ်ဝလှသည့် မိခင်မွန်ကြီးလည်း ဖြစ်ပါကြောင်းကို အဘူမူစာအရှ်အရီသခင်က မိန့်ဆိုခဲ့လေသည်။

သခင်မသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိပ္ပါယ် ဖွင့်ဆိုသည့်ပညာ၊ ဟဒီးစ်ပညာ၊ ဖွေကာဟ်ပညာ၊ မျိုးနွယ်ဆက်စပ် မှုပညာ၊ သမိုင်းပညာများကို နားလည်တတ်ကျွမ်းသူဖြစ်ပြီး ထိုသခင်မထက်

သာပိုသိရှိသူများကို မတွေ့ခဲ့ရပါဟူ၍လည်း စွဟာဘာ အုရ်ဝါဟ် ဗင်နဒိုဗိုင်ရသခင်က မှတ်ချက်ချခဲ့လေသည်။

သခင်မသည် စကားပြောဆိုမှုပညာရပ်တွင်လည်း နိုင်နင်းကျွမ်းကျင်လှပြီး သခင်မထက် သာပိုသူကို မတွေ့ခဲ့ဖူးပါကြောင်းကိုလည်း စွဟာဘာမူစာဗင်နဲတွလ်ဟာနှင့် အဟ်နဖ်ဗင်နဲကိုင်းစ်တို့က မှတ်တမ်းတင်ထားခဲ့ကြလေသည်။ သခင်မသည် သာသနာရေးဆိုင်ရာ ပညာရပ်များတွင်သာမက ဆေးပညာ၊ သမိုင်းပညာ၊ ကဗျာပညာ၊ စကားပြောဆိုမှုပညာရပ်တို့ကိုလည်း ပိုင်နိုင်လှသော စွယ်စုံရ ပညာရှင် အမျိုးသမီးတစ်ဦးဖြစ်ကြောင်းအား သမိုင်းတွင် မှတ်တမ်းတင် ထားရစ်နိုင်ခဲ့လေသည်။ ကျွန်ုပ်တို့မှာ သခင်မ၏ပညာရေးအပေါ်တွင် ရင်သပ်အံ့သြရပြီး လွန်စွာမှပင် အားကျအတုယူဖွယ်ရာပင် ကောင်းလှပေ၏။ ဤသည် ရွှေခေတ်မှအလွမ်းဆွတ်ရဆုံးသော အမျိုးသမီးတို့၏ ပညာရေး ကဏ္ဍပင် မဟုတ်ပါလော။

အို-စာရှူသူ မိခင်မွန်သခင်မသည် အရှင်သခင့်ထံတော်မှ ရရှိခဲ့သော မိမိ၏သက်တမ်းအား ဤသို့ဤနှယ် တန်ဘိုးရှိစွာ အသုံးချ၍ သွားနိုင်ခဲ့လေသည်။ သခင်မသည် ချစ်နဗီ၏ သွန်သင်ညွှန်ပြ၊ ဆုံးမ ဩဝါဒပေးခဲ့မှုများအပေါ်တွင် ကိုယ်တိုင်ပင် လက်တွေ့လိုက်နာကျင့်သုံးခဲ့လေပြီး တဖန်တစ်ဆင့် ပြန်လည်ပို့ချကာ သာသနာ့တာဝန်အား ကျေပွန်ခဲ့ပါကြောင်းကို မိမိ၏သမိုင်းစာမျက်နှာများအပေါ်တွင်

မှတ်တမ်းတင် သက်သေထူ၍ ထားနိုင်ခဲ့လေသည်။ အမှန်မှာလည်း လူသားတိုင်းမှာ မိမိ၏အရှင်သခင့်ထံတော်မှ သက်တမ်းတစ်ခုစီကို ရယူလျက် ဤဒုန္နယာသို့ ကိုယ့်သမိုင်းကိုယ်ရေးကြရန်အတွက် ရောက်လာခဲ့ကြသူများသာလျှင် ဖြစ်ပေသည်။

သမိုင်းသက်သေထူကြရမည်။

ကေယာမတ်နေ့ကြီး၌ ထိုလူသားရေးခဲ့ပြီးသော သမိုင်းကြောင်းမှ သက်သေများဖြင့်ပင် အစားပေးခြင်းကို ခံကြရပေဦးမည်ဖြစ်၏။

အို-စာရှူသူ သမိုင်းမည်သို့ရေးကြပါမည်နည်းဟု မေးစမ်းပါရစေ။ သမိုင်းကြောင်းများကောင်းကြပါစေ ဟူ၍လည်း ဆုမွန်ကောင်းကို တောင်းချေပါ၏။

ရွှေခေတ်မှ မိခင်မွန်သခင်မသည်ကား ဤကဲ့သို့ပင် ဂုဏ်အင်ဒြပ်အမျိုးမျိုးနှင့် မိုးကောင်းကင်၌ ထွန်းလင်းတောက်ပနေသည့် ကြယ်တာရာ၏အသွင်ပမာ သာသနာ့ဂုဏ်ရောင်အဆင်းများနှင့် လင်းလက်စွာ အွမ္မတ်တို့အား လမ်းပြအလင်းရောင် ပေးနိုင်ခဲ့လေသည်။ အေဘာဒတ် ရေးရာတွင် သခင်မသည် အချိန်များစွာ အေဘာဒတ်ထဲမှာ မြှုပ်နှံထားနိုင်ခဲ့လေသည်။ ဖရာဇ်နမားဇ်များအပြင် နဖိလ်နမားဇ်များကို လည်းကောင်း၊ ဖရာဇ်ရိဇာဟ်အပြင် နဖိလ်ရိဇာဟ်များကို လည်းကောင်း၊ အထူးဂရုစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့၏။ ဟာဂျ်ကိုလည်း နှစ်စဉ်လိုပင် ဆန္ဒဖွဲ့ပြင်းပြစွာဖြင့် ဆောင်ရွက်ပြုလုပ်လေ့ရှိ။ ဟာဂျ်ကာလတွင်

ဟောရာနှင့် ဆိုဗိုင်းရ်ဟူသော နေရာနှစ်ခုကြား၌ တဲထိုး၍ တည်းခိုလေ့ရှိပြီး ဟဂ်ျပြုရန်လာရောက်ကြသော တပည့်များအား သာသနာ့ပညာရပ်များကို ပို့ချသင်ကြားပေးသော နေရာဌာနလည်း ဖြစ်ခဲ့ပေသည်။ ထိုနေရာ၌ တပည့်များသည် အုပ်စုဖွဲ့လျက် သာသနာ့ပညာများ ဆည်းပူးသင်ယူကြလေရာ ထိုမြင်ကွင်းအား ယခုပင်အတွေးအာရုံတွင် မြင်ယောင်လာမိရင်း ရွှေခေတ်အား တမ်းတလွမ်းဆွတ်မိရပါလေ၏။

အို-စာရှူသူ မျက်မှောက်ခေတ်အချိန်သမယမှ အချို့ အချို့သော အီမာန်ရှင် အမျိုးသမီးများ၏အခြေအနေမှာ သာသနာ့အသိတရားများ မတတ်၊ မသိ၊ မရှိကြခြင်းကြောင့် အောက်တန်းနောက်တန်း များကျကာ မည်သည့် အမလ်အေဘာဒတ်ကိုမှ မလုပ်ဆောင်နိုင်ကြသေးသည်ကို တွေ့မြင်မိရလေရာ ကိုယ်ချင်းစာ အသိတရားဖြင့် ရင်မှာကြေကွဲစွာ ခံစားခဲ့ရပါလေ၏။ ထို့နောက်တဖန် အချို့အီမာန်ရှင် အမျိုးသမီးများ ကျပြန်တော့လည်း တတ်သိယောင်ကားနှင့် ဖရာဇ်ကို နဖွင်လ်နေရာထား၍မလေးစား၊ အရေးမထားဘဲ နဖိလ်ကိုမူကား ဖရာ့ဇ်ဟု ထင်မှတ်ပြီးအလေးအနက်ထား အားကျိုးမာန်တက် ပြုလုပ် ဆောင်ရွက်နေကြသည်ကိုလည်း တွေ့မြင်ရပြန်လေသည်။ ထိုကဲ့သို့ အလွဲလွဲအမှားမှားသော အမလ်များဖြင့် သာသနာအပေါ်တွင် စမ်းတဝါးဝါးနှင့် အမှောင်မှာ လမ်းသွားသူကဲ့သို့ လျှောက်လှမ်းနေကြသည်ကို မြင်တွေ့ရ၍လည်း ရင်မှာ လွန်စွာနာကျင်ကြေကွဲရပါလေ၏။

အိုး-အလွှာဟ်အရှင်မြတ် အီမာန်ရှင်များအားလုံးကို ထိန်းသိမ်းစောင့်ရှောက်တော်မူ၍ (ဟေဒါယတ်)လမ်းမှန်တရား ပြသပေးသနားတော်မူပါ အရှင် ... *အာမီးန်*။

'အလိမ္မာ စာမှာရှိ' 'စာအုပ်စာပေ လူ့မိတ်ဆွေ' ဟူသော စကားဥပမာသည် ရှိလေ၏။ မိမိအား လိမ္မာစေမည့် မိမိအားကောင်းကျိုးပြုမည့် စာအုပ်စာပေများကို ဖတ်ရှုလေ့လာလျက် မိမိ၏ဘဝ သက်တမ်းကို လှပစေရန် ချယ်သ,သမှုပြုကြရပေမည်။ စာရေးဆရာ၊ ကာအေဒါ(ဘဂ်ဒါဒီယဟ်)က အလစ်ဖ်ဇေ စာအုပ်၏ နောက်ဆုံးသင်ခန်းစာတွင် (အလ်အိလ်မို့ဟွစ်နွန် ဝလ်ဂျဟ်လို့ကွဗ်ဟုန်) "အေလင်မ်ပညာသည် လှပစေ၍ ဂျဟလ်ပညာမဲ့မှုသည် ရုပ်ဆိုးစေ၏။"ဟု ဘဝအတွက် သင်ခန်းစာပေး ရေးသားထားခဲ့လေသည်။ သာသနာ့အသိပညာသည်ကား တစ်ဘဝစာတွင်မက နှစ်ဘဝ၊ နှစ်ဌာနအတွက် လုံလောက်ပေသည်။ ချစ်နဗီပြဿခဲ့သော ပုံစံပင်ဖြစ်ပါ၏။ လိုအပ်ချက်မရှိ ဖြည့်စွက်ရန်မလိုသောဘဝမျိုးကို ချစ်နဗီက ကိုယ်တိုင်ပင် ကျင့်ကြံ၍ လမ်းမှန်ပြဿနာကြားသွန်သင်တော်မူခဲ့လေသည်။ သို့ရာတွင် ယခုမှာမူ နှစ်ဘဝကို လမ်းပြပေးမည့် စာပေများကို ဘေးဖယ်ထားပြီး ဝမ်းနည်းဖွယ်ရာကောင်းလှသည်မှာ လူတို့ဖန်တီးထားသော လက်လုပ်ချဉ် ပုံပြင်၊ ကာတွန်း၊ ဝတ္ထုများကသာလျှင် အီမာန်ရှင်တို့၏ အိမ်များတွင် အခန့်သား နေရာယူထားကြလေတော့၏။ ထမင်းမေ့၊ ဟင်းမေ့နှင့် မက်မက်

မောမော ဖတ်ဖြစ်နေကြသည်။ ဖတ်ပြီးသော စာအုပ်ကိုလည်း တစ်ယောက်ကိုတစ်ယောက် ဇာတ်ကြောင်းများ ပြန်လည်ပြောပြ ဖောက်သည်ချကာ ဆက်ဆက်ဖတ်ရန်ကိုပင် တိုက်တွန်းလိုက်ကြပေ သေး၏။ ကာတွန်းစာအုပ်များကိုဖတ်ရင်း ကြည့်ရင်းနှင့်ပင် ရုပ်ရည် သွင်ပြင်တို့က ကာတွန်းရုပ်များနှင့်ပင် ဆင်တူလာကြလေတော့။ ဝတ္ထုထဲမှာထက် မိမိတို့၏အိမ်ပေါ်မှာ ပို၍ ဇာတ်လမ်းစုံ အရှုပ်အထွေး ပြဿနာများက ထူပြောလာခဲ့လေတော့သည်။ အိမ်ပေါ်သို့ ဇာတ်စုံ တက်လာခဲ့သည်ကိုလည်း သတိမမူမိခဲ့ကြဘဲ မရုပ်မနားဖတ်မြဲ ဖတ်လျက်သာ ရှိနေခဲ့ကြ၏။ ဈေးကြီးပေးပြီး ငှားရမ်းလျက်တစ်မျိုး၊ ဝယ်ယူ၍တစ်ဖုံ ဝါသနာထုံနေကြလေသည်။ မိမိတို့၏ အဘိုးတန် လှသည့် သက်တမ်းနှင့် အချိန်များကို ဤနည်းဖြင့် ကုန်ဆုံးပျက်စီး စေခဲ့ကြလေသည်။

အကြောင်းသင့်၍ တစ်ခါတစ်ရံ သာသနာ့စာအုပ်များကို ဝယ်ယူ ဖြစ်ပါကလည်း အနည်းငယ်လှန်လှောကြည့်ရှုပြီး အမြင့်တစ်နေရာတွင် ရိုသေစွာ တင်ထားလိုက်ကြတော့သည်မှာ ထာဝရဖြစ်၏။ နောက် တစ်ကြိမ်ပင် ပြန်လည်၍ မကြည့်ဖြစ်ပါလေတော့။ ဤသည်မှာ အချို့သော အီမာန်ရှင် အမျိုးသမီးတို့၏ ရင်သပ်ရှုမောဖွယ်ရာ အကျင့် စရိုက်တစ်ခုပါ။ စာရေးသူ၏မိတ်ဆွေတစ်ယောက်က ပြောခဲ့ဖူးပါ၏။ သူ့အတွက် အိပ်ဆေးမှာ သာသနာ့စာအုပ်ပင်ဖြစ်ကြောင်း၊ အိပ်မပျော်ဘဲ

မျက်စိကြောင်နေလျှင် သာသနာ့စာအုပ်တစ်အုပ်အား ဆွဲယူ၍ ဖတ်လိုက်ခြင်းဖြင့် တစ်မျက်နှာမကုန်မီပင် ငိုက်မည်းလျက် အိပ်ချင်လာကြောင်း၊ ထို့ကြောင့်အိပ်၍မပျော်တိုင်း ဤသို့ပင်ပြုခဲ့ရပါသည်ဟု ပြောပြခဲ့မှုအား ရင်နာစွာဖြင့် ကြားနာခဲ့ရပါသည်။

အို-စာရှူသူ အလွှာဟ်အရှင့်ထံ မည်သို့ပြန်ကြပါအံ့နည်း။ သက်တမ်းကုန် သေဆုံးပါက မုချကြေကွဲကြရပေအံ့။ မိမိတို့၏ ရှေ့မှောက်မှ 'အသေ'များကို ကြည့်ရှုလျက် တရားသံဝေဂ ရယူကြစမ်းပါလေ။

အို-စာရှူသူ အရှင်သခင်က-

- **လူသားကို မည်သည့်အတွက်ဖန်ဆင်းခဲ့ပါသနည်း။ ဤလောကသို့ မည်သည့်အတွက်ကြောင့် စေလွှတ်လိုက်ခဲ့ပါသနည်း။** *(သာသနာ့စာပေမှာ အဖြေရှာပါ။)*
- **ယခုဤလောကမှာ အသင်ဘာလုပ်နေပါသနည်း။ ဘယ်အရာကို ယူဆောင်ပြီး ဘယ်စခန်းသို့ပြန်ရပါမည်နည်း။** *(မိမိကိုယ်ကို မေးလျက် အဖြေရှာဖွေပါ။)*
- **အရှင်သခင်၏အမိန့်တို့ကို နာခံဆောင်ရွက်ပြီး (ဂျန္နသ်)သုခဘုံသို့ သွားမည်လော ...**
- **အရှင်သခင်၏အမိန့်တော်များကို ချိုးဖောက်ဖီဆန်ပြီး (ဂျဟန္နမ်) ငရဲဘုံသို့ သွားမည်လော ...**

- **လက်ဝယ်ရရှိထားသော သက်တမ်းအား မိမိစိတ်ကြိုက်သက်တမ်းအသွင် ဆင်ယင်လျှက် ဤလောကီ ယာယီဘဝတွင် စည်းစိမ်ခံစားပြီး ပျော်သလိုသာနေသွားတော့မည်လော ...**
- **သို့တည်းမဟုတ် အရှင်သခင်၏ ကျေနပ်နှစ်သက်မှုများကို ရှာဖွေကာ ရောက်လာသောဒုက္ခတို့အား စွဗရ်ထားကြံ့ကြံ့ခံလျှက် အမိန့်နာခံဆောက်တည်သော စစ်မှန်သည့် ကျေးကျွန်အဖြစ် နေထိုင်ကျင့်ကြံသွားကြမည်လော...၊ဟူသောမေးခွန်းတို့အား မိမိနှလုံးသားနှင့် ခေတ္တခဏ အမေး၊ အဖြေပြုလုပ်၍ ကြည့်စမ်းပါလေ။**

ယနေ့မျက်မှောက်ခေတ်မှ အီမာန်ရှင် အမျိုးသမီးအများစုတို့မှာ အိမ်တွင်းရေးလုပ်ငန်းတို့သည်သာလျှင် မိမိတို့၏အရေးအကြီးဆုံးသော ဘဝပေးတာဝန်ကြီး တစ်ရပ်အဖြစ် သတ်မှတ်လျက် ဘောင်ခတ်ထားကြပြီး ထိုဘောင်အတွင်း၌သာလျှင် ပုံသေနည်းနှင့် နေထိုင်သွားကြလေတော့၏။ ချက်ပြုတ်၊ လျှော်ဖွပ်၊ အိုးတိုက်၊ ခွက်ဆေး၊ ကြမ်းတိုက်၊ သန့်ရှင်းရေးအလုပ်များတွင်သာ မိမိတို့၏စွမ်းအင်များကို အသုံးချလျက် ဘဝကို ဘောင်ခတ်မြှုပ်နှံထားလိုက်ကြလေတော့၏။ ဂျန္ဒတ်ရရန်၊ ဂျဟန္နမ်မှလွတ်ကင်းရန် အရေးကိုတော့ဖြင့် အနည်းငယ်မျှပင် တွေးတောဆင်ခြင်၍ ပူပင်သောက မထားဖြစ်ကြတော့ချေ။ ဧည့်ခန်းအလှအပ ပြသရေးလုပ်ငန်းတို့တွင် အလွန်အမင်း ဂရုစိုက်လျက်ရှိကြပြီး မိမိတို့၏ အဘိုးတန်အချိန်များကို ကုန်လွန်စေခဲ့ကြလေသည်။

မည်သည့်အခါမျှ မသုံးစွဲခဲ့သော ပန်းကန်အိုးခွက်အသစ်များမှအစ အလှအပ၊ အဆန်းအပြား ပစ္စည်းမျိုးစုံတို့အား ရှိုးကေ့စ်၊ မှန်ဘီရိုများတွင် ထည့်လျက် 'ရေယာ-ပြစားမှု'လုပ်ထားကြလေသည်။ ထိုပစ္စည်းများသည်ကား ကိုယ်တိုင်လည်းကြည့်ရုံ၊ သူတစ်ပါးလည်းကြည့်ရုံသက်သက်သာ ပြထားမှုဖြစ်၏။ ဤသို့ဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်အိမ်နှင့် တစ်အိမ်မှာ သူ့ထက်ငါသာ အပြိုင်အဆိုင်များနှင့် ဧည့်ခန်းတွင်းအလှဆင်သည့် လုပ်ငန်းတွင် ကြိုးပမ်း လုပ်ကိုင်နေကြလေတော့၏။ ကိုယ်တိုင်မှာမူ အိုးဟောင်းခွက်ပဲ့တို့ကို လက်တွေ့မှာသုံးစွဲ ချက်ပြုတ်၍ စားသောက်နေကြလေသည်။ ဤကဲ့သို့အလှပြရုံသက်သက်၊ ကြွားဝါရုံသက်သက်၊ ပြစားရုံသက်သက်ဖြင့် မသုံးရက်၊ မစွဲရက်ဖြစ်နေကြသည်မှာ တွေးကြည့်ပါလျှင် အဓိပ္ပါယ်မရှိ၊ ရယ်ဖွယ်ကောင်းသည့် ဂိုနာဟ်မကင်းသော လုပ်ရပ်များသာလျှင် ဖြစ်ပါလေ၏။ ချစ်နဗီက ပစ္စည်းပစ္စယများနှင့် ပတ်သက်၍ သုံးစွဲရန်သာခွင့်ပေးထားပြီး အပိုဖြုန်းတီးခြင်းကိုကား တားမြစ်ထားတော်မူကြောင်းကိုလည်း မလေ့လာကြတော့ချေ။ သုံးစွဲရန် အိုးခွက်၊ ပန်းကန်ကောင်းတို့ ရှိနေပါလျက် အိုးစုတ်၊ ခွက်ပဲ့များကို သုံးစွဲနေကြခြင်းကို ခွင့်မပြုကြောင်းကိုလည်း နားမလည်ကြချေ။ ထို့ကြောင့် ဧည့်ခန်းအား အလွန်အမင်း ဆင်ပြင်ချယ်သ အပိုဖြုန်းတီးကြခြင်းထက် သာမန်ရိုးရိုး သန့်ရှင်းမှုများဖြင့်သာ အလှဆင်ကြပါလေ။

ကုရ်အာန်ကျမ်းတော်မြတ်၌ အလ္လာဟ်အရှင်မြတ် ဗျာဒိတ်တော်မူထားသည်မှာ-

❖ **အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ ယုံကြည်မှုသဒ္ဓါတရား ပြည့်ဝသူဖြစ်ပြီး ကောင်းမြတ်သည့် အကျင့်သီလကို ဆောက်တည်သူ ဖြစ်ခဲ့ပါမူ ထိုသို့သော ပုဂ္ဂိုလ်တို့သည် ဂျန္နတ်-အမတသုခဘုံသို့ စံမြန်းကြရမည့်အပြင် စိုးစဉ်းမျှ မတရားမှု အပြုခံရမည်လည်း မဟုတ်ချေ။** (၄း၁၂၄)

❖ **မုချဇော် အသင်တို့အထဲမှ ကိုယ်ကျင့်တရား အကောင်းဆုံးသော ပုဂ္ဂိုလ်တို့သည်ကား အလ္လာဟ်အရှင်မြတ်ထံတော်ဝယ် တင့်တယ်မှု အရှိဆုံးသော ပုဂ္ဂိုလ်ဖြစ်ပေမည်။**(၄၉း၁၃)

ထို့ကြောင့် အစ္စလာမ်သာသနာတော်၌ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမရှိပေ။ တန်းတူခိုင်းစေထားပြီး တန်းတူချီးမြှင့်ခြင်းခံရ မည်သာ ဖြစ်လေသည်။ မိမိတို့၏ ကိုယ်ကျင့်တရားများအပေါ်တွင် အဆင့်အတန်းများမှာ ကွဲပြားခြားနားသွားပေမည်။ သို့ရာတွင် ပညတ်တော် အချို့မှာကား အမျိုးသမီးတို့အား သက်သာ၍ သနားဂရုဏာ ထားတော်မူသောအားဖြင့် အမလ်အေဘာဒတ်တွင် လျော့ပေါ့မှုများကို ပေးသနားထားတော်မူပေသည်။ ဤသည် အရှင်မြတ်၏ကျေးဇူးတော်ပင် ဖြစ်ပါ၏။ အထက်ဖော်ပြပါ အာယတ်တော်များ၌ ပါရှိသောအဆင့်အတန်းများကို ရယူရန်အတွက် အေလင်မ်အသိပညာသည် လိုအပ်လှပေသည်။

အေလင်မ်သည် အမလ်အေဘာဒတ်၏ ရှေ့ဆောင်လမ်းပြပင် ဖြစ်လေသည်။ အေလင်မ်ပါသော အမလ်အနည်းငယ်သည် ပညာမဲ့သော အမလ်များစွာထက် ပို၍အကျိုးထူးလေသည်။ အေလင်မ် ရှာဖွေရန်အတွက် လျှောက်လှမ်းသူသည် ဂျန္နတ်လမ်းကို လျှောက်သောသူဖြစ်၏။

ဥစ္စာပစ္စည်းအား သုံးစွဲလျှင် လျော့နည်းသွားသော်လည်း အသိပညာကို သုံးစွဲလျှင်ကား အသိပညာမှာ ပိုမို၍ပင် ကြွယ်ဝလာလေ၏။ သာသနာတော် ရှင်သန်ရန်အတွက် အေလင်မ်ဆည်းပူးသူသည် နဗီများနှင့် အဆင့်တစ်ဆင့်သာလျှင် ကွာခြားသော ဂျန္နတ်-သုခဘုံတွင် ခံစားကြရမည်ဖြစ်လေ၏။ အေလင်မ်၏ရည်ရွယ်ချက်မှာ ခါလိဂ်-ဖန်ဆင်းရှင်အား သိရန်ဖြစ်၏။ ထိုအရှင်သခင်၏ နှစ်သက်မှုကို ရှေးရှုလျက် အမိန့်တော်များကို နာခံဆောင်ရွက်ခြင်းမှာ (အေဘာဒတ်)ဖြစ်လေသည်။ အာလင်မ်-ပညာရှိနှင့် အာဗိဒ်-တရားကျင့်သူတို့မှာ လစန္နာနှင့် ကြယ်တာယာပမာ ကွာခြားလေတော့သည်။ အေလင်မ်နှင့် ဆက်တွဲနေသော အမလ်သည်သာလျှင် အကောင်းဆုံးဖြစ်၍ လူသားသည် သိသည်နှင့် အမျှ လေးစားမှုများလည်း ပိုမို၍လာမည်ပင် ဖြစ်လေသည်။ ချစ်နဗီက-

ငါ၏ခေတ်တွင် သိသူများပြီး ပြောသူနည်း၏။ တောင်းသူနည်းပြီး ပေးသူများ၏။ ဤခေတ်၌ အေလင်မ်ထက် အမလ်ကထူးကဲ၏။ ရှေ့တွင် ရောက်လာမည့် ခေတ်အခါသမယတွင်ကား သိသူနည်းပြီး

ပြောသူများမည်။ ပေးသူနည်းပြီး တောင်းသူများမည်။ အမလ်ထက် အေလင်မ်က ထူးကဲမည်။

ဟဒီးစ်(စွန့်တ်တော်)၄၀-အား ကျက်မှတ်လျက် ဆင့်ပြန်ပို့ချပေး သူသည် (ဖကီးဟ်-အာလင်မ်)အဖြစ်နှင့် ရှင်ပြန်ထစေတော်မူမည်။ အရှင်မြတ်အားဖူးတွေ့ခွင့်ရမည်။ ငါကိုယ်တော်တိုင် ထိုသူ့အတွက် အသနားခံ သက်သေထူမည်။ စိတ်သောက ကင်းဝေးပြီး မမျော်မှန်းနိုင်သော ရိဇီကိုလည်း ရရှိမည်”ဟု မိန့်ချေတော်မူထားပါသောကြောင့် အီမာန်ရှင် အမျိုးသမီးတို့မှာ အေလင်မ်ကို မုချဆည်းပူးကြရပေမည်။ သင်ယူဆည်းပူးရန်ကိုလည်း (ဖရာဇ်)မသင်မနေရအဖြစ် သတ်မှတ် ပြဋ္ဌာန်းတော်မူခဲ့လေသည်။ သင်ကြားရာ၌ အချိန်၊ အရွယ်မရွေးရ။ ပုခက်အတွင်းမှ သချိုင်းအတွင်းဆင်းသည့်တိုင် (မွေးဖွားရာမှ သေဆုံးသည့်တိုင်) သင်ကြားရမည်ဟု ချစ်နဗီ မိန့်ထားတော်မူခဲ့သည်ကိုလည်း အလေးအနက်ထားကြရမည်ဖြစ်လေသည်။

(ဘယ်ကလာသလဲ၊ ဘာလုပ်ဖို့လာသလဲ၊ ဘာလုပ်နေတာလဲ၊ ဘာကိုယူပြီး ဘယ်ကိုပြန်မှာလဲ) စသည့်မေးခွန်းများကို အဖြေထုတ်နိုင်ရုံတော့ဖြင့် အေလင်မ်အသိ ရှိသင့်ကြပေသည်။ အလ္လာဟ်အရှင်မြတ်အား မေ့လျော့စေသော အရာတိုင်းသည် ‘ဒုန္နယာ’ဖြစ်ပါ၏။ ထိုဒုန္နယာတွင် နစ်မွန်းပြီး နေ့ကုန်၊ ရက်ကုန်၊ အချိန်တွေကုန်၊ သက်တမ်း

ကုန်လျက်နှင့် ထိုနည်းနှင့်ပင် မိမိ၏အရှင်သခင်ထံသို့ ပြန်သွားကြတော့မည်လော။

အို-စာရှူသူ ဤလောကသို့ ဘယ်ကလာလို့ ဘာလုပ်ဖို့လာ ဘာလုပ်နေတာ ဘယ်ဟာယူပြီး ဘယ်ခရီးထံ ဘယ်ကိုပြန်မှာ သုံးသပ်၍ အဖြေရှာတွေ့ပါပြီလား ...။

နေ့ ပြီးတော့ ည၊ ည ပြီးတော့ နေ့ တရွှေ့ရွှေ့နှင့် အချိန်ကုန် (မောက်သ်)ဟူသော သေဆုံးခြင်းက မုချမသွေ သင်၏ထံမှောက်ရောက်လာလေအံ့ ....။

သေရမည်မှာ သေချာပါ၏။ ဆင်ခြင်သုံးသပ် ဆုံးဖြတ်ရန်မှာ သင့်တာဝန်ပါ။ အဖြေရှာရေး မနှောင့်နှေးနှင့် ....။

သာသနာ့အသိ ရှာဖွေကြည့်ပါ။ သင်သိလာအံ့ ...။

ဘယ်ကလာ၍ ဘာလုပ်ရန်လာ ဘာလုပ်နေတာ ဘာကိုယူပြီး ဘယ်ကို ပြန်မှာ သေချာကျန သင်သိရမည်။

ဤလောကီမှာ လေ့လာသင်မှ အတည် ပြုရှာဖွေ အေလင်မ်၏ အမွေ။

အို-စာရှူသူ အေလင်မ်အသိပညာသည်ကား ထောပတ်ချက်သည့်အလား 'မွေလေ၊ နှောက်လေ အဆီတက်လေပင်' အီမာန်တိုးတက်မည်။ အမလ်တိုးတက်မည်။ ဂိုနာဟ်များလျော့နည်းမည်။ (သောင်ဗာဟ် အစ္စတစ်ဂ်ဖွာရ်)လည်း ပြုလုပ်နိုင်မည်ဖြစ်သည်။ မိမိ၏ အရှင်သခင်နှင့်

နီးစပ်မှု ပိုမိုလာပြီး နောက်ဆုံး၌ အရှင်၏အချစ်တော် ဖြစ်သွားနိုင်ပေသည်။

အို-စာရှူသူ မိခင်မွန် အာအေ့ရှာဟ်သခင်မသည် ချစ်နဗီနှင့် အနီးကပ်နေထိုင်ခဲ့ရသော ကြင်ယာတော်ဖြစ်ပြီးလျှင် သာသနာ့ပညာများကို အနီးကပ် ရယူဆည်းပူးနိုင်ခဲ့ခြင်းကြောင့်သာ ဤကဲ့သို့ အေလင်မ်နှင့် အေဘာဒတ်၌ ထူးကဲစွာ ရရှိလုပ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်ဟု စောဒကဝင်လိုကြပါလျှင်ဖြင့် အစ္စလာမ်သမိုင်းကြောင်း တလျှောက်မှ စွဟာဗီယာ သခင်မကြီးများအပြင် တာဗေအီ၊ တဗ္ဗတာဗေအီ သခင်မကြီးများ၊ ရဲရဲတောက်အီမာန်ရှင် ဝလီသူတော်စင် အမျိုးသမီးကြီးများ၏ အေလင်မ်များ၊ အေဘာဒတ်များ၊ တပ်ဝါများမှာလည်း ခေတ်တိုင်းခေတ်တိုင်းတွင် အလှဆင် ချယ်သနိုင်ခဲ့ကြပြီး ရာဇဝင်၌ ခန့်ညားဝင့်ထယ်စွာ စာတင်ထားနိုင်ခဲ့ကြပါကြောင်း သာသနာ့ စာပေများတွင် ရှာဖွေမွှေနှောက်၍ ဖတ်ရှုလေ့လာကြပါလေ။

အနည်းငယ် စာမြီးရန် တင်ပြရပါသော် ချစ်နဗီ၏မြေးတော် အေမာမ်ဟစံသခင်၏ မြေးမဖြစ်သူ နဗီစာသခင်မထံတော်တွင် သခင်မ၏ ပညာထက်မြက်မှုကြောင့် အေမာမ်ရှာဖွေအီသခင်သည်ပင် ခစားနားဆင် ပညာသင်ယူခဲ့ရလေသည်။

တရားရှိသော ဟာရွန်ရရှီးဒ်ဘုရင်ကြီး၏ မိဖုရားဖြစ်သော ဇိုဘိုင်ဒါသခင်မကြီးသည် ကျမ်းမြတ်ကုရ်အာန်ကို ကိုယ်တိုင်(ဟစ်ဖ်ဇ်)

ဖြစ် ကျွမ်းကျင်၍ သခင်မကြီးအနီးတွင် ခစားရသော ကျွန်မပေါင်း(၁၀၀) မှာလည်း ကုရိအာန်အာဂုံရ ဟာဖစ်ဇ်မများ ဖြစ်ကြလေသည်။ ကျွန်မ တိုင်းသည် သခင်မကြီး၏ ထံတော်ပါးတွင် နေ့စဉ်(၃)ဂျွဇ်ကျစီ ဖတ်ပြကြ ရ၏။ ညအခါ၌ သခင်မကြီး၏ အဆောင်တော်တွင် ကျွန်မများ၏ ကုရိအာန် ရွတ်ဖတ်သည့်အသံသည် ဖတ်ရွတ်သူများပြားမှုကြောင့် ပျားဝိသံပမာ အဝေးမှပင် ကြားနေကြရလေ၏။ ဘုရင်၏ မိဖုရားပင် ဖြစ်သော်ငြားလည်း လောကီကို အရေးမထား သာသနာကို လေးစားပြီး လိုက်နာကျွမ်းကျင် သာသနာ့တာဝန်များကို ကျေပွန်စွာ ကြိုးပမ်း ဆောင်ရွက်ခဲ့ရှာလေ၏။ ဟစ်ဂျ်ရီ(၂၁၆)တွင် ဇိုဘိုင်ဒါသခင်မကြီး ကွယ်လွန်ခဲ့လေ၏။ ဟစ်ဂျ်ရီ(၃၇၇)တွင် မွေးဖွားသော (အမသွလ် ဝါဟစ်ဒ်)သခင်မသည်လည်း ရှာဖွေအီမမ္မသတ်ဖြေကြားရာတွင် အလွန် ပင် ထူးချွန်ခဲ့သော မွဖ်တိယဟ်/မုဟဒ္ဒိဆဟ် တစ်ပါးဖြစ်လေ၏။ သခင်မ သည် မိမိ၏နေကာဟ်အတွက် ဖခင်၏တိုက်တွန်းမှုအပေါ်၌ ဖွေကာဟ် အဆင့်မှီသူနှင့်သာလျှင် နေကာဟ်ပြု လက်ထပ်မည်ဖြစ်ကြောင်းအား တိုင်းပြည်တွင် ကြေငြာခဲ့လျက် ဖွေကာဟ်နှင့်ပတ်သက်သည့် စာမူများ ကို တင်သွင်းရန် ဖိတ်ခေါ်ခဲ့လေ၏။ များစွာသော ပညာရှင်တို့သည် ဖွေကာဟ်ကျမ်းများကို ပြုစုတင်ဆက်ခဲ့ကြလေရာ ထိုအထဲမှ အဆင့် မြင့် ဖွေကာဟ်ကျမ်း (ဗဒါအိအွစ်စနာအိအ်)ကျမ်းကို ပြုစုခဲ့သော ပညာ ရှင်အား ရွေးချယ်လျက် နေကာဟ်ပြု လက်ထပ်ခဲ့လေသည်။ သခင်မ

သည် ကိုယ်တိုင်ပညာရှိဖြစ်ပြီး သာသနာ့ပညာကို လေးစားမြတ်နိုးသဖြင့်သာ ဤကဲ့သို့ ထူးချွန်သော ပညာရှင်အား ရွေးချယ်လက်ဆက်ခဲ့ခြင်းဖြစ်လေရာ သခင်မ၏ သာသနာ့ပညာရေးနှင့် ပတ်သက်၍ အလေးအနက်ထားမှုအား စဉ်းစား သိမြင်နိုင်လေသည်။ အေမာမ်မာလစ်က်သခင်၏ သမီးသည် ဖခင်ထံမှ ပညာသင်ယူနေကြသော ကျောင်းသားများ၏ (မုအသိသွာကျမ်း)ဖတ်ရွတ်မှု မှားသွားခဲ့ပါလျှင် သခင်မက အိမ်အတွင်းမှ တံခါးကို ခေါက်လျက် သတိပေးလေ့ရှိ၏။ ထိုအခါ အေမာမ်ဆပ်က ပြင်ဆင်ဖတ်ရန် ပြောကြားလေ၏။

ဟစ်ဂျ်ရီ(၁၀)ရာစု၏ ကျမ်းပြုပညာရှင် (အလ္လာမာဟ် ဂျလာလွဒီးန်စိုယူသွီ)သခင်က မိမိပညာဆည်းပူးခဲ့ရာ ဆရာများတွင် (၁၆)ပါးမှာ အမျိုးသမီးမုဟဒ္ဒိဆားဝ်များဖြစ်ကြောင်း မှတ်တမ်းတင်ထား ခဲ့လေသည်။ သာသနာ့ပညာရေးတို့တွင် ဤသို့ပင် အမျိုးသမီးတို့မှာ သူ့ခေတ်နှင့်သူ တွင်ကျယ်စွာပင် စွမ်းဆောင်နိုင်ခဲ့ကြလေသည်။ အာလင်မ်ပညာသင် ကျောင်းသားများ သင်ယူရသည့် (ဂျလာလိုင်နရှရီးဖ်ကျမ်း)သည်ကား ပညာရှင် ဂျလာလွဒီးန်၏ ရင်သွေး သမီးဖြစ်သူ၏ သောကထား ကြိုးပမ်းမှုအပေါ်၌ ပေါ်ပေါက်လာခဲ့ရပေကြောင်း မှတ်သားခဲ့ရလေသည်။ ကျမ်းတစ်ဝက်ကို ပြုစုရင်း ဖခင်ကြီးမှာ ကွယ်လွန်သွားခဲ့လေသည်။ သခင်မသည် ကျန်ရှိနေသော ကျမ်းတစ်ဝက်ကို ပြုစုပေးနိုင်သူအား လက်ဆက်မည်ဟု ကြေငြာ၍ စာမူများ

ကို ဖိတ်ခေါ်ခဲ့လေသည်။ စာမူများစွာထဲမှ ဖခင်ကြီးနှင့်လည်း အမည်တူ ကျမ်းပြုစုပုံလည်းတူညီသော ဂျလာလွဒ္ဒီးန် ဟူသည့် ပညာရှင်ပြုစုထားသော စာမူကို နှစ်သက်ပြီး ထိုပညာရှင်အား ရွေးချယ်လက်ဆက်ခဲ့သည်။ ဖခင်ကြီးဂျလာလွဒ္ဒီးန်ပညာရှင်နှင့် ခင်ပွန်းဂျလာလွဒီးန် ပညာရှင်(၂)ပါး ပေါင်း၍ ပြုစုထားသည့် ကျော်ကြားသောကျမ်း (ဂျလာလိုင်န်ရှရီးဖ်ကျမ်း)သည် ပြည့်စုံစွာ ထွက်ပေါ်လာခဲ့လေတော့၏။ သခင်မကိုယ်တိုင် ပညာရှိ၍သာလျှင် ဤသို့တူညီသော ကျမ်းအား စစ်ဆေးလျက် ထွက်ပေါ်လာနိုင်ခဲ့ခြင်း ဖြစ်လေသည်။ ဤသည် ထိုသခင်မထားခဲ့ရှာသော သာသနာ့ပညာရေး သောကတစ်ရပ်မှ ပေါက်ဖွား ရှင်သန်လာခဲ့သော ရလာဒ်တစ်ခုပင် ဖြစ်ပါလေ၏။

အေမာမ်သွဟာဝီ၏ သမီးသည် ဖခင်ကြီး၏ ဟဒီးစ်များရေး သားရာတွင် ပါဝင်ကူညီနိုင်ခဲ့လေသော ပညာရှင်အမျိုးသမီးဖြစ်လေ၏။

အို-စာရှုသူ သမိုင်းကြောင်း ကောင်းခဲ့ကြလေသော ထို အမျိုးသမီးတို့မှာကား မိမိတို့၏ ခေတ်အခါသမယ၌ မိမိတို့၏ အရည်အသွေးများအား ဤသို့ဤနယ် စွမ်းဆောင်ပြသသွားနိုင်ခဲ့ကြလေသည်။ အလှည့်ကျသဖြင့် ဤလောကသို့ရောက်လာကြရာဝယ် မိမိတို့၏ သာသနာ့သောကနှင့် သာသနာ့ဇွဲသတ္တိစွမ်းရည်များအား ပီပြင်အောင် ကြိုးပမ်း ကျင့်ကြံကြလျက် ပိုင်ရှင်(အလ္လာဟ်အရှင်မြတ်)ထံတော်သို့ ပြန်သွားခဲ့ကြလေပြီ။

အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာတည်ဦးမှ ကေယာမတ် တိုင်ပင် ပေါက်ဖွားမည့် လူသားအားလုံးတို့၏ ဝိညာဉ်အားလုံးတို့အား ဖန်ဆင်းတော်မူပြီး (အာလမေ့အရ်ဝါဟ်)ဝိညာဉ်လောကတွင် ထားတော်မူ၏။ ထိုဝိညာဉ်လောကမှ ဝိညာဉ်တို့အား ခန္ဓာကိုယ် တစ်ခုစီ ချီးမြှင့်လျက် အလှည့်ကျပင် ဤအာလမေ့ဒွန္နယာတည်းဟူသော (ဒါရွှလ်အမလ်) ကျင့်ကြံရမည့် အမလ်လုပ်ရမည့် ကမ္ဘာသို့ပို့ဆောင်၍ အမလ်ပြု ကျင့်ကြံစေပါသည်။ အရှင်သခင်၏ အမိန့်နာခံမှု (စေခိုင်းသည်များကို ပြုလုပ်၍ တားမြစ်သည်များကို ရှောင်ရှားခြင်း) များ၏ အစား ဗန္ဓာ၏အချစ်ကို စမ်းသပ်ရန် အရှင်သခင်ပေးထားသည့် ဒုက္ခများ အပေါ် စွဗရ်ပြု သီးခံခြင်းများ၏အစား အရှင်၏ဆုံးဖြတ်ချက်အပေါ်တွင် ရိသွာပြု သဘောတူကြည်ဖြူခြင်းများ၏အစား အရှင်၏ ချီးမြှင့်ပေးသနားမှုများအပေါ်တွင် ရှိုကူရ်ပြု ကျေးဇူးတော်တင်တတ်ခဲ့ခြင်းများ၏ အစားများကိုကား ချိန်းချက်ထားသည့် ကေယာမတ်နေ့ကြီးတွင် ပြန်လည်၍ (ဂျဇာ)အစားပေးတော်မူမည် ဖြစ်လေသည်။ ကောင်းမှုများ၏အစားသည် ဂျန္နတ်ဖြစ်၍ မကောင်းမှုများ၏အစားမှာ ဂျဟန္နမ်သာလျှင် ဖြစ်ပေတော့၏။

ယခုတဖန် အလှည့်ကျသဖြင့် ဤလောကသို့ ရောက်ရှိလာခဲ့ရသော ဤခေတ်သမယ၏ အီမာန်ရှင် အမျိုးသမီးတို့၏ စွမ်းရည်များသည်ကား အဘယ်အရာများ ဖြစ်ကြလေသနည်း။ အိုး-စာရှူသူ သုံးသပ်

ပါလေ။ ဧည့်ခန်းအလှအပ ပြင်ဆင်ရေးတို့မှာ အချိန်ကုန်၊ သူ့သားသမီး၊ ကိုယ့်သားသမီး အချင်းချင်း ဂုဏ်တုဂုဏ်ပြိုင်လုပ်ငန်းတို့မှာ အချိန်ကုန်လျက် ရွှေ၊ ငွေ၊ လက်ဝတ်ရတနာပြိုင်ဆိုင်မှု၊ အဝတ်အစား ပြိုင်ဆိုင်မှု လုပ်ငန်းများမှာသာ အချိန်ကုန်ဆုံး ပျက်စီးစေပြီး မိမိတို့၏ အရည်အသွေးများကို ထိုသို့သော အဓိပ္ပါယ်မရှိသည့် လုပ်ရပ်များတွင် ဘောင်ခတ် မြှုပ်နှံထားလိုက်ကြလေသည်။ သာသနာရေးရာများနှင့် ပတ်သက်လျှင်ကား မသိပါ၊ မတတ်ပါ၊ မလုပ်နိုင်သေးပါ ဟူသည့် အဆင့်ဖြင့်သာ ရောင့်ရဲတင်းတိမ်လျက် အရှင်သခင့်ထံ ပြန်သွားကြတော့မည်လောဟု ဆင်ခြင်တွေးတောမိရင်း ဘဝင်မအေးဘဲ ရင်လေးမိပါလေ၏။ ဂျင်နှနှင့်အင်စာန်လူသားတို့အား (အေဘာဒတ်)အရှင့်အမိန့် နာခံကြရန်အတွက် ဖန်ဆင်းထားခြင်း ဖြစ်ကြောင်း၊ ကျမ်းမြတ်ကုရ်အာန်တွင် အရှင်သခင်ကိုယ်တော်တိုင် မိန့်မြွက် အသိပေးထားတော်မူပါသည်။ ထို့ကြောင့် ဤလောကီသို့ ရောက်လာရခြင်း၏ အကြောင်းရင်းကို သိရှိကြပြီးလျှင်ကား ကြိုးစားကျင့်ကြံကြရန်မှာ မိမိတို့၏တာဝန်သာ ဖြစ်ကြောင်းကို အသိတရားများ လေးနက်စွာ ထားသင့်ကြပေသည်။

မိခင်မွန် သခင်မအာအေရှာဟ်က ၃-ခုသောအချက်နှင့် ပတ်သက်၍ ဂုဏ်ယူတော်မူခဲ့လေသည်။

၁။ အစ္စလာမ်သာသနာတော်အား ပထမဦးဆုံးလက်ခံခဲ့သည်မှာ အမျိုးသမီးသာလျှင်ဖြစ်ကြောင်း (ဟဇရတ်ခဒီဂျာဟ်မိခင်မွန်ကြီး)။

၂။ အစ္စလာမ်သာသနာတော်အတွက် အသက်ကို ပထမဦးဆုံး စတေးစွန့်လှူခဲ့သူမှာလည်း အမျိုးသမီးသာလျှင်ဖြစ်ကြောင်း (ဟဇရတ် စိုမိုင်ယာ)။

၃။ အစ္စလာမ်သာသနာတော်အား လက်ံခံပြီးသည့်နောက်တွင် ထိုခေတ်မှ အီမာန်ရှင်အမျိုးသမီးတို့မှာ (မုရ်သဒ်)အီမာန်ကို စွန့်လွှတ်လိုက်ခြင်းများမရှိခဲ့ကြဘဲ အမျိုးသားများတွင်သာ မုရ်သဒ်၏အခြေအနေဖြစ်ခဲ့လေသည်။

ထို ၃-ခုသောအချက်နှင့်စပ်လျဉ်း၍ မိခင်မွန်သခင်မက ဂုဏ်ယူခဲ့လေသည့်နည်းတူပင် ခေတ်တိုင်းမှ အီမာန်ရှင် အမျိုးသမီးတို့ကလည်း ဂုဏ်ယူသင့်ကြပေသည်။ ဂုဏ်ယူထိုက်ကြပေသည်။ ထိုဂုဏ်ယူဖွယ်အချက် ၃-ရပ်မှာကား သမိုင်းတွင်ရစ်ခဲ့လေပြီ။ မည်သို့မျှ ဖျောက်ဖျက်ပစ်၍ မရတော့ပေ။ မိခင်မွန် ခဒီဂျာသခင်မကြီး၏နေရာတွင် အမျိုးသားတစ်ဦးနှင့် အစားထိုးပြောင်းလဲပစ်၍ မရနိုင်သကဲ့သို့ စိုမိုင်ယာ သခင်မကြီး၏ပထမဦးစွာ ရှဟီးဒ်ဖြစ်ခြင်းကိုလည်း အခြားအမျိုးသား တစ်ဦးနှင့် အစားထိုး၍လည်း မရနိုင်တော့ပေ။ ထိုနည်းတူစွာပင် ထိုခေတ်မှ အီမာန်ရှင်အမျိုးသမီးများ၏ သာသနာတော်အပေါ်တွင် ကြံ့ခိုင်စွာရပ်တည်နိုင်ခဲ့ကြခြင်း (မုရ်သဒ်မဖြစ်ခဲ့ကြခြင်း)တို့မှာလည်း သမိုင်း

ကြောင်းကို ပြောင်းလဲ၍ မရနိုင်တော့ပေ။ အာအေရှာဟ်သခင်မ ဂုဏ်ယူခဲ့သော၊ ခေတ်တိုင်းမှ အီမာန်ရှင်အမျိုးသမီးတိုင်း ဂုဏ်ယူထိုက်သော ထိုဂုဏ်ယူဖွယ်အချက်(၃)ရပ်သည်ကား သမိုင်းတွင်ရစ် ဖျောက်ဖျက် ပြောင်းလဲပစ်၍ မရပါလေတော့။ ဤသည်မှာလည်း အီမာန်ရှင် အမျိုးသမီးတို့အတွက် ရွှေခေတ်၏လွမ်းဆွတ်ဖွယ်ရာ တစ်ခုပင် ဖြစ်ပါလေ၏။

အလ္လာဟ်အရှင်မြတ်က ရာဇဝင်၌ ဤသို့ပင် အမျိုးသမီးတို့အား ဂုဏ်မြင့်စေတော်မူခဲ့၏။ ကျမ်းတော်မြတ်ကုရ်အာန်တွင်လည်း (စူရသွန်နေစာ)ဟူ၍ အမျိုးသမီးတို့အတွက် ကဏ္ဍာတစ်ရပ်ကို ပေးသနားတော်မူပြီး ချစ်နဗီကလည်း ...

“**လောကီရှိ အရာဝတ္ထုမှန်သမျှသည် အကျိုးပြု ပစ္စည်းများသာ ဖြစ်ကြ၏။ အကောင်းဆုံးအကျိုးပြု ပစ္စည်းသည်ကား မြင့်မြတ်သည် အမျိုးသမီးပင်ဖြစ်ချေ၏**” ဟု မိန့်ဆွေထားတော်မူလေရာ အီမာန်ရှင် အမျိုးသမီးများသည် မိမိတို့၏ ဂုဏ်အင်ဒြပ်အား နားလည်လေးစား၍ တန်ဘိုးထား ထိန်းသိမ်း သင့်ကြပေသည်။ (အကာအေဒ့ဒေအစ္စလာမ်) ကျမ်း၌ပါရှိသည်မှာ အမျိုးသမီးတို့တွင် ပုဂ္ဂလိကအားဖြင့် အချို့မှာ ယောကျ်ားများထက်ပင် မြတ်ကြလေသည်။ ပမာဆိုရသော် အီစာနဗီသခင်၏မိခင် ဘီဘီမရ်ယမ်သခင်မ၊ ဖွေရ်အောင်ဘုရင်ဆိုး၏ဇနီး ဘီဘီအာစီယာသခင်မ၊ မူစာနဗီသခင်၏မိခင်တော် ၎င်းနောက် ချစ်နဗီ

၏ ကြင်ယာတော် ဘီဘီခဒီဂျာဟ်သခင်မ၊ ဘီဘီအာအေရှာဟ် သခင်မ၊ သမီးတော် ဘီဘီဖွာတေမာဟ်သခင်မ စသည့်သခင်မများနှင့် ရာဗေအာဗစွရီယာ၊ ရာဗေအာအဒဝီယာ စသော ဝလီသူတော်စင်မများသည် ထူးကဲထွတ်မြတ်ကြပေ၏။

မိခင်မွန် ခဒီဂျာဟ်သခင်မသည် အစွလာမ်အသင်းဝင် နံပါတ်(၁) ဖြစ်ခဲ့၏။ ဂျန်ဂေဗဒရ် ခေါ် ပထမစစ်ဦးတွင် အစွလာမ်ဘာသာ ဝင်များ၏အလံတော်မှာ အာအေ့ရှာဟ်သခင်မ၏ ခေါင်းခြုံပုဝါဖြစ်ခဲ့၏။ ကုရ်အာန်ကျမ်းတော်မြတ်အား အစမှအဆုံးတိုင် စုစည်းထားသည့် ပထမဆုံး မှတ်တမ်းကုရ်အာန်သည် အွစွမာန်သခင်၏ လက်ထက်တော်ထိတိုင် ဟဖ်စာသခင်မက ထိန်းသိမ်းထားခဲ့ရလေ၏။ ကျမ်းမြတ်ကုရ်အာန်တွင် မိန်းမများစူရာဟ် (စူရာဟ်နေစာ)ပါရှိ၏။ ယောကျ်ားစူရာဟ်ဟု မပါရှိပေ။ မိခင်နှင့် ဘခင်နှစ်ဦးတွင် သားသမီးတို့မှာ မိခင်ကို ပို၍ရိုသေကြရမည်။ အမိန့်တည်ရ၏။ မိဘနှစ်ဦးပြိုင်တူ ရေတောင်းပါက မိခင်ကို ဦးစွာပေးရ၏။ မိခင်နှင့်ဘခင် သဘောကွဲလွဲပါက မိခင်ဘက်သို့ လိုက်ရ၏။ ကောင်းကျိုးပြုရမည်မှာ 'မိခင်၊ မိခင်၊ မိခင်'ဟု (၃)ကြိမ်တိုင် မိန့်ဆိုတော်မူပြီး (၄)ကြိမ်မြောက်တွင် ဖခင်ကို ကောင်းကျိုးပြုရန် ဖြစ်ကြောင်း ချစ်နဗီ ကမိန့်ကြားခဲ့လေ၏။ မိခင်အပေါ် ဤသို့ (၃)ကြိမ် (၃)ခါဦးစားပေး မိန့်ဆိုရခြင်းမှာ (၃)နေရာ၌ မိခင်သည် ဘခင်ထက် သာပို၍ ဒုက္ခရောက် ရလေ၏။

(၁) ကိုယ်ဝန် ဆောင်ရခြင်း၏ဒုက္ခ။

(၂)မွေးရခြင်း ဒုက္ခ။

(၃) နို့ချို့ တိုက်ကျွေးရခြင်း၏ဒုက္ခ တို့ဖြစ်လေသည်။

မိန်းမတို့အား ကောက်သောနံရိုးဖြင့် ဖန်ဆင်းထားသည် ဖြစ်၍ ကောက်ကျစ်တတ်သောကြောင့် ယောကျ်ားတို့က အလိုက်အထိုက် သင့်မြတ်စွာ ပေါင်းသင်းဆက်ဆံကြပါရန် ချစ်နဗီက မိန့်ဟောတော်မူခဲ့လေ၏။ အမျိုးသမီးတို့အား ဆုံးမကြသောအခါ လက်ဖြင့် ကျောကိုသာ ရိုက်ထိုက်၏။ (၃) ချက်ထက်မပိုရ။ တွေ့ကရာနှင့်မရိုက်နှက်ရဟု ဖွေကာဟ်ကျမ်း ရှာမီတွင်ပါရှိလေ၏။ အမျိုးသမီးများ တရားနှင့်အညီ နေ၍ နမာဇ်ဝတ်ပြုသောအခါ ဆံပင်ကို နှစ်ခြမ်းခွဲ၍ ပုခုံးရွေ့တွင် ချလျက် ဝတ်ပြုလျှင် ဆံပင်ကပါ စစ်ဂျဒါချ၍ ဆံပင်နှင့်အမျှ ကုသိုလ်ရပေသည်။ ကိုယ်ဝန်ဆောင်ဘဝတွင် အလွာဟ့်လမ်းတော်၌ လက်နက်ဝန်စည် စလွယ်ထမ်းကာ စစ်တိုက်နေသော (မုဂျာဟိဒ်)ကဲ့သို့ ကုသိုလ်ရလေသည်။ ကလေးတစ်ယောက် မွေးဖွားလျှင် ကအ်ဘာသို့ ဟဂျ်တစ်ခါပြုသော အကျိုးရ၏။ အမျိုးသမီးတို့ တရားကို ဆောက်တည်ပါလျှင် အထူးသဖြင့် ကုသိုလ်ပိုမို၍ ရရှိ၏။ ခင်ပွန်းလင်မရှိသောအခါ မိမိကိုယ်ကို သူစိမ်းယောကျ်ားတို့မှ ထိန်းသိမ်းခဲ့ကြပါလျှင် သူတော်ကောင်းမများဖြစ်ကြောင်း ကုရ်အာန်(၅)ဂျဒ်တွင် အလွာဟ်အရှင်မြတ်က ချီးကျူးတော်မူ၏။ ဇနီးတို့အပေါ်တွင် လင်တို့က အပြစ်မရှာကြရန်

လည်း မိန့်ထားတော်မူ၏။ မဟာရ်ကြေးကို မပေးဟုစိတ်ထား၍ လက်ထပ်ပါလျှင် (ဟရာမ်ဇနာ)ပင်ဖြစ်လေ၏။ ဇနီးနှင့် အိမ်သားများအား နမာဇ်ဝတ်ပြုခိုင်းပြီး စိတ်ချမ်းသာအောင် ထားပါက စီးပွားရေး လမ်းဖြောင့်ပြီး သုခရ၏။ ဇနီးမိန်းမတို့အား ဒုက္ခပေးတတ်သူမှာ စိတ်ဆင်းရဲဒုက္ခ တွေ့ကြုံရ၏။ ဇနီးမယားတစ်ယောက်အား လှလှပပ မထားနိုင်ခြင်း၊ ကောင်းစွာ မကျွေးမွေးနိုင်ခြင်း ဖြစ်ပါလျှင် မတရားနိုင်ပါက နောက်ထပ်ဇနီးမယား ထပ်မံမယူထိုက်။ ဇနီးမယားကို ပေါင်းလည်း မပေါင်း၊ ကွာလည်း မကွာဘဲ တန်းလန်းထားသော လင်ယောကျ်ားများကို အလွှာဟ်အရှင်မြတ်ကိုယ်တော်တိုင် အပြစ်တင်တော်မူကြောင်း ကုရ်အာန်(၅)ဂျုဇ်တွင် ပါရှိ၏။ ဤသည်မှာ (မရ်ဟွမ်ဆရာသခင်ကြီး မော်လဝီ၊ဟာဖွေ့ဇ် စိုက်ယစ်ဒ် မိုဟမ္မဒ်ဟစန်ရှားဟ် ပြုစုရေးသားသော “အကာအွေ့ဒ့အစ္စလာမ်ကျမ်း”စာအုပ်မှ ထုတ်နုတ်၍ ထပ်ဆင့်တင်ပြခြင်းဖြစ်ပါသည်။) ရာဇဝင်တွင် ဖွေရ်အောင်ဘုရင်ဆိုး၏ဇနီး အာစီယာသခင်မကြီးသည် ခင်ပွန်းလင်၏ ဆိုးသွမ်းမှုဒဏ်ကို အခံရဆုံးဖြစ်၍ အီမာန်အတွက် အသက်စတေးသွားခဲ့သူဖြစ်၏။ လူမြင်ကွင်းတွင် ဝတ်လစ်စလစ်ဖြင့် ကားစင်အတင်ခံရကာ လင်ဖြစ်သူဖွေရ်အောင်ဘုရင်ကိုယ်တိုင်ပင် သတ်ဖြတ်ခဲ့လေ၏။ မသေမီ သခင်မကြီးသည် မိမိ၏ အဖြစ်အပေါ် ရှက်လွန်းရကား အလွှာဟ်အရှင်မြတ်၏ ထံတော်ပါး ဒုိအာဆုပန်ခဲ့ရှာလေရာ သခင်မကြီး စံမြန်းရမည့် ဂျန္နတ်ရှိ ဗိမာန်တော်

အား မျက်ဝါးထင်ထင် ဖူးမြင်ခဲ့ရလေ၏။ အာစီယာ သခင်မသည် ဂျန္နသ်၌ အမျိုးသမီးတို့ခေါင်းဆောင် ဖြစ်မည့်အကြောင်း သတင်းကောင်းကိုလည်း ကြိုတင်ရရှိခဲ့လေသည်။ ဂျန္နတီအမျိုးသမီးတို့၏ ခေါင်းဆောင်မှာ သခင်မ(၄)ပါးဖြစ်၏။ အာစီယာသခင်မ၊ မရ်ယမ် သခင်မ (အီစာနဗီ၏ မယ်တော်)၊ မိခင်မွန် ခဒီဂျာဟ်သခင်မနှင့် သမီးတော်ဖွာသွေမာဟ် သခင်မတို့ ဖြစ်ကြလေသည်။

ချစ်နဗီ၏ ရောင်ဿွာ သချိုင်းတော်အား ဇေယာရသ်ပြုကြည်ညိုရင်းမှ ချစ်နဗီကို ချစ်လွန်းပြီး စွာဘီယာအမျိုးသမီးတစ်ပါးမှာ အသက်ထွက် ကွယ်လွန်သေဆုံးခဲ့ရှာလေ၏။ အမျိုးသားတို့ထံတွင် ဤကဲ့သို့ ရာဇဝင်မျိုးမရှိခဲ့ဘူးပေ။ သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်ဖြစ်ပါ၏။ အရှင်မြတ်က ဤကဲ့သို့ ထူးခြားလှသည့် ဂုဏ်ထူးဝိသေသအမျိုးမျိုးအား အီမာန်ရှင်အမျိုးသမီးများကို ပေးသနား ချီးမြှင့်တော်မူခဲ့လေသည်။ သမိုင်းစာမျက်နှာများအပေါ်တွင် ရှေ့တန်းမှ ဤကဲ့သို့ပင် ခန့်ညားစွာ နေရာယူထားနိုင်ခဲ့ကြသော သမိုင်းကြောင်းကောင်းလှသည့် အီမာန်ရှင်အမျိုးသမီးများ ဖြစ်ပါကြောင်းကို ဤခေတ်မှ အီမာန်ရှင်အမျိုးသမီးတို့မှာ မိမိတို့၏ တန်ဘိုးအား ကောင်းစွာသိ၍ နားလည်သဘောပေါက်ကြရန် သင့်လှပေသည်။ သမိုင်းကြောင်းတစ်လျှောက်မှ ပြောင်မြောက် တောက်ပခဲ့ကြသည့် အီမာန်ရှင်အမျိုးသမီးများ၏ ဂုဏ်အင်ဒြပ်တို့အား မိမိတို့မှ ဆက်လက်

ထိန်းသိမ်းထားကြပါရန်လည်း အရေးကြီးလှပါကြောင်း သတိပြုသင့်ကြပေသည်။ မိမိတို့၏ညံ့ဖျင်းမှုများဖြင့် ဒီးန်၏ အလှအပအား မဖျက်ဆီးမိကြစေရန်ကိုလည်း ပန်ကြားလိုပါသည်။

အိုး-စာရှူသူ အာလမေ့အရ်ဝါ (ဝိညာဉ်လောက)မှ ဝိညာဉ်တို့သည် အရှင်၏ထံတော်မှ သက်တမ်းအချိန်တစ်ခုကို ရယူကြလျက် ဤဒွန္နယာလောကသို့ အလှည့်ကျ၍ ရောက်လာခဲ့ကြရခြင်းဖြစ်လေသည်။ ဤလောကမှာ စမ်းသပ်ရန် နေရာဌာနတစ်ခုသာဖြစ်၏။ ဒီးန်နှင့် ပတ်သက်၍ ကောင်းမှု၊ မကောင်းမှုများနှင့် ပတ်သက်၍ နေ့၊ ည ပင် အရှင်သခင်က စမ်းသပ်တော်မူလျက်ရှိနေပေ၏။ ကျေးကျွန် ဗန္ဓာသည် သက်တမ်းကုန် အချိန်စေ့က (မရှိရာဘဝမှ ရှိရာဘဝသို့) ဖန်ဆင်းတော်မူခဲ့သော မိမိတို့၏ အရှင်သခင်၏ထံ မုချပြန်ကြရပေမည်ဖြစ်၏။ နောင်တမလွန် အာခေရတ်သည်ကား ဤလောကတွင် သင်ယုံကြည်၍ ကြိုးပမ်းလုပ်ဆောင်ခဲ့ရာ (ဒီးန်နှင့် ကောင်းမှု၊ မကောင်းမှု)တို့အား အစားပြန်ပေးမည့် နေရာဌာနသာလျှင်ဖြစ်လေ၏။ အိုး-စာရှူသူ မိမိတို့အလှည့်ကျ၍ ရရှိလာခဲ့ကြသော ဤဒွန္နယာ သက်တမ်း၌ ချစ်နဗီ ဆောင်ယူခဲ့သော ဒီးန်ကို ဆုပ်ကိုင်လျက် အမလ် အေဘာဒတ်များဖြင့် မိမိတို့၏ဘဝသက်တမ်းကို အလှချယ်သလျက် (ပိုင်ရှင်)အရှင်သခင့်ထံ ပြန်နိုင်ကြပါစေဟု လှိုက်လှဲစွာပင် ဆုမွန်ချေပါ၏။

"အဆင့်မြင့်တဲ့ ဂျန္ဆသ်ကဟူရ်ကညာပျိုတွေကို ကျွန်မတို့က နမာဇ်၊ ရိဇာဟ် အစရှိတဲ့ အေဘာဒတ်များနဲ့ အနိုင်ယူမည်"ဟု မိခင်မွန် အာအေရှာဟ်သခင်မက ကြွေးကြော်ခဲ့ပါသည်။ ဟူရ်ကညာပျိုများ ဂျန္ဆသ်တွင် နေထိုင်ကြရခြင်းသည် ကိုယ်တိုင်ကြုံးပမ်း ဆောက်တည်ခဲ့ရလေသော အမလ် အေဘာဒတ်များ၏အစား စံမြန်းနေထိုင်ကြရခြင်း မဟုတ်ခဲ့ပါကြောင်းကို သခင်မက ရည်ညွှန်းမိန့်ဆိုတော်မူခဲ့ခြင်း ဖြစ်လေသည်။

ဂျန္ဆသီ အမျိုးသားများအတွက် သက်သက်သာ ဖန်ဆင်းခြင်းခံရသော ဟူရ်ကညာပျိုများအပေါ်တွင် ဤလောကတွင် အရှင့်အမိန့်ကို နာခံပြီး အမလ် အေဘာဒတ်များကို လုပ်ဆောင်ခဲ့ကြ၍ ဂျန္ဆတ်ကို ရယူခဲ့ကြလေသော အီမာန်ရှင် အမျိုးသမီးများက အနိုင်ယူကြမည်ဟု သခင်မက မိန့်ဆိုခဲ့ခြင်းမှာ အီမာန်ရှင် အမျိုးသမီးတိုင်းကို အေဘာဒတ်ပြု အမိန့်နာခံကြရန်အတွက် လမ်းညွှန်ခဲ့ခြင်းပင် မဟုတ်ပါလော။

အို-စာရှုသူ ဂျန္ဆတ်မှ ဟူရ်ကညာပျိုတို့အား ဒွန္ဆယာ၏ အီမာန်ရှင် အမျိုးသမီးများက (ဒီးန်၏ရှင်သန်မှု)ဖြင့် အနိုင်ယူပါလိမ့်မည်။ အလွှာဟ် အရှင်မြတ်သည် အီမာန်ရှင်အမျိုးသမီးတို့အား ဒီးန်၏ရှင်သန်မှုကြောင့်ပင် ဟူရ်ကညာပျိုများထက် ကြီးမားသောဂုဏ်အား ပေးအပ် ချီးမြှင့်တော်မူခြင်းဖြစ်ပါ၏။ ယနေ့ကမ္ဘာတစ်ခွင်အနှံ့ ဒီးန်ရှင်သန်နေခြင်းမှာလည်း အမျိုးသမီးများ၏ အနစ်နာခံမှုများ ပါဝင်နေခဲ့ပေသည်။ အိုဟူဒ်

စစ်ပွဲ၊ ဟိုဒိုင်ဗီယာစစ်ပွဲ၊ ခိုင်ဗရ်စစ်ပွဲ၊ အွမ်ရတွလ် ကသွာအ် ပြုလုပ်ခဲ့စဉ် ကြိုးပမ်းမှု၊ ဟိုနိုင်းန်စစ်ပွဲ၊ ယမာမာတ်စစ်ပွဲ စသည့် စစ်ပွဲပေါင်း များစွာတို့တွင် ပါဝင်ဆင်နွှဲခဲ့လေသော ယမာမာဟ်စစ်ပွဲ၌ လက် တစ်ဖက်ပြတ်၍ ဒဏ်ရာပေါင်း (၁၁)ချက်ရရှိခဲ့သော (အွမ်မေ့အမ်မာရာ သခင်မကြီးသာတော်)၏ အနစ်နာခံမှု၊ ကြိုးပမ်းခဲ့မှုများကို ပြန်လည် လေ့လာသုံးသပ်လျက် ပမာပြုကာ အတုယူကြစမ်းပါလေ။ ထိုသား တော်၏ ရဲစွမ်းသတ္တိအပြည့်နှင့် စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့ခြင်းများအပေါ် တွင် ချစ်နဗီက လှိုက်လှဲစွာပင် ချီးကျူးဂုဏ်ပြုတော်မူခဲ့ပြီး ၎င်း၏ မိသားစုအတွက်ပါ ဒိုအာဆုမွန်ကောင်းများ တောင်းပေးတော်မူခဲ့လေ သည်မှာလည်း ကျွန်ုပ်တို့အတွက် လွမ်းဆွတ်အားကျဖွယ်ရာပင် ဖြစ်ပါ လေ၏။

ထို့ပြင် သားလေးယောက်အား ကောင်းစွာ ဆုံးမသွန်သင်လျက် စစ်ပွဲ၌ စွန့်လွှတ်စတေးနိုင်ခဲ့သော ကဗျာဆရာမကြီး (ခန်စာအ်သခင်မ) သည်လည်း အားကျအတုယူဖွယ် စံနမူနာယူဖွယ်ရာပင် ဖြစ်ပါ၏။

အို-စာရှူသူ ဤကဲ့သို့ ဘက်စုံ၊ ထောင့်စုံမှ ဒီးန်ရှင်သန်မှု အတွက် အမျိုးသားတို့ထက် နောက်မကျစေဘဲ ကြိုးပမ်းနိုင်ခဲ့ကြရာလေသော သမိုင်းကြောင်း ကောင်းလှသည့် အီမာန်ရှင်အမျိုးသမီး တို့မှာကား မြောက်များစွာပင် ရာဇဝင်၌ စာတင်ထားလျက် ခန့်ထည်စွာ ရှိနေခဲ့ ပါ၏။ “**မိဘ၊ သားသမီး၊ ဥစ္စာပစ္စည်းနှင့် မိမိ၏အသက်ထက် အလွှာဟ်**

နှင့် အလွှာဟ်၏ရစူလ်ကို ပိုမချစ်သရွေ့ စစ်မှန်သောမုအ်မင်န် မဖြစ်နိုင်ပေ။" ဟူသော ဟဒီးစ်တော်အရ ချစ်နဗီ၏အပေါ်၊ သာသနာတော်၏အပေါ်၌ ချစ်ခင်ကြရာတွင် စွဟာဘီ၊ စွဟာဘီယာတို့မှာ စံပြပင် ဖြစ်ကြလေ၏။ မြောက်များစွာသော အကြောင်းအရာများ အနက်မှာ စွဟာဘီယာ အမျိုးသမီး(၃)ပါးတို့၏ အံ့ဖွယ်၊ လွမ်းဆွတ်ဖွယ်ရာများကို တင်ပြပေဦးမည်။

အိုဟူဒ်စစ်ပွဲကာလတွင်ဖြစ်လေ၏။ အိုဟူဒ်၏ စစ်မြေပြင်မှ မဒီနာဟ်မြို့သို့ သတင်းစကားတစ်ခု ရောက်ရှိလာသည်မှာ စစ်ပွဲတွင် မွတ်စလင်မ်များ အရေးနိမ့်လျက် ရှဟီးဒ်ဖြစ်မှုများပြားကြောင်းသတင်းပင်ဖြစ်လေသည်။ မဒီနာမြို့သူ အမျိုးသမီးတို့မှာ ထိုသတင်းအတွက် ဝမ်းနည်းပူဆွေးကြလျက် စုံစမ်းကြရန် မြို့၏အပြင်သို့တိုင် ထွက်လာခဲ့ကြလေပြီး။ ပူပင်သောကစိတ်ဖြင့် စစ်ပွဲပြန်တို့အား စောင့်မျှော်နေခဲ့ကြလေ၏။ စစ်ပွဲပြန်များနှင့် တွေ့ဆုံလေသောအခါ အန်စွာရီအမျိုးသမီးတစ်ဦးက ချစ်နဗီ၏ကျန်းမာရေး၊ ဘေးဘယကင်းရှင်းရေးကို ဆီးကြို၍ မေးမြန်းစုံစမ်းလေသည်။ စစ်ပွဲမှ ပြန်ရောက်လာသောသူတို့က ထိုအမျိုးသမီး၏ဖခင်မှာ ရှဟီးဒ်ဖြစ်ကျဆုံးသွားကြောင်း သတင်းပေးလေသော် ထိုအမျိုးသမီးမှာ (အင်နာလစ်လွာဟ့ ဝအင်နာအဲ့လိုင်ဟ့ ရာဂျေအုန်) ရွှတ်ဖတ်ခဲ့ပြီး ချစ်နဗီ၏သတင်းကို စုံစမ်းမေးမြန်းပြန်လေ၏။ စစ်ပွဲပြန်တစ်ဦးမှ (သင်မခင်ပွန်း ရှဟီးဒ်ဖြစ်ကြောင်း)၊ နောက်

တစ်ဦးက (သင်မ သား ရှုဟီးဒ်ဖြစ်ကြောင်း)၊ နောက်တစ်ဦးက (သင်မ၏ မောင် ရှုဟီးဒ်ဖြစ်ကြောင်း)တို့ကို အသီးသီး သတင်းပေးကြလေသော် အမျိုးသမီးသည် ကြားရလေသမျှသော သတင်းများအပေါ် (အင်နန်နာလစ်လွာဟော့) ရွတ်ဖတ်ပြီး ချစ်နဗီ၏ သတင်းကိုသာလျှင် သိကြားလိုစိတ် ဆန္ဒပြင်းပြလွန်းစွာဖြင့် မေးမြန်းနေခဲ့ရှာလေသည်။ လူတို့ထံမှ ချစ်နဗီမှာ ဘေးကင်းစွာရှိနေပါကြောင်း၊ ကျန်းမာပါကြောင်း သတင်းပေးကြပါသော်လည်း အမျိုးသမီးမှာ သတင်းစကားဖြင့် စိတ်မအေးနိုင်ကာ ချစ်နဗီရှိရာအရပ်အား ထပ်မံ၍စုံစမ်းမေးမြန်းပြီး သိရသည်နှင့် တပြိုင်နက် ချစ်နဗီရှိရာသို့ အပြေးအလွှားပင် သွားရောက်၍ ဖူးမြင်ခဲ့လေသည်။ အမျိုးသမီးမှာ ချစ်နဗီ၏ ရွှေမျက်နှာတော်ကို ဖူးမြင်ရလေသောအခါတွင် ရင်ဝယ်ချမ်းမြေ့ အေးမြသွားခဲ့ပြီး မြတ်နိုး ချစ်ခင်မှုများဖြင့် ချစ်နဗီ၏ အင်္ကျီပိတ်စကို ကိုင်လျက် (ချစ်နဗီအား ဤကဲ့သို့ဖူးမြင်ရခြင်းကြောင့် ကျွန်မ၏ ဒုက္ခများသည် ဒုက္ခများပင် မဟုတ်တော့ပါကြောင်း) ကြည်နူးစွာ လျှောက်ထားနိုင်ခဲ့လေသည်မှာ ချစ်ခင်မှု၏ အမြင့်ဆုံးအဆင့်ပင် ဖြစ်ပါလေ၏။ ဤသည်မှာလည်း အားလုံးထက် အလွှာဟ့်ရစ္စူလ်ကို ပို၍ချစ်ခဲ့လေသော ရွှေခေတ်မှ လွမ်းဆွတ်ဖွယ်ရာ စွဟာဗီယာတစ်ပါး၏ အကြောင်းအရာပင် ဖြစ်ပါလေ၏။

တစ်ချိန်သောအခါ စွဟာဗီယာအမျိုးသမီးတစ်ပါးမှာ ရင်ခွင်ပိုက်ကလေးငယ်တစ်ယောက်အား ဂျေဟာဒ်အတွက် ချစ်နဗီထံတော်တွင်

ဆက်သခဲ့လေသည်။ ကလေးငယ်အား စစ်ပွဲတွင် မည်သို့အသုံးဝင်ပါ မည်နည်းဟု ချစ်နဗီက အမေးတော်ရှိလေရာ (ကျွန်မတွင် ဂျေဟာဒ် အတွက် လင်၊ မောင်၊ သားများ ရှဟီးဒ်ဖြစ်ပြီးကြ၍ မရှိတော့သည့် အတွက် ဤကလေးငယ်အား ပေးအပ်ဆက်သရပါကြောင်း ရန်သူတို့နှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင် ဤကလေးငယ်အား ကိုယ်တော်၏ ခန္ဓာကိုယ် ပေါ်၌ ဒိုင်းသဖွယ် အကာအကွယ်ထား၍ အသုံးချပါရန် အကယ်၍များ ခား၊ လှံ၊ မြားတို့ကိုယ်တော်၏ထံမှောက် ရောက်လာလေသော် ဒိုင်း သဖွယ် အသုံးချလျက် ခုခံကာကွယ်ပါရန်အတွက် ပေးအပ်ပါကြောင်း) လျှောက်တင်ခဲ့လေသည်။ ဤသည်မှာလည်း ရွှေခေတ်မှ အံ့ဩဖွယ်ရာ၊ လွမ်းဆွတ်ဖွယ်ရာတစ်ခုပင် ဖြစ်ပါလေ၏။

အံ့ဖွယ်တစ်ရပ်မှာ မိခင်မွန် အာအေရှာဟ် သခင်မကြီးထံသို့ စွဟာဗီယာ အမျိုးသမီးတစ်ပါးမှာ ရောက်လာခဲ့ပြီး သခင်မကြီးထံ ခွင့် ပန်၍ ချစ်နဗီ၏ရောင်သွာသချိုင်းတော်ကို ဧယောရတ်ပြု ကြည်ညိုခွင့် တောင်းခံခဲ့လေသည်။ မိခင်မွန် သခင်မကြီးက တံခါးကို ဖွင့်ပေးလိုက်ရာ အမျိုးသမီးမှာ ချစ်နဗီ၏ ရောင်သွာတော်အား ကြည့်ရှုကြည်ညိုရင်း လှိုက်လှဲသည်းထန်စွာ ငိုကြွေးရှာလေ၏။ အဘယ်မျှတိုင်ဆိုသော် ထို အမျိုးသမီးသည် ငိရင်းဖြင့်ပင် ဇီဝိန်ချုပ်ငြိမ်း သေဆုံးကွယ်လွန်သွား လေတော့၏။ ဤသည် ချစ်ခင်ခြင်း၏ အထွတ်အထိပ်ပင် မဟုတ်ပါ

လော။ အံ့ဖွယ်အမျိုးသမီးတစ်ဦး၏ ရွှေခေတ်မှ လွမ်းဆွတ်ဖွယ်ရာ တစ်ခုပင်ဖြစ်ပါလေ၏။

ရွှေခေတ်မှ ဆွဟာဗီယာ အမျိုးသမီးကြီးများကို စံထားလျက် ဤခေတ်အခါသမယမှ အီမာန်ရှင် အမျိုးသမီးတို့မှာလည်း နိုးကြားသင့်ကြပေပြီ။ ကြိုးစားသင့်ကြပေသည်။ မေ့လျော့ပေါ့ဆမှုတည်းဟူသော ပင်လယ်ပြင်၌ နစ်မွန်း၍ မနေသင့်ကြတော့ချေ။ အေလင်မ်အတွက်၊ အေဘာဒတ်အတွက် အသင့်ပြင်ကြိုးပမ်းကြရန် အချိန်တန်လေပြီ။ ကာအေဒါ(ဘဂ်ဒါဒီ)က အလိဖ်ဗေစာအုပ်၏ နောက်ဆုံးသင်ခန်းစာတွင် မှတ်သားဖွယ် ကျင့်ဆောက်တည်ဖွယ်ရာ ဤသို့ရေးသားထားသည်ကို ဖတ်ဖူး၊ မှတ်ဖူးကြပေလိမ့်မည်။ (အဇ်ဇက်ရ နူးရွန် ဝလ်ဂဖ်လသု ဇုလုမားသွန်) အလ္လာဟ်အရှင်မြတ်အား သတိရ တ,သခြင်းမှာ အလင်းရောင်ဖြစ်၍ မေ့လျော့ခြင်းမှာ အမိုက်မှောင်ဖြစ်၏ဟု ရေးသားထားလေသည်။ စွဟာဘီ၊ စွဟာဗီယာများသည်ကား သာသနာတော်အား ချစ်ကြလွန်း၍သာလျှင် ချစ်နဗီအား ဤသို့အချစ်ကြီးခဲ့ကြလေခြင်းဖြစ်လေသည်။ စွဟာဘာကြီးအဘူဘကရ်သခင်က (ကျွန်တော်၏ဘခင်မွတ်စလင်မ်ဖြစ်ခြင်းထက် ကိုယ်တော်၏ဘကြီးတော် အဘူတွာလိဗ်ကို မွတ်စလင်မ်ဖြစ်စေလိုပါကြောင်း အဘယ်ကြောင့်ဆိုသော် ချစ်နဗီပျော်ရွှင်စေတော်မူရန် ဖြစ်ပါသည်။) စွဟာဘာကြီးအုမရ်သခင်ကလည်း (ချစ်နဗီအား မိမိ၏အသက်ထက်ပင်ပို၍ ချစ်ပါကြောင်း) လျှောက်တင်

ခဲ့လေသည်။ စွဟာဘာဇိုက်ဒ်ဗင်နာဟာရေ့ဆာ ငယ်စဉ်ကာလက မိခင်နှင့် ခရီးထွက်စဉ် လမ်းခရီးတွင် ပျောက်ဆုံးသွားခဲ့သည်။ ကျွန်စျေးတွင် အရောင်းခံခဲ့ရသည်။ မိခင်မွန်ခဒီဂျာဟ် သခင်မကြီးထံသို့ ရောက်လာခဲ့ပြီး မိခင်မွန်ကြီးက ချစ်နဗီထံ ဆက်သခဲ့လေသည်။ ကြီးပြင်းလာလေသောအခါ သတင်းရသဖြင့် ဘခင်နှင့်ဦးလေးတို့ လိုက်လာခဲ့ကြပြီး ငွေပေး၍ရွေးလေရာ ချစ်နဗီက (ငွေမလို သူ သဘောတူလျှင် ပြန်ခေါ်သွားနိုင်ကြောင်း) မိန့်ခဲ့လေ၏။ ဇိုက်ဒ်က (ကိုယ်တော်မှလွဲ၍ မည်သူ့ကိုမှ မနှစ်သက်နိုင်ပါကြောင်း ချစ်နဗီသည် ဘခင်လည်းဟုတ် ဘထွေးလည်းဟုတ်ပါကြောင်း) ပြန်လည်တင်ပြခဲ့လေရာ ဘခင်နှင့် ဘထွေးမှာ စိတ်အလွန်ဆိုးပြီး ကျွန်ဘဝတွင်ပင် နေလိုသလောဟု ပြန်မေးခဲ့လေသည်။

ဇိုက်ဒ်သခင်က(ချစ်နဗီ၌ ကောင်းခြင်းများကို မြင်နေရပေသည်။ ကျွန်ုပ်သည် ဤရစူလ်ထက် မည်သူ့ကိုမှ မနှစ်သက်ပါ)ဟု ပြန်လည်ဖြေခဲ့လေသော် ချစ်နဗီမှာ ဝမ်းမြောက်တော်မူသဖြင့် ဇိုက်ဒ်သခင်ကို ပွေ့ဖက်ပြီး သားအဖြစ်မွေးစားကြောင်း မိန့်တော်မူလေသည်။ ဘခင်နှင့် ဘထွေးတို့မှာလည်း ကျေနပ်လျက် ပြန်သွားခဲ့ကြလေ၏။

ဤကဲ့သို့ ချစ်သူဝိုင်းဝိုင်းလည်နေသော ချစ်နဗီနှင့် တပည့်များ၏ အံ့ဖွယ်ဆက်ဆံရေးနှင့် စပ်လျဉ်းပြီး ဟုဒိုင်ဗီယာစာချုပ်ချုပ်ဆိုစဉ် အချိန်ကာလက ကာဖွရ်တို့ဘက်မှ သံတမန်ဖြစ်သူ အုရ်ဝါဟ် ဗင်နှ

မတ်စ်အူးဒ်က မက္ကာဟ်မြို့သားကာဖွရ်များအား ပြန်လည်ပြောပြခဲ့သည်မှာ (အို-လူတို့ ကျွန်ုပ်သည် ရောမ၊ ပါရှားနှင့် အဘီစီးနီးယားနိုင်ငံ၏ ဘုရင်များထံ အခစားဝင်ဖူးပါသည်။ သို့သော် မုဟမ္မဒ်(ﷺ) အား ၎င်း၏ အဖော်များ(စွဟာဘာများ) ကြည်ညိုကြသကဲ့သို့ကား မည်သည့် ဘုရင်ထံပါးတွင်မှ မတွေ့ခဲ့ရဖူးပေ။ အလ္လာဟ်ကစမ် မုဟမ္မဒ်(ﷺ) တံတွေးကိုပင် မြေတွင်အကျမခံဘဲ လက်နှင့်ယူပြီး မျက်နှာနှင့် ကိုယ်ခန္ဓာတို့အပေါ်ဝယ် သုတ်လိမ်းလိုက်ကြသည်ကို ကျွန်ုပ်အံ့သြစွာ တွေ့မြင်ခဲ့ရလေသည်။ မုဟမ္မဒ်(ﷺ)က စကား ပြောဆိုလျှင် အသံဗလံ များတိုးတိတ်သွားလေ၏။ ရိုသေလွန်းအားကြီး သောကြောင့် မျက်လုံးချင်းပင် ယှဉ်၍မကြည့်ဝံ့ကြပေ။)ဟု အံ့သြခြင်းကြီးစွာဖြင့် ပြန်လည်ပြောပြခဲ့လေသည်။

အို-စာရှူသူ 'အချိန်' ဟူသည့်ရထားကြီးသည် နေ့ကိုကျော်လျက် ညကိုဖြတ်ကာ အာခေရသ်တမလွန်သို့ မောင်းနှင်သွားလျက် ရှိနေပါသည်။ တစ်နေ့ထက်တစ်နေ့မှာ ဤဒွန္ဒယာနှင့်ဝေး၍ ဝေး၍ သွားပြီး တမလွန်အာခေရတ်နှင့်ကား ပိုပြီးနီး၍လာလေပြီ။ ယမန်နေ့က ဒွန္ဒယာနှင့်နီးခဲ့သမျှ ယနေ့မှာမူ အာခေရတ်နှင့် နီးကပ်၍ သွားလေပြီ။ သင်သည်ကား ထိုခရီးသွားဇည့်သည်သာလျှင်ဖြစ်၍ (မောက်သ်) ဟူသော သေခြင်းတရား ဆိုက်ရောက်လာသည်နှင့် တမလွန် အာခေရတ်၏ ပထမစခန်းဖြစ်သော ကဗရ်သချိုင်းနှင့် တွေ့ဆုံရပေတော့မည်။ ၆ ပေ၊ ၂

ပေ ကျင်းအတွင်း သက်ဆင်းရသည့်ကာလ၊ အဖော်မပါသော ခရီးအစ ဖြစ်ကြောင်း ကောင်းစွာနားလည်ပြီး တန်ဘိုးရှိလှသော မိမိသက်တမ်း ၏ 'အချိန်'များကို တန်ဘိုးရှိသည့်နေရာ၊ လုပ်ငန်းစဉ်များတွင်သာ အသုံးချပါလေ။

နောင်အာခေရတ်တွင် နှောင်းနောင်တများနှင့် ပျက်စီးဆုံးရှုံး နစ်နာမှုများကို မကြုံဆုံကြစေရန်အတွက် ယခုအချိန်သည် ရှိနေပေ သေး၏။ မသေခင်ပြစ်မှုများအပေါ်တွင် တောင်ဗာဟ်ပြုပြီး အမလ် အေဘာဒတ်များကို ပြုလုပ်ဆောက်တည် ကြိုးပမ်းကြပါလေ။

အိုး-စာရှူသူ ကျွန်ုပ်တို့မှာ နေ့စဉ်နှင့်အမျှ ပြင်ပခန္ဓာကိုယ်၏ သန့်ရှင်းလှပရေး၊ ကြည့်ပျော်ရွှင်ပျော်ဖြစ်ရေးအား မည်သို့ဂရုစိုက်လျက် လုပ်ဆောင်ကြိုးပမ်းနေကြပါသနည်း။ ဤကဲ့သို့ပင် အတွင်းစိတ်ဓာတ် ကိုလည်း သန့်စင်လှပစေရန်အတွက် နှလုံးသားအညစ်အကြေးများ ဖြစ်သော လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ တဏှာရာဂနှင့် မနာလို ဟစဒ်စိတ်များကိုလည်း ဖယ်ရှားသန့်စင်ကြရမည်မှာ အမှန်ပင် ဖြစ်လေ ၏။

အလ္လာဟ်အရှင်မြတ်က ...

"**အကြင်သူသည် မိမိ၏စိတ်ကို သန့်ရှင်းဖြူစင်စွာထားအံ့ ထိုသူ အမှန်ပင်အောင်မြင်ပြီ၊ အကြင်သူသည် မိမိ၏စိတ်ကို ညစ်ညမ်းစေအံ့ ထိုသူအမှန်ပင်ဆုံးရှုံးပြီ။**" (၉၁ : ၉-၁၀) ဟု ဗျာဒိတ်တော်မူထားလေရာ

ဤသည်ကိုလည်း ချစ်နဗီ၏တပည့်တော်များက နောင်လာနောက်သား အမွှမ်တိုအား မီးမောင်းထိုးပြသည့်အလား မိမိတို့၏သက်တမ်းဝယ် (အတွင်းအပြင်)စံပြနေထိုင်ကျင့်ကြံ သွားခဲ့ကြလေပြီ။ အမွှသ်အား ကြယ်တာရာများပမာ အလင်းရောင်ပေးလျက် လမ်းပြသွားခဲ့ကြပေပြီ။ ကျွန်ုပ်တို့မှာလည်း ထိုသခင်၊ သခင်မကြီးများကို စံပြုလျက် (အတွင်း အပြင်)သန့်စင်မှုကို ပြုကြရပေမည်။ သို့မှသာလျှင် ဒွန္ဒယာ၊ အာခေရတ် (၂)ဌာနတွင် အောင်မြင်မှု ရရှိကြမည်ဖြစ်လေ၏။

ထို့ကြောင့်ပင် သာသနာ့အသိတရားများကို ရှာဖွေဆည်းပူး လျက် မိမိကိုယ်တိုင် ပြုပြင်ကြိုးပမ်းကြရမည်မှာ မိမိတို့၏တာဝန်သာ လျှင် ဖြစ်ပါလေ၏။ လူတိုင်းမှာ ကိုယ့်ဝန်ကိုယ်ထမ်း၍ ကိုယ့်လမ်း ကိုယ်လျှောက်ကြရပေမည်။ နောင်အာခေရတ်တွင်လည်း ကိုယ့်အဖြစ် နှင့် ကိုယ်သာ ခံစား၊ စံစားကြရပေမည်။

အို-စာရှသူ မိမိကိုယ်ကို အမှန်တကယ် သနား၍ အမှန်တကယ် ချစ်မြတ်နိုးကြပါလျှင် ဒွန္ဒယာတည်းဟူသော မှေလျော့မှု၏ ပင်လယ်ပြင် ၌ မနစ်မွန်းမိပါစေနှင့်။

မိခင်မွန် အာအွေ့ရှာဟ် သခင်မကြီးထံတွင်ရှိသော ဂုဏ်ရည် ထူးများမှာ သာသနာ့ပညာဗဟုသုတကြွယ်ဝမှု ပညာရပ်များအား တစ်ဆင့်လက်ကမ်းဖြန့်ဝေပေးနိုင်မှုနှင့် ချစ်နဗီ၏ သွန်သင်ဆုံးမမှုတို့ အား အများမွတ်စလင်မ်တို့၏ထံသို့ တစ်ဆင့်ပြန်လည် ပို့ချနိုင်မှု၊

အစရှိသော အရည်အချင်းများသည်ကား မိခင်မွန်သခင်မကြီး၏ လွမ်းဆွတ်ဖွယ်ရာ သူမတူသည့် ဂုဏ်ရည်ထူးများသာလျှင် ဖြစ်ပါ၏။ ချစ်နဗီသခင်ကိုယ်တော်တိုင်ပင် မိခင်မွန် အာအေ့ရှာဟ်သခင်မနှင့် ပတ်သက်၍ ...

"**အမျိုးသမီးတို့တွင် အာအေ့ရှာဟ်၏ မြင့်မြတ်မှုသည်ကား ဟင်းရည် လူးထားသောမုန့်သည် သာမန်မုန့်ထက်ပိုမို၍ အရသာရှိသကဲ့သို့ ဖြစ်သည်။**'" ဟုအမိန့်တော်ရှိခဲ့ပါကြောင်း အဘူမူစာအရှ်အရီက ဆင့်ပြန်ခဲ့လေသည်။

ကမ္ဘာ့သာသနာ့ပညာရှင်အများစုကမူ ...

မိခင်မွန် ခဒီဂျာဟ် သခင်မ၊ မိခင်မွန် အာအေရှာဟ် သခင်မနှင့် သမီးတော် ဖာတေမာဟ် သခင်မတို့သည် ထူးကဲမြင့်မြတ်လှစွာသော အမျိုးသမီးများဖြစ်ကြောင်း၊ ထိုအမျိုးသမီး(၃)ပါးတို့၏ ထူးကဲမွန်မြတ်မှုများမှာ တစ်ပါးနှင့်တစ်ပါး မတူညီကြကြောင်း သုံးသပ်တင်ပြကြ လေသည်။

ဤသို့ဖြင့် ***လွမ်းစရာလေးများ*** စာစဉ်အား မိခင်မွန်အာအေရှာဟ် သခင်မကြီး၏ ဂုဏ်ရည်ထူးများကို တင်ပြခြင်းအားဖြင့် နိဂုံးကမ္ဘတ် အဆုံးသတ်အပ်ပါသည်။

အို-စာရှုသူ ချစ်နဗီဇ၏တပည့်တော် စွဟာဘီ၊ စွဟာဗီယာများမှာ ဤကဲ့သို့ ဒီးန်(သာသနာ)ကို လေးစားကြ၍ ဒီးန်ကို သင်ယူကြပြီး ဒီးန်ကို လိုက်နာကျင့်သုံး၊ ကြိုးပမ်းခဲ့ကြခြင်းကြောင့် ၎င်းတို့သည် ဒီးန်အတွက်

- **သက်တမ်း၏အချိန်များကိုလည်း စတေးနိုင်ခဲ့ကြ၏။**
- **ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကိုလည်း စတေးနိုင်ခဲ့ကြ၏။**
- **ရင်နှစ်သည်းချာ သားသမီးရတနာများကိုလည်း စတေးနိုင်ခဲ့ကြ၏။**
- **အဆုံးစွန်၌ မိမိတို့၏အသက်ကိုပင် စတေးနိုင်ခဲ့ကြလေသည်။**

ကျွန်ုပ်တို့သည်လည်း ဒီးန်ကို လေးစား၊ ဒီးန်ကိုသင်ယူ၊ ဒီးန်၏ အပေါ်တွင် လိုက်နာကျင့်သုံး ကြိုးပမ်းကြရပေမည်။

အို-စာရှုသူ "လူငယ်တို့သည် မျှော်လင့်ခြင်းဖြင့် ဘဝကို ရှင်သန်ကြလျက်၊ လူကြီး(သက်ကြီးရွယ်အို)တို့မှာ ပြန်လည်တမ်းတ၊ သတိရခြင်းဖြင့်ဘဝကို ရှင်သန်ကြသည်"ဟု ဆိုရာဝယ် -

လူငယ်တို့ မျှော်လင့်ခြင်းမျှော်လင့်ကြပါလျှင် ...

လူကြီးတို့ သတိရခြင်းသတိရကြပါလျှင် ...

တမ်းတခြင်းတမ်းတကြပါလျှင် ...

လွမ်းဆွတ်ခြင်းလွမ်းဆွတ်ကြပါလျှင် ...

ရွှေခေတ်မှ ဘဝ၏ရွှေဆောင်စံပြ မဟာလူသား ချစ်နဗီဇ၏ တပည့်တော် စွဟာဘီ၊ စွဟာဗီယာများ၏ လွမ်းဆွတ်ဖွယ်ရာ ကောင်း

သော စံပြု၊ အတုယူဖွယ်ရာ ဘဝသက်တမ်း တို့ကိုသာလျှင် ပြန်လည်မျှော်လင့်၍ သတိရ၊ တမ်းတ၊ လွမ်းဆွတ်ကြရန် သင့်လှပါကြောင်း သတင်းကောင်းအား ညွှန်ကြားသိစေအပ်ပါသည်။

နှလုံးသားရှိသောလူသားတိုင်းတွင် ခံစားချက်တို့သည် ရှိလေ၏။ ထိုခံစားချက်များမှပင် “အလွမ်း” ဟူသည် ပေါက်ဖွားလာခဲ့ရလေသည်။

လွမ်းတတ်ကြသော အီမာန်ရှင်များအတွက် ...

ရွှေခေတ်မှ လွမ်းစရာလေးများ ကို ရှာဖွေရေးသား တင်ဆက်ခဲ့ရပေသည်။

အို-စာရှူသူ ...

သင်လွမ်းတတ်လျှင် ဤစာစဉ်အား

လမ်းမှန်ရွေး၍ တတ်သိစေရာ

အလွမ်းပြေလေး ဖတ်ကြည့်ပါ။

စေတနာမွန်ဖြင့်-

ချမ်းမြေ့ကြည်သာ (သာစည်)

လဲပြိုသွားသော ကလောင်တစ်ချောင်း

❖ ခံစားချက်တွေအတွက်
စကားလုံးတွေထုဆစ်
လမ်းမှန်တရားကို
မှင်ရည်တွေနဲ့ဖောက်ခဲ့သူ...
ကလောင်ကိုသွေး
ဘာသွိလ်တွေဝေးဖို့
စစ်တလင်းမှာ
ထီမထင်လို့နွံခဲ့သူ....

❖ ငါတို့ရဲ့ဥယျာဉ်ကြီးကိုစောင့်ရှောက်
ဝိညာဉ်မျိုးစေ့တွေအတွက်
တစ်နှိုင်တစ်ပိုင်
ပေါင်းသင်ပေးခဲ့သူ...
ရင်ထဲကသောကတွေ
မျက်ဝန်းအစုံမှညှစ်ချ
အရှင့်ထံဝပ်တွားရင်း
တောင်းဆုတွေခြွေ
ငြိမ်းအေးမှုတွေဝေစေခဲ့သူ....

❖ အကြင်နာလက်ကိုကမ်းလှမ်
နွေခေါင်ခေါင်နှလုံးသားတွေကို

သမုဒ္ဒယ အနမ်းပွင့်တွေရွာခဲ့သူ...
ယုံကြည်ခြင်းအစစ်
မျှော်လင့်ခြင်းအပြည့်နဲ့
တည်ဆောက်ထားတဲ့
ကလောင်တစ်ချောင်းပြိုလဲခဲ့ရပြီ။...

❖ သူဆုံးတဲ့သတင်း
ငါ့ဝိညာဉ်ကိုဆွဲထုတ်တယ်။
ပါးပြင်တွေပူနွေးလာမှ
ငါပြန်ရလိုက်တယ်။
လောကရဲ့ဝေဒနာ
မိစ္ဆာရဲ့မာယာတွေကြား
'ဝိမုတ္တိ'အသီးကို
ငါတို့ထက်အရင်
နမ်းရှိုက်သွားခဲ့တာပဲ။...

❖ လက်တွေ့မှာကြွေလွင့်သွားလည်း
ရနံ့တို့ လွင့်မပြယ်ခဲ့ပါ။
ဒီရနံ့တွေရဲ့ အဆုံးမှာ
သူ့ကိုပြန်ပြန်တွေ့မိတယ်။
ပွဲတင်လှိုက်ဖို ရင်အစုံမှာလည်း
တောင်းဆုတွေ အခါခါခြွေမိတယ်။

❖ အိုအရှင်ရယ်....
အတွေ့အကြုံတွေ
ထပ်အသုံးမဝင်မယ့်နေ့မှာ
သူမကို နောင်တတွေမှ ကင်းစင်စေပါ။
၂.၂.၂၀၁၃(နေ့တွင်ကွယ်လွန်သွားသော
စာရေးဆရာမ ချမ်းမြေ့ကြည်သာ သို့ ....

မုဟမ္မဒ်အိုကာရှား(အဖျောက် - အလ်ကောင်ဆရီ)

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

နှလုံးသားရှိသော သူတိုင်းတွင်

ခံစားချက်တို့သည် ရှိလေ၏။ ထိုခံစားချက်တို့မှပင်

'အလွမ်း'ဟူသည် ပေါက်ဖွားလာခဲ့ရလေသည်။

လွမ်းတတ်သော လူသားတိုင်းအတွက်

ဤ **လွမ်းစရာလေးများ** စာစဉ်ကို ရေးသား ပြုစုတင်ဆက်

လိုက်ရပေသည်။

အို-စာရှုသူ ...

သင်လွမ်းတတ်လျှင် ဤစာစဉ်အား

လမ်းမှန်ရွေး၍ တတ်သိစေရာ

အလွမ်းပြေလေးဖတ်ကြည့်ပါ။

စေတနာမွန်ဖြင့်

ချမ်းမြေ့မြကြည်သာ(သာစည်)